# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၈ ခုနှစ် ၊ ပထမဝါဆိုလဆန်း (၁၀)ရက် ၊ ဗုဒ္ဓဟူးနေ့ ၊ (24-6-2026) ၊ အတွဲ (၃၅) ၊ အမှတ် (၀၅၅)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား

## မိမိတို့နိုင်ငံတွင် မြေပေါ်မြေအောက်သယံဇာတများ၊ အရင်းအမြစ်ကောင်းများစွာကို ပိုင်ဆိုင်ထားပြီးဖြစ်ပြီး လိုအပ်နေသည်မှာ အလုပ်လုပ်နိုင်ရန်နှင့် အလုပ်လုပ်ချင်စိတ်ရှိရန်ဖြစ်ပြီး အမှန်တကယ်အလုပ်လုပ်ရန်လို





နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ပြည်ထောင်စု အစိုးရအဖွဲ့ အစည်းအဝေးတွင် အမှာစကား ပြောကြားစဉ်။

**နေပြည်တော်　ဇွန်　၂၃**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံးတော် ပြည်ထောင်စု အစိုးရအဖွဲ့အစည်းအဝေးခန်းမ၌ ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တက်ရောက်အမှာစကား ပြောကြားသည်။

အစည်းအဝေးသို့ ဒုတိယသမ္မတများ ဖြစ်ကြသည့် ဦးညိုစောနှင့်ဒေါ်နန်းနီနီအေး၊ ပြည်ထောင်စုဝန်ကြီးများနှင့် နေပြည်တော် ကောင်စီဥက္ကဋ္ဌတို့ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက

**စာမျက်နှာ ၁၆ ကော်လံ ၁**

## ကမ္ဘာ့ MSME နေ့ (World MSME Day) ကျင်းပမည်

**နေပြည်တော်　ဇွန်　၂၃**

ကမ္ဘာတစ်ဝန်း၌ အလုပ်အကိုင်ဖန်တီးခြင်း၊ ဆင်းရဲမှုလျော့ချခြင်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်စေခြင်းတို့၌ အဓိက မောင်းနှင်အားဖြစ်သော MSME များ၏ အရေးပါမှုကို အသိအမှတ်ပြုရန်အတွက် ကုလသမဂ္ဂအထွေထွေညီလာခံ၏ ဆုံးဖြတ်ချက်အရ ဇွန် ၂၇ ရက်ကို “ကမ္ဘာ့ MSME နေ့”အဖြစ် ၂၀၁၇ ခုနှစ်မှ စတင်ကာ နှစ်စဉ်ကျင်းပခဲ့ကြသည်။

ယခုနှစ် ဇွန် ၂၇ ရက်တွင် ကျရောက်မည့် ၁၀ ကြိမ်မြောက်အခမ်းအနား "The Future Generation of MSMEs" (အနာဂတ် မျိုးဆက်သစ် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ)ဆိုသည်မှာ နည်းပညာတစ်ဟုန်ထိုးတိုးတက်လာသည့်ခေတ်တွင် ရေရှည်တည်တံ့ပြီး လူသားဗဟိုပြုသော စီးပွားရေးပုံစံသစ်သို့ ကူးပြောင်းခြင်းဖြစ်ပြီး လက်ရှိနည်းပညာနှင့် ဉာဏ်ရည်တု(AI)ခေတ်အတွင်း မျိုးဆက်သစ်စီးပွားရေးလုပ်ငန်းရှင်များ၏ အခန်းကဏ္ဍကို အဓိကဦးတည်ထားရှိသည်။

စက်မှုနှင့် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာနအနေဖြင့် “ကမ္ဘာ့ MSME နေ့(World MSME Day) အခမ်းအနား”ကို

**စာမျက်နှာ ၁၇ ကော်လံ ၁**

## တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယ ပုံမှန်အစည်းအဝေး ၁၃ ရက်မြောက်နေ့ ကျင်းပ

စာမျက်နှာ - ၁၉

## ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် အစားထိုး ဖြည့်စွက်ကြောင်း ကြေညာ

စာမျက်နှာ - ၂၀



## စစ်ဆင်ရေးနှင့် နယ်မြေလုံခြုံရေးတာဝန်များ ထမ်းဆောင်ခဲ့သည့် အောင်ပွဲရ ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများကို သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆို

ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများကို လွိုင်ကော်တပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ဌာနဆိုင်ရာများ၊ ဒေသခံတိုင်းရင်းသား ပြည်သူများက ဂုဏ်ပြုကြိုဆိုစဉ်။

**နေပြည်တော်　ဇွန်　၂၃**

နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် ဖရူဆို-ဘောလခဲ-ဖားဆောင်း ဒေသများအတွင်း စစ်ဆင်ရေးနှင့် နယ်မြေလုံခြုံရေး တာဝန်များ ထမ်းဆောင်၍ ပြန်လည်ရောက်ရှိလာသော အောင်ပွဲရ ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများ ဂုဏ်ပြုကြိုဆိုခြင်းကို ယနေ့ နေ့လယ်ပိုင်းတွင် ကယားပြည်နယ် ဖရူဆိုမြို့ရှိ

**စာမျက်နှာ ၂၀ ကော်လံ ၄**

ရတနာပုံ
၂၀၂၆ ခုနှစ် ဇွန် ၂၄ ရက်
အယ်ဒီတာ့အာဘော်

# ပြည်သူ့အတွက် တပ်မတော်သားတို့၏ အောင်ပွဲများ

ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် တည်ငြိမ်အေးချမ်းမှုသည် အဓိကကျပြီး တည်ငြိမ်အေးချမ်းမှု မရှိပါက ဒေသတစ်ခုချင်းဆီမှသည် နိုင်ငံတစ်နိုင်ငံလုံးဖွံ့ဖြိုးတိုးတက်ရေးသည် နောက်ကျနေဦးမည်သာ ဖြစ်သည်။ ထို့ကြောင့် တည်ငြိမ်အေးချမ်းမှုမရှိသည့်ဒေသများကို တည်ငြိမ်အေးချမ်းစေရေး၊ တရားဥပဒေ စိုးမိုးမှုရှိစေရေးတို့အတွက် တပ်မတော်စစ်ကြောင်းများက ဆောင်ရွက်လျက်ရှိသည်။

မြန်မာ-အိန္ဒိယနှစ်နိုင်ငံ နယ်စပ်ကုန်သွယ်ရေးအတွက် အရေးပါသည့် လမ်းကြောင်းတစ်ခုဖြစ်သော ကလေး-တမူး လမ်းကြောင်းကို PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များက ယာယီစိုးမိုးပိတ်ဆို့၍ လမ်းကြောင်းတစ်လျှောက် သွားလာနေကြသည့် ကုန်တင်ယာဉ်များနှင့် ခရီးသွားယာဉ်များကို ဆက်ကြေးများကောက်ခံခြင်း၊ လက်နက်အားကိုးဖြင့် ခြိမ်းခြောက်အကျပ်ကိုင်ခြင်း စသည့်အကြမ်းဖက်လုပ်ရပ်များကို လုပ်ဆောင်ခဲ့ကြသည်။

အဆိုပါ ကလေး-တမူး လမ်းကြောင်းကို အပြည့်အဝပြန်လည်ထိန်းချုပ်နိုင်ရေးအတွက် တပ်မတော် စစ်ကြောင်းများခွဲ၍ နယ်မြေလုံခြုံရေးလုပ်ငန်းများကို အဆင့်ဆင့်ဆောင်ရွက်ခဲ့ရာ ကလေးမြို့ဘက်မှ ချီတက်လာသော တပ်မတော်စစ်ကြောင်းများသည် ဇွန် ၇ ရက်တွင် ကလေး-တမူး လမ်းကြောင်းပေါ်ရှိ အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသည့် အရှေ့ခုံသာကျေးရွာ၊ ၅၆ မိုင်ကျေးရွာ၊ ၅၅ မိုင်ကျေးရွာ၊ ထို့နည်းတူပင် တမူးမြို့ဘက်မှ ချီတက်လာသော တပ်မတော်စစ်ကြောင်းများသည် နန်းမွတ်တားကျေးရွာ၊ ရန်လင်းပိုင်ကျေးရွာနှင့် ငှင်းကျေးရွာအနီး နှစ်နိုင်ငံနယ်စပ်ရှိ အကြမ်းဖက်သမားများအခြေချနေထိုင်သည့် စခန်းတို့အပြင် ဇွန် ၁၃ ရက်တွင် ရာဇဂြိုဟ်ကျေးရွာနှင့် ရာဇဂြိုဟ် ရေလှောင်တမံ၊ ဇွန် ၁၅ ရက်တွင် ရန်မျိုးအောင်ကျေးရွာ၊ ဇွန် ၁၆ ရက်တွင် စော်ဘွားရေရှင်ကျေးရွာနှင့် ဇွန် ၁၇ ရက်တွင် ကျွန်းတောရေရှင်ကျေးရွာတို့ကို သိမ်းပိုက်ရရှိခဲ့သည်။

ဆက်လက်၍ ဇွန် ၁၉ ရက်တွင် ကလေးမြို့ဘက်မှ ချီတက်လာသော တပ်မတော်စစ်ကြောင်းများသည် ခွန်နိုင်းကျေးရွာနှင့် နန်းခေါက်ခေါက်ကျေးရွာ၊ ဇွန် ၂၀ ရက်တွင် နန်းကတိတ်ကျေးရွာနှင့် ကလေး-တမူး လမ်းကြောင်းလမ်းပေါ်ရှိ နယ်စပ်ကုန်သွယ်ရေးနှင့် ဆက်သွယ်ရေးအရအရေးပါသည့် ခါမ်းပါတ်မြို့ကို ပြန်လည်ထိန်းချုပ်သိမ်းပိုက်နိုင်ခဲ့သည်။ ခါမ်းပါတ်မြို့သည် စစ်ကိုင်းတိုင်းဒေသကြီး တမူးမြို့နယ်အတွင်း ပါဝင်သည့် မြို့နယ်ခွဲတစ်ခုဖြစ်ပြီး အိန္ဒိယနယ်စပ်အနီး၌တည်ရှိသောကြောင့် ကလေး-တမူးလမ်း ကြောင်းပေါ်ရှိ နှစ်နိုင်ငံနယ်စပ်ကုန်သွယ်ရေးအတွက် အရေးပါသော မြို့တစ်မြို့ဖြစ်သည်။

ခါမ်းပါတ်မြို့ကို PDF များက ၂၀၂၃ ခုနှစ် နိုဝင်ဘာ ၃ ရက်တွင် ယာယီစိုးမိုး၍ မြို့ကို စစ်စခန်းအဖြစ် အခိုင်အမာခံစစ်ဆင်ခဲ့သည့်အပြင် နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းကို ပိတ်ဆို့ခဲ့ရာ နှစ်နိုင်ငံကုန်စည် စီးဆင်းမှုမရှိတော့ဘဲ ဒေသခံပြည်သူများ၏ ပို့ကုန်၊ သွင်းကုန်စီးဆင်းမှု ရပ်တန့်ခဲ့ရပြီး ဒေသတွင်း စားသောက်ကုန်နှင့်လူသုံးကုန်ပစ္စည်းများပြတ်လပ်ကာ ကုန်ဈေးနှုန်းကြီးမြင့်မှုများ ဖြစ်ပေါ်ခဲ့ရသည်။

လက်ရှိတွင် တပ်မတော်စစ်ကြောင်းများသည် ခါမ်းပါတ်မြို့အပါအဝင် ပြန်လည်သိမ်းပိုက်ထိန်းချုပ် ထားသည့် မြို့၊ ရွာများ၌ ဒေသခံပြည်သူများ အမြန်ဆုံးပြန်လည်ဝင်ရောက် နေထိုင်နိုင်ရေးအတွက် သောင်းကျန်းသူများကြောင့် ယိုယွင်းပျက်စီးခဲ့ရသည့် အပျက်အစီးများကို ဖယ်ရှားရှင်းလင်းပေးခြင်း၊ လမ်းတံတားများပြုပြင်ခြင်းနှင့် မိုင်းရှင်းလင်းခြင်းလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ပေး လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝများ ပြန်လည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါ သော ကလေး-တမူးလမ်းကြောင်းကို အမြန်ဆုံးပြန်လည်ထိန်းချုပ်ဖွင့်လှစ်နိုင်ရေးအတွက် တပ်မတော် စစ်ကြောင်းများက အကြမ်းဖက်ချေမှုန်းမှုစစ်ဆင်ရေး (Counter – Terrorism Operation) များဖြင့် အရှိန်အဟုန်မြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိသောကြောင့် တပ်မတော်သားတို့၏ ပြည်သူတို့အတွက် အောင်ပွဲများကို လေးစားဂုဏ်ယူမိပါကြောင်း ရေးသားလိုက်ရပါသည်။

# ချမ်းမြသာစည်မြို့နယ်၌ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ လုပ်ငန်းကော်မတီညှိနှိုင်းအစည်းအဝေး ကျင်းပ

**မန္တလေး ဇွန် ၂၃**

မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေခရိုင် ချမ်းမြသာစည်မြို့နယ်၌ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ လုပ်ငန်းကော်မတီကို ကော်မတီဝင်ကိုးဦးဖြင့် ဖွဲ့စည်းထားပြီး ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇွန် ၂၂ ရက် နံနက်ပိုင်းက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ လုပ်ငန်းကော်မတီအဖွဲ့ အတွင်းရေးမှူး ဒုတိယညွှန်ကြားရေးမှူး ဒေါ်ခိုင်ခိုင်ဦးက ပြီးခဲ့သည့်ကာလအတွင်း ကလေးသူငယ်အခွင့်အရေးများနှင့် စပ်လျဉ်း၍ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ခဲ့မှုအခြေအနေများ၊ ကလေးသူငယ် စောင့်ရှောက်ရေးနှင့် ကာကွယ်ရေးလုပ်ငန်းစဉ်များ အကောင်အထည်ဖော်နိုင်ခဲ့မှုအခြေအနေများနှင့် ဆက်လက်ဆောင်ရွက်မည့် ရှေ့လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာသော လုပ်ငန်းကော်မတီ အဖွဲ့ဝင်များက ကဏ္ဍအလိုက် မေးမြန်းဆွေးနွေးရာ ကော်မတီအဖွဲ့ အတွင်းရေးမှူးက ပြန်လည်ဆွေးနွေးပေးခဲ့သည်။

အဆိုပါ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ ခရိုင်လူမှုဝန်ထမ်းဦးစီးဌာန ကော်မတီအဖွဲ့ အတွင်းရေးမှူး ဒုတိယညွှန်ကြားရေးမှူး ဒေါ်ခိုင်ခိုင်ဦး၊ အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ခင်ဆွေဝင်း၊ ကော်မတီအဖွဲ့ဝင် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် လူမှုကူညီရေးအသင်းအဖွဲ့များ တက်ရောက်ခဲ့ကြောင်း သိရသည်။

**အလင်းသစ်**

# ရွှေဘိုမြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော နှမ်းဧကအားလုံးရာနှုန်းပြည့်ရိတ်သိမ်းပြီးစီး



**ရွှေဘို ဇွန် ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ရွှေဘိုမြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော နှမ်းဧကအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ရွှေဘိုမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ရွှေဘိုမြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၁၀၆၅၉ ဧကထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးထားသော နှမ်းစိုက်ခင်းများကို ယခုနှစ် မေလပထမပတ်မှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ဧကအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၁၀ ဒသမ ၉၄ တင်းထွက်ရှိကြောင်း သိရသည်။

"ဒီနှစ် နွေသီးနှံစိုက်ပျိုးရာသီ ရွှေဘိုမြို့နယ်မှာ နှမ်း ၁၀၆၅၉ ဧက စိုက်ပျိုးထားပါတယ်။ အဲဒီ စိုက်ပျိုးထားတဲ့ နှမ်းစိုက်ခင်းတွေ လက်ရှိမှာတော့ ဧကအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ နှမ်းစိုက်ဧကတိုးချဲ့စိုက်ပျိုးနိုင်ဖို့၊ အထွက်နှုန်းကောင်းမွန်ဖို့၊ GAP နည်းနစ်တွေနဲ့ စိုက်ပျိုးဖို့ အတွက်လဲ ဆောင်ရွက်ပေးခဲ့ပါတယ်"ဟု ရွှေဘိုမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဆန်းဦးက ပြောပြသည်။

ယခုနှစ် ရွှေဘိုမြို့နယ်တွင် နှမ်းစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက နှမ်းတိုးချဲ့စိုက်ပျိုးနိုင်ရေး၊ GAP နည်းစနစ်များဖြင့် စိုက်ပျိုးနိုင်ရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်သည့်မျိုးများ စိုက်ပျိုးနိုင်ရေးအတွက် အသိပညာပေးခဲ့ကြောင်း သိရသည်။

နှမ်းကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှုဖူလုံနိုင်မည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာနိုင်မည်ဖြစ်ရာ နှမ်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း မြို့နယ်ဦးစီးမှူး ဦးဆန်းဦးက ပြောပြ၍ သိရသည်။

(၂၀၆)

# သာပေါင်းမြို့နယ်တွင် ပေါ်ဆန်းဆန်များ အရောင်းအဝယ်ကောင်းမွန်နေ



**သာပေါင်း ဇွန် ၂၃**

ဧရာဝတီတိုင်းဒေသကြီး သာပေါင်းမြို့နယ်တွင် ပေါ်ဆန်းဆန်များ အရောင်းအဝယ်ကောင်းမွန်နေကြောင်း သာပေါင်းမြို့နယ် ဆန်စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်သူဇာဝင်းက ပြောပြ၍ သိရသည်။

သာပေါင်းမြို့နယ်တွင် ယခုနှစ် ဇွန်လ ဒုတိယပတ်မှ စတင်ပြီး ယနေ့တိုင် ဒေသထွက် ပေါ်ဆန်းဆန်များ အဝယ်လိုက်လာပြီး အရောင်းအဝယ်ကောင်းမွန်နေကြောင်း၊ အဆိုပါပေါ်ဆန်းဆန်များ တစ်ရက်လျှင် ၂၄ ပြည်ဝင်အိတ်ရေ ၁၀၀၀ ကျော် အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

"ပေါ်ဆန်းဆန်အမျိုးအစားက အခြားဆန်တွေထက် တော်တော်လေး အရောင်းအဝယ်ဖြစ်လာပါတယ်။ ပြည်တွင်းစားသုံးမှုအားကောင်းလာတာကြောင့် အခုလို အရောင်းအဝယ်ကောင်းလာတာပါ။ လက်ရှိ အရောင်းအဝယ်ကောင်းနေတဲ့ ပေါ်ဆန်းဆန်တွေက လက်ကျန်ဆန်အဟောင်းတွေပါ။ လက်ရှိဒေသထွက် ပေါ်ဆန်းဆန်တွေကို ဒေသဈေးကွက်အပြင် ရန်ကုန်ဈေးကွက်ဘက်ကပါ ဝယ်ယူမှုအားကောင်းလာတာပါ။ အခုလို ပေါ်ဆန်းဆန်တွေ အရောင်းအဝယ်ကောင်းလာတော့ ဆန်စပါးလုပ်ငန်းနဲ့ဆက်စပ်သူတွေ အလုပ်အကိုင် အခွင့်အလမ်းရရှိလာတာတွေ့ရပါတယ်"ဟု သာပေါင်းမြို့နယ် ဆန်စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်သူဇာဝင်းက ပြောပြသည်။

သာပေါင်းမြို့နယ်တွင် အရောင်းအဝယ် ကောင်းမွန်နေသည့် ပေါ်ဆန်းဆန်များကို ဝယ်ယူသည့် ဒေသများသို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ အဆိုပါ ပေါ်ဆန်းဆန် ၂၄ ပြည်ဝင်တစ်အိတ်လျှင်ငွေကျပ် ၁၄၀၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၀၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊ E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဓေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# တိုင်းဒေသကြီးနှင့် ပြည်နယ် ဘော်လီဘောပြိုင်ပွဲတွင် ပထမတံခွန်စိုက်ဆုဖလားရရှိခဲ့သည့် အမျိုးသားဘော်လီဘောအသင်းနှင့် ဒုတိယဆုရရှိခဲ့သည့် အမျိုးသမီးဘော်လီဘောအသင်းတို့ကို ကြိုဆိုဂုဏ်ပြုပွဲအခမ်းအနားကျင်းပ




မန္တလေး ဇွန် ၂၃

၂၀၂၄ ခုနှစ် တိုင်းဒေသကြီး နှင့်ပြည်နယ် ဘော်လီဘောပြိုင်ပွဲ တွင် ပထမတံခွန်စိုက်ဆုဖလား ရရှိခဲ့သည့် မန္တလေးတိုင်းဒေသကြီး အမျိုးသား ဘော်လီဘောအသင်း နှင့် ဒုတိယဆုရရှိခဲ့သည့် အမျိုးသမီး ဘော်လီဘောအသင်းတို့ကို ကြိုဆိုဂုဏ်ပြုပွဲအခမ်းအနားကို ဇွန် ၂၂ ရက် မွန်းလွဲပိုင်းက မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားသို့ မန္တလေး တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများ၊ တိုင်းဒေသကြီးဘော်လီဘောဆပ်ကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ အုပ်ချုပ်သူနည်းပြများ၊ အောင်ပွဲရ အားကစားသမားများ နှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြပြီး အောင်ပွဲရမန္တလေး တိုင်းဒေသကြီး ဘော်လီဘော အသင်းမှ အဖွဲ့ခေါင်းဆောင်၊ အုပ်ချုပ်သူ၊ နည်းပြ၊ ကစားသမားများက တစ်ဦးချင်းမိတ်ဆက်ခဲ့ကြကြောင်း သိရသည်။

ဆက်လက်၍ မန္တလေး တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်က ၂၀၂၄ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် ဘော်လီဘောပြိုင်ပွဲတွင် ပထမတံခွန် စိုက်ဆုဖလားရရှိခဲ့သည့် မန္တလေး တိုင်းဒေသကြီးအမျိုးသားဘော်လီ ဘောအသင်းနှင့် ဒုတိယဆုရရှိခဲ့ သည့် အမျိုးသမီးဘော်လီဘော အသင်းတို့ကို တိုင်းဒေသကြီး ဂုဏ်ဆောင်နိုင်ခဲ့သည့်အပေါ် ဂုဏ်ပြုစကားများပြောကြားခဲ့ကြောင်း သိရသည်။

ထို့နောက် မန္တလေး တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်ထံသို့ ပထမတံခွန် စိုက်ဆုဖလားရရှိခဲ့သည့် အမျိုး သား ဘော်လီဘောအသင်းမှ တာဝန်ရှိသူများက ပထမတံခွန် စိုက်ဆုဖလားကို အပ်နှံခဲ့ပြီး နောက် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်က အောင်ပွဲရအသင်းများကို ဂုဏ်ပြု ဆုငွေများချီးမြှင့်ခဲ့ပြီး တိုင်းဒေသ ကြီး အမျိုးသားဘော်လီဘော အသင်းမှ အုပ်ချုပ်သူက ပြိုင်ပွဲ အတွေ့အကြုံများနှင့် ကျေးဇူး တင်စကားများကို ပြောကြားခဲ့ ကြောင်း သတင်းရရှိသည်။

မျိုးကျော်

# ချမ်းအေးသာစံမြို့နယ်တွင် ရပ်ရွာဒေသဖွံ့ဖြိုးတိုးတက်ရေး ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းကျင်းပ

မန္တလေး ဇွန် ၂၃

နိုင်ငံတော်အစိုးရ၏ရက်(၁၀၀) စီမံချက်ဖြင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ပြည်သူလူထု၏ စည်းစားတွေးခေါ် မှုများမြင့်မားလာစေပြီး ဆွေးနွေး ပွဲများတွင် ပါဝင်ဆွေးနွေးတတ် သည့် အလေ့အကျင့်ကောင်းများ ဖြစ်ပေါ်လာစေရန် ရည်ရွယ်၍ ရပ်ရွာဒေသ ဖွံ့ဖြိုးတိုးတက်ရေး ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်း ကို ချမ်းအေးသာစံမြို့နယ် ကန်ကောက်ရပ်ကွက်ရှိ ဝါခင်း ကုန်းဘုရားဓမ္မာရုံအတွင်း၌ ဇွန် ၂၂ ရက် နံနက်ပိုင်းက ကျင်းပခဲ့ ကြောင်း သိရသည်။

ရှေးဦးစွာ ချမ်းအေးသာစံ မြို့နယ် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးထွန်းထွန်းဝင်းက အမှာစကား ပြောကြားပြီး မန္တလေးတိုင်းဒေသ ကြီး ပြန်ကြားရေးနှင့် ပြည်သူ့ ဆက်ဆံရေးဦးစီးဌာန ညွှန်ကြား ရေးမှူး ဒေါ်ဝေဝေဖြိုးက ပြည်သူ့ စကားဝိုင်းကျင်းပရခြင်း၏ ရည် ရွယ်ချက်များကို ရှင်းလင်းပြော ကြားခဲ့သည်။



ထို့နောက် ပြည်သူ့စကားဝိုင်း ကျင်းပဆောင်ရွက်ခဲ့ရာ တိုင်း ဒေသကြီး လွှတ်တော်ကိုယ်စား လှယ် ဦးကိုကိုထွေး၊ မန္တလေးတိုင်း ဒေသကြီးပြန်ကြားရေးနှင့်ပြည်သူ့ ဆက်ဆံရေးဦးစီးဌာန ညွှန်ကြား ရေးမှူး ဒေါ်ဝေဝေဖြိုး၊ မြို့တော် စည်ပင်သာယာရေး ကော်မတီ အုပ်ချုပ်ရေးမှူး ဦးဇေယျာငြိမ်း၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီး ဌာနဌာနမှူးဒေါက်တာသီတာဝင်း၊ မြို့နယ်သမဝါယမဦးစီးဌာန ဦးစီး အရာရှိဒေါ်အေးမာငွေးနှင့် မြို့နယ် အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်သက်စုထွန်းတို့က ရပ်ရွာဒေသ ဖွံ့ဖြိုးတိုးတက်ရေး ခေါင်းစဉ်ဖြင့် မြို့နယ်ဖွံ့ဖြိုးတိုး တက်ရေးအတွက် မိမိတို့သက်ဆိုင် ရာကဏ္ဍအလိုက် လုပ်ငန်းဆောင် ရွက်နေမှုများကို ရှင်းလင်းပြော ကြားခဲ့ပြီး တက်ရောက်လာသော ပြည်သူများက သိရှိလိုသည်များ ကို မေးမြန်းခဲ့ကြောင်း သိရသည်။

ချမ်းမြေ့မောင်

# လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မေလအတွင်း ပလာတူးငါးပိဿာချိန် ၄၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

လပွတ္တာ ဇွန် ၂၃

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေး ကွက်သို့ မေလအတွင်း ပလာတူး ငါးပိဿာချိန် ၄၅၀၀၀ ထိ တင်ပို့ ရောင်းချနိုင်ခဲ့ကြောင်း လပွတ္တာ မြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်း ဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်တင်နွယ် က ပြောပြ၍ သိရသည်။

လပွတ္တာမြို့နယ်မှ ရန်ကုန် ဈေးကွက်သို့ ပြီးခဲ့သည့် ဧပြီလ အတွင်း ပလာတူးငါး ပိဿာချိန် ၃၅၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ ပြီး မေလအတွင်း ပလာတူးငါး ပိဿာချိန် ၄၅၀၀၀ ထိ တင်ပို့ ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ ပလာတူးငါးများကို ရန်ကုန်ဈေး ကွက်က ဝယ်ယူမှုအားကောင်းနေ ခြင်းဖြစ်ကြောင်း သိရသည်။

"ပြီးခဲ့တဲ့လထဲမှာ ပလာတူးငါး တွေ ရန်ကုန်ဈေးကွက်ကို ပိဿာ ချိန် ၄၅၀၀၀ ထိ တင်ပို့ရောင်းချ နိုင်ခဲ့ပါတယ်။ အရင်လတွေက ထက် ပိုမိုတင်ပို့ရောင်းချခဲ့ရပါ တယ်။ လပွတ္တာမြို့နယ်ကနေ ရန်ကုန်ဈေးကွက်ကို အခြားရေ ထွက်ကုန်တွေအပြင် ပလာတူးငါး တွေကို တင်ပို့ရောင်းချနေရတော့ ရေလုပ်သားတွေ၊ ပွဲရုံပိုင်ရှင်တွေ အလုပ်အကိုင် အဆင်ပြေနေပါ တယ်"ဟု လပွတ္တာမြို့နယ် ရေထွက်ကုန်ပစ္စည်း ရောင်းဝယ် ရေး ပွဲရုံပိုင်ရှင် ဒေါ်တင်နွယ်က ပြောပြသည်။

လပွတ္တာမြို့နယ်မှ ရန်ကုန် ဈေးကွက်သို့မေလအတွင်း တင်ပို့ ရောင်းချခဲ့သည့် ပလာတူးငါး တစ် ပိဿာလျှင် ငွေကျပ် ၂၁၅၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

ကျော်ကျော်လင်း

# ကျောက်မြောင်းမြို့နယ်ခွဲတွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ လျှော်ဖြူကေအားလုံး ရာနှုန်းပြည့်စိုက်ပျိုးပြီးစီး

ကျောက်မြောင်း ဇွန် ၂၃

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ကျောက်မြောင်းမြို့နယ်ခွဲတွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ လျှော်ဖြူကေ အားလုံး ရာနှုန်းပြည့်စိုက်ပျိုးပြီးစီးပြီဖြစ် ကြောင်း ကျောက်မြောင်းမြို့နယ်ခွဲ စိုက် ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကျောက်မြောင်းမြို့နယ်ခွဲတွင် ယခု နှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ လျှော်ဖြူကေ ၁၀၄၀ စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် မေလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ကေအားလုံး ရာနှုန်းပြည့်စိုက်ပျိုးပြီးစီးပြီ ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ကျောက် မြောင်းမြို့နယ်ခွဲမှာ လျှော်ဖြူကေ ၁၀၄၀ စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့မှာတော့ ကေအားလုံး ရာနှုန်းပြည့်စိုက်ပျိုးပြီးစီးပြီ ဖြစ်ပါတယ်။ လျှော်ဖြူက မြေအမျိုးအစား မရွေးပေါက်ရောက်နိုင်တာကြောင့် လျှော် ဖြူက စီးပွားဖြစ်စိုက်ပျိုးတာ များကြပါ တယ်။ ကျောက်စရစ်ကုန်းလို ဒေသတွေ မှာလဲ အောင်မြင်ဖြစ်ထွန်းတဲ့အတွက် အဲဒီလိုဒေသတွေမှာ လျှော်ဖြူကို တိုးချဲ့ စိုက်ပျိုးလို့ရပါတယ်"ဟု ကျောက်မြောင်း မြို့နယ်ခွဲ စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ပိုက ပြောပြသည်။

လျှော်ဖြူစိုက်တောင်သူများအနေဖြင့် လျှော်ဖြူစိုက်ပျိုးရာတွင် ဓာတုကင်းစင် သည့် GAP နည်းစနစ်ဖြင့် စိုက်ပျိုးရန် စိုက်ပျိုးရေးဦးစီးဌာနက တိုက်တွန်းထား ပြီး GAP နည်းစနစ်ဖြင့် စိုက်ပျိုးသည့် လျှော်ဖြူသည် အရည်အသွေးကောင်းမွန် သဖြင့် ဈေးကွက်ပိုမိုနိုင်မာလာနိုင် ကြောင်း သိရသည်။

လျှော်ဖြူကို အထွက်နှုန်းတိုးတက် ကောင်းမွန်အောင်စိုက်ပျိုးနိုင်ပါက ဒေသ တွင်းသုံးစွဲမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှု စီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် လျှော်ဖြူကို တိုးချဲ့စိုက် ပျိုးနိုင်ရေးကြိုးပမ်းကြရမည်ဖြစ်ကြောင်း ကျောက်မြောင်းမြို့နယ်ခွဲ စိုက်ပျိုးရေး ဦးစီးဌာန ဦးစီးမှူး ဒေါ်ပိုက ပြောပြ၍ သိရသည်။

(၂၀၆)



# ပုဂံကျောက်စာများထဲက စောလူးမင်း

မောင်သာ(ရှေးဟောင်းသုတေသန)

ပုဂံမင်းဆက်တွင် ထင်ရှားသောမင်းတစ်ပါးဖြစ်သည့် စောလူးမင်း (၁၀၇၇-၁၀၈၄) သည် အနော်ရထာမင်း၏ သားတော်ဖြစ်၍ အနော်ရထာနတ်ရွာစံပြီးနောက် ပုဂံထီးနန်းကိုဆက်ခံခဲ့သည်။ စောလူးမင်း၏ ဘွဲ့သည် ဂြိဝဇြာဘရဏ တြိဘုပတိဖြစ်၍ ကျက်သရေရှိသော မိုးကြိုးအရှင် သုံးလူ့သခင်ဟု အဓိပ္ပာယ်ရသည်။

ပုဂံ ပုထိုးသားများဂူဘုရားမှ နှစ်ဖာလုံအကွာတွင် တည်ရှိသည့် မြင်းပြဂူ၌တွေ့ရှိသော မြေပုံဘုရား (အုတ်ခွက်ဘုရား)တွင် စောလူးမင်း၏ ဘွဲ့အမည်ကို မဟာရာဇ ဂြိဝဇြာဘရဏဒေဝဟု နာဂရီအက္ခရာဖြင့် ရေးထိုးထားသည်။ စောလူးမင်း၏ ဘွဲ့အမည်ပါရှိသည့်အုတ်ခွက်ဘုရားများကို မန္တလေးတောင်ပြန်နန်းဦးကျောင်း၊ တကောင်းမြို့၊ ကသာမြို့နယ်အတွင်းရှိ ကမ်းသီတာမြို့ဟောင်းနှင့် မြင်းပြဂူစသည့် နေရာများမှ ရရှိခဲ့သည်။

စောလူးမင်းကို ဝဇြာဘရဏဟုလည်း အတိုကောက်ခေါ်ဆိုကြကာ သက်စိုးတောင်ကျောက်စာတွင် စောလူးမင်း၏အမည်ကို မင်းလုလင်ဟု ရေးထိုးသည်။ စောလူးမင်းကိုဆက်ခံသူသည် ကျန်စစ်သားဟု ထင်ရှားသည့် ထိလိုင်မင်းဖြစ်သည်။

**ပုဂံဘုရင် စောလူးမင်း**

စောလူးမင်းသည် ပုဂံမင်းဆက် ၅၅ ပါးတွင် ၄၃ ပါးမြောက်ဘုရင်ဖြစ်သည်။ စောလူးမင်းသည် စည်းလုံးညီညွတ်သော ပထမမြန်မာနိုင်ငံတော်ဖြစ်သည့် ပုဂံကို တည်ထောင်သူ ခမည်းတော် အနော်ရထာမင်း နတ်ရွာစံပြီးနောက် ခရစ်နှစ် ၁၀၇၇ ခုနှစ် တွင် ပုဂံထီးနန်းကို ဆက်ခံခဲ့သည်။ ဇာတာတော်ပုံ ရာဇဝင်ကျမ်းအရ စောလူးမင်းသည် ၁၀၈၄ ခုနှစ် ထိ နန်းစံခဲ့သည်ဟုသမိုင်းပညာရှင်များက လက်ခံထားကြသည်။

စောလူးမင်း၏ အဘိုးသည် ကွမ်းဆော်ကြောင်ဖြူမင်း(၉၉၁-၁၀၁၃)ဖြစ်သည်။ တွင်းသင်းမဟာရာဇဝင်သစ်တွင် ကွမ်းဆော်၏အဓိပ္ပာယ်ကို ရှင်ဘုရင်အား ကွမ်းတော်ဆက်သူ၊ အခွန်ကောက်ခံသူ၊ ကွမ်းတော်ဆက် အခွန်ကောက်အရာရှိဟု ဖော်ပြသည်။ ကွမ်းဆော်ကြောင်ဖြူမင်းကို တွင်းသင်းမြန်မာရာဇဝင်သစ်တွင် ကျောင်းဖြူမင်းဟု ဖော်ပြ၍ ဦးကုလားမဟာရာဇဝင်တွင် ကြောင်းဖြူမင်းဟု ဖော်ပြသည်။

စောလူးမင်း၏မိခင်သည် တောင်ပြင်သည်မိဖုရားဖြစ်၍ စောလူးမင်းကို ၁၀၄၉ ခုနှစ် ဧပြီ ၁၉ ရက်တွင် မွေးဖွားကြောင်း ပုဂံမင်းဆက်ရာဇဝင်သစ်တွင် ဖော်ပြထားသည်။

မြန်မာရာဇဝင်ကျမ်းများတွင် အနော်ရထာမင်းသည် မိဖုရားလေးပါးရှိကြောင်း ဖော်ပြကြသည်။ တောင်ပြင်သည်၊ ပဉ္စကလျာဏီ၊ သီရိစန္ဒဝတီနှင့် မြောက်ပြင်သည်ဟူသည့် မိဖုရားလေးပါးအနက် တောင်ပြင်သည်မိဖုရားသည် အနော်ရထာ၏ ပထမဆုံး မိဖုရားဖြစ်သကဲ့သို့ မိဖုရားခေါင် အဂ္ဂမဟေသီလည်း ဖြစ်သည်။

အဘိုးနှင့် ခမည်းတော်တို့သည် ပုဂံဘုရင်များဖြစ်ကြသဖြင့် စောလူးမင်းသည် မင်းမျိုးမင်းနွယ်မှ တိုက်ရိုက်ဆင်းသက်သည့် ပုဂံဘုရင်ဖြစ်သည်။ စောလူးမင်းသည် ပုဂံကို ခုနစ်နှစ် ထီးနန်းစံမြန်းအုပ်ချုပ်ခဲ့ပြီး သီရိစန္ဒာဒေဝီနှင့် မဟာဒေဝီ စူဠာမဏိဟူသည့်ထင်ရှားသော မိဖုရားနှစ်ပါးရှိသည်။ စောလူးမင်းသည် သီရိစန္ဒာဒေဝီမိဖုရားနှင့် သားသမီးမထွန်းကားခဲ့ဘဲ မဟာဒေဝီစူဠာမဏိမိဖုရားက သားတော်စောယွန်းကို မွေးဖွားခဲ့သည်။

မွန်ဘာသာဖြင့် ရေးထိုးထားသော စာကြောင်းလေးကြောင်းပါရှိသည့် အုတ်ခွက်ဘုရားတစ်ဆူကို ၁၉၇၄ ခုနှစ်က ရရှိခဲ့သည်။ ထိုစာများ၏ အဓိပ္ပာယ်သည် တြေလောက သိဃ်ဝိဇေယျမင်း၏မယ်တော် ပြုလုပ်လှူဒါန်းသည်ဟုဖြစ်ကြောင်း ဆရာတင်နိုင်တိုးက ရေးသားခဲ့သည်။



မြစ်သားမြို့ ပေတောပရဟိတကျောင်းတိုက်ရှိ စောလူးမင်းကျောက်စာ

တြေလောက သိဃ်ဝိဇေယျသည် စောယွန်း၏ ဘွဲ့တော်ဖြစ်သည်။ အုတ်ခွက်ဘုရားတွင် မိဖုရား မဟာဒေဝီစူဠာမဏိအမည် တိုက်ရိုက်မပါရှိသော်လည်း တြေလောက သိဃ်ဝိဇေယျမင်း၏မယ်တော်ဟု ရေးထိုးထားသဖြင့် မိဖုရားမဟာဒေဝီ စူဠာမဏိဖြစ်ကြောင်း ထင်ရှားနေသည်။ စောယွန်းသည် ကျန်စစ်သားမင်း၏သမီးတော် ရွှေအိမ်စည်နှင့် စုံဖက်ခဲ့သည်။

စောလူးမင်းသည် ၁၀၇၇ ခုနှစ်မှ ၁၀၈၄ ခုနှစ်ထိ နန်းစံခဲ့ပြီး နတ်ရွာစံပြီးချိန်တွင် စောလူးမင်း၏ သားတော်စောယွန်းသည် ပုဂံထီးနန်းကို မဆက်ခံခဲ့ရဘဲ ကျန်စစ်သားက စောလူးမင်းနေရာကိုဆက်ခံခဲ့သည်။ စောလူးမင်း နန်းစံချိန်တွင် သားတော်စောယွန်းကို မိမိအရိုက်အရာအားဆက်ခံရမည့် အိမ်ရှေ့ဥပရာဇာအဖြစ်ခန့်ထားသည့် အထောက်အထားကို မတွေ့ရသဖြင့် စောယွန်းသည် ခမည်းတော်မရှိတော့ချိန်တွင် ခမည်းတော်၏ အရိုက်အရာကို ဆက်ခံခွင့်မရခဲ့ခြင်းဖြစ်နိုင်ဖွယ်ရှိသည်။

စောလူးမင်းနန်းစံခဲ့သည့် နောက်ပိုင်းအချိန်များတွင် ဥဿာပဲခူးကို စားသည့် ငရမန်က ပုန်ကန်ရာမှ နိုင်ငံရေး အခြေအနေများရှုပ်ထွေးခဲ့သည်။ စောလူးမင်းသည် ပုန်ကန်မှုကိုနှိမ်နင်းစဉ် ငရမန်၏ဖမ်းဆီးခြင်းကိုခံရပြီး ကွပ်မျက်ခံရကာ နတ်ရွာစံခဲ့သည်။ ကျန်စစ်သားက စောလူးမင်းကို ကယ်တင်ခဲ့သော်လည်း စောလူးမင်းသည် ကျန်စစ်သားကို အထင်လွဲကာ ကယ်တင်မှုကိုငြင်းဆန်ခဲ့သဖြင့် ငရမန်လက်ဝယ် အနိစ္စရောက်ခဲ့ရသည်။

စောလူးမင်းလက်ထက်တွင် မြင်းပြဂူ၊ တောင်ဘီ (မွန်)ဂူနှင့် ပုထိုးသားများဂူဟူသည့် ဂူဘုရားသုံးဆူကို တည်ခဲ့သည်။ ပုထိုးသားများဂူဘုရားကို စောရဟန်းမင်းတည်ခဲ့သည်ဟု ဆိုကြသော်လည်း ဂူဘုရားအတွင်း၌ တွေ့မြင်ရသည့် နံရံဆေးများ၊ ဇာတကပန်းချီများနှင့် စာများအရ စောလူးမင်းလက်ထက်၊ ခရစ်နှစ် ၁၀၈၀ ပြည့်နှစ်ဝန်းကျင်တွင် တည်ခြင်းဖြစ်နိုင်ကြောင်း သမိုင်းပညာရှင် ဒေါက်တာသန်းထွန်းက ယူဆသည်။

စောလူးမင်း၏ အလှူမှတ်တမ်းများသည် များစွာထင်ရှားခြင်းမရှိခဲ့သော်လည်း နောက်ဆုံးတွေ့ရှိခဲ့သည့် ကျောက်စာတွင် စောလူးမင်းသည် ရှေးက ဘိုးတော်တို့၏အလှူကိုဆက်၍ ရွှေဆင်းတု နှစ်ဆူ၊ ငွေဆင်းတု နှစ်ဆူ၊ မင်းကြီး၏ကိုယ်လုံးတော်နှင့် အရွယ်တူ ဆင်းတုတစ်ဆူ၊ ဆွမ်းတော်တင်၊ ကချေသည်၊ လှည်း ၁၀ စီး၊ နွား ၁၀ ရှဉ်း၊ လယ်ယာမြေ ပယ် ၁၀၀ နှင့် စပါးတင်း ၁၀၀၀ ကို လှူဒါန်းကြောင်း ရေးထိုးခဲ့သည်။

**ကျောက်စာထဲက ပုဂံမင်းဆက် ငါးဆက်**

သက်စိုးတောင်ကျောက်စာဟု ထင်ရှားသည့် ကံကုန်စာချီသမီးကျောက်စာတွင် စောလူးမင်းမှစသည့် ပုဂံ မင်းဆက်ငါးဆက်အမည်များကို တွေ့ရှိရသည်။ ထိုကျောက်စာသည် သက်စိုးတောင်ပေါ်ရှိ ကျောက်စာဂူတွင် တည်ရှိသည်။

ကျောက်စာကို သက္ကရာဇ် ၅၇၃ ခုနှစ် ဝါခေါင်လဆန်း ၉ ရက်တွင် ကံကုန်စာချီသမီးက ရေးထိုးခဲ့သည်။ ကျောက်စာရေးထိုးသူက သူရင်ဆိုင်ခဲ့ရသည့် အမှုသည် မင်းငါးဆက်တိုင်မှ ပြီးပြတ်ခဲ့ပုံကို ရေးထိုးခဲ့ရာ ပုဂံမင်းဆက် ဘုရင်ငါးပါး၏ အမည်များကို မင်းလုလင်၊ ထိလိုင်မင်း၊ သက်တော်ရှည်၊ နရသူနှင့် နရသိခ်ဟုဖော်ပြထားသည်။ ထိုကျောက်စာသည် ဘုရင် ငါးပါးထံသို့ မိမိ၏မြေယာမှုကိုတင်သွင်းခဲ့သည့် ကံကုန်စာချီသမီး၏မှတ်တမ်းဖြစ်၍ စောလူးမင်းဟု ထင်ရှားသည့် မင်းလုလင် အပါအဝင် ပုဂံမင်းများ၏ နန်းတက်နှစ်များမပါသည့်တိုင် ပုဂံမင်းဆက်ဘုရင်များ၏ အထောက်အထားတစ်ရပ် ဖြစ်ပေသည်။

ထိုကျောက်စာ၌ပင် နားတောင်းများမင်း(၁၂၁၁-၁၂၃၁) နန်းတက်သည့်ရက်စွဲကို ရွှေတောင်တက်သကား၊ တော်သလင်းလဆန်း ၁၀ ရက် ကြာသပတေးနေ့ဟု ဖတ်ရှုရသည်။ နားတောင်းများမင်း နန်းတက်သည့်ရက်ကို ဇေယျသွတ်ဘုရားကျောက်စာတွင် သက္ကရာဇ် ၅၇၃ ခုနှစ် အာသိန်နှစ် တော်သလင်းလဆန်း ၁၀ ရက် ကြာသပတေးနေ့တွင် ဥစ္စနာမင်း ရွှေတောင်တက်၏ဟု ရေးထိုးထားသည်။

စောလူးမင်းအမည်ကို မင်းလုလင်ဟု တွေ့ရသကဲ့သို့ စောလူးမင်းအမည်ပါရှိသည့် ကျောက်စာသည် မန္တလေးနန်းတွင်းကျောက်စာရုံတွင် ထိန်းသိမ်းထားသည့် ကျောက်စာတိုင်အမှတ် (၇) ဖြစ်သည်။ ထိုကျောက်စာကို သက္ကရာဇ် ၅၆၂ ခုနှစ်တွင် ရေးထိုးခဲ့ကာ တစ်မျက်နှာထိုးကျောက်စာဖြစ်သည်။ ကျောက်စာ ပထမဆုံးစာကြောင်းတွင် စောလူးမင်း အမည်ပါရှိသဖြင့် ထိုကျောက်စာကိုရေးကူးခဲ့သူ သုတေသန လက်ထောက် ဦးငြိမ်းမောင်က ရှေးဟောင်းမြန်မာ ကျောက်စာများစာအုပ်၊ ဒုတိယတွဲတွင် စောလူးမင်းကြီးကျောက်စာဟု အမည်တပ်ကာ ဖော်ပြထားသည်။

ထိုကျောက်စာ ပထမဆုံးစာကြောင်းတွင် စောလူးမင်းကြီးတည်တော်မူသော သက္ကရာဇ် ၄၄၄ ခုနှစ် မင်းလှူတော်မူသောဟု အစချီထားသည်။ ကျောက်စာတွင် စာကြောင်းရှစ်ကြောင်းသာရေးထိုးထားပြီး စောလူးမင်းကြီးက ဘုရားအား မြေ ၁၀၀ နှင့် လယ်များလှူဒါန်းကြောင်း၊ သက္ကရာဇ် ၅၆၂ ခုနှစ်တွင် စည်သူမင်းလှက မြေများလှူဒါန်းကြောင်းတို့ကို ဖော်ပြထားသည်။ လှူဒါန်းသည့် မြေများရှိသည့် နေရာဒေသများကိုဖော်ပြထားသော်လည်း မည်သည့် ဘုရား၊ မည်သည့်ကျောင်းဟု ဖော်ပြထားခြင်းမရှိချေ။

**နောက်ဆုံးတွေ့ စောလူးမင်းကျောက်စာ**

စောလူးမင်းနှင့် ဆက်နွှယ်သည့် အကြောင်းအရာများသည် ပုဂံကျောက်စာအနည်းငယ်တွင်သာ ပါရှိခဲ့သော်လည်းစောလူးမင်းနောက်ဆုံးရေးထိုးခဲ့သည်ဟု ယူဆရသည့် ကျောက်စာတစ်ချပ်ကို ၂၀၁၃ ခုနှစ် နိုဝင်ဘာ ၄ ရက်တွင် မြစ်သားမြို့ ပေတောပရဟိတကျောင်းတိုက်တွင် တွေ့ရှိခဲ့သည်။

ကျောက်စာကို တွေ့စဉ်က အပိုင်းကျိုး လေးခုဖြစ်သောကြောင့် ထိုအပိုင်းကျိုးများကို ဆက်လိုက်သောအခါ အလျား ၅ ပေ ၉ လက်မ၊ အနံ ၃ ပေ ၆ လက်မနှင့် အောက်ခြေအထု ၇ လက်မ၊ အပေါ်အဖျားပိုင်းအထု ၅ လက်မရှိသည့် ကျောက်စာချပ်ကို ရရှိခဲ့သည်။ ကျောက်စာရေးထိုးထားသည့် ကျောက်ပြားသည် အနက်ရောင်ထုံးကျောက်ဖြစ်၍ မျက်နှာနှစ်ဖက်စလုံးတွင် စာများရေးထိုးထားပြီး ပွဲထွက်နေသည့် အပိုင်းကျိုးကိုမူ မတွေ့ရှိရသေးချေ။

ကျောက်စာကို မျက်နှာနှစ်ဖက် ရေးထိုးထားပြီး ကျောက်စာတစ်ခြမ်းကို မွန်စာဖြင့် ရေးထိုး၍ ကျန်အခြမ်းကို ပျူစာဖြင့်ရေးထိုးထားသည်။ မွန်စာဘက်အခြမ်းတွင်စာကြောင်း ၂၈ ကြောင်းနှင့် ပျူစာဘက်အခြမ်းတွင်စာကြောင်း ၃၃ ကြောင်း ပါရှိသည်။

မွန်စာဘက်အခြမ်းအပေါ်ပိုင်းတွင် စာကြောင်းရှစ်ကြောင်း၊ အလယ်တွင် ၁၃ ကြောင်းနှင့်အောက်ပိုင်းတွင်ခုနစ်ကြောင်း ပါရှိပြီး အပေါ်ဆုံး ငါးကြောင်းကို မဖတ်ရှုနိုင်ခဲ့ချေ။ မွန်ဘက်ခြမ်းကြောင်းရေ ၁၈ တွင်ပါရှိသည့် သက္ကရာဇ်ကို မွန်စာပေပညာရှင် ဦးနိုင်ဘရှင်က ၄၄၁ ခုနှစ်ဟု ပြန်ဆိုပြီး ၄၁၅ ခုနှစ်ဟု ယူဆမှုများလည်းရှိသည်။ ဇာတာတော်ပုံရာဇဝင်တွင် စောလူးမင်းကို ၄၁၁ ခုနှစ်တွင်ဖွားမြင်ကြောင်းပြဆိုထားသဖြင့် ၄၁၅ ခုနှစ်တွင် စောလူးသည် လေးနှစ်အရွယ်သာရှိသေးကြောင်း ထောက်ပြမှုများလည်းရှိသည်။ ထို့အတူ ဦးကုလားမဟာရာဇဝင်ကြီးတွင် စောလူးမင်းသည် ၃၉၇ ခုနှစ်တွင် နန်းတက်ကြောင်းဖော်ပြထားရာ ကျောက်စာပါသက္ကရာဇ်နှင့် စပ်လျဉ်း၍ အငြင်းပွားဖွယ်ရာများဖြစ်လာခဲ့သည်။


မွန်စာဘက်အခြမ်းစာကြောင်း အမှတ် (၇) နှင့် ပျူဘက်ခြမ်း စာကြောင်းအမှတ်(၁)နှင့် (၁၆) တွင် စောလူးမင်း၏ ဘွဲ့အမည်ဖြစ်သည့် ဝဇြာဘရဏဒေဝဟု ပါရှိသဖြင့် ကျောက်စာကို စောလူးမင်းရေးထိုးခဲ့ကြောင်း ဖော်ထုတ်နိုင်ခဲ့သည်။

ကျောက်စာ၏ပျူဘက်အခြမ်းရှိ အပေါ်ပိုင်း ၁၂ ကြောင်းသည် သက္ကတဘာသာ၊ ဒေဝနာဂရီအက္ခရာ၊အလယ် ၁၂ ကြောင်းကို ပါဠိဘာသာ၊ ကဒမ္ဗအက္ခရာ၊ အောက်ပိုင်း ခုနစ်ကြောင်းကို ပျူဘာသာ၊ ပျူအက္ခရာဖြင့် ရေးထိုးထားသည်။ ကျန်စာကြောင်းနှစ်ကြောင်းသည် ဂျွမ်းဘာသာစကားများဖြစ်ကြောင်း ယူဆချက်များရှိသော်လည်း အခိုင်အမာ အတည်မပြုနိုင်ခဲ့ချေ။ ပျူစာဘက်ခြမ်းတွင် ပျူ၊ သက္ကတနှင့် ပျူဟူသည့် ဘာသာစကားသုံးမျိုး၊ အက္ခရာ သုံးမျိုးပါရှိ၍ မွန်စာဘက်အခြမ်းတွင် မွန်ဘာသာစကား မွန်အက္ခရာဖြင့် ရေးထိုးထားသဖြင့် စောလူးမင်းကျောက်စာသည် ဘာသာလေးမျိုး၊ အက္ခရာ လေးမျိုးဖြင့် ရေးထိုးထားသည့် ကျောက်စာဖြစ်ကြောင်း ပျူစာပေပညာရှင် ဦးစိန်ဝင်းက ရေးသားခဲ့သည်။

စောလူးမင်းကျောက်စာအက္ခရာကို မြန်မာဘာသာသို့ ပြန်ဆိုရာတွင် မွန်ဘက်အခြမ်းမှစာများကို မွန်စာပေပညာရှင် ဦးနိုင်ဘရှင်က ပြန်ဆို၍ ပျူဘက်အခြမ်းမှစာများကို ပျူစာပေပညာရှင် ဦးမြင့်ဆန်းက ပြန်ဆိုခဲ့သည်။

စာမျက်နှာ ၅ သို့ á

# လမ်းလျှောက်ခြင်းဖြင့် မုန့်ချိုအိတ်ကျန်းမာစေနိုင်သည်



ပန်ကရိယလို့ခေါ်တဲ့ မုန့်ချို အိတ်က မိမိတို့စားသောက်သမျှ အစာတွေအားလုံးကို ခန္ဓာကိုယ်ရဲ့ ကလာပ်စည်းတွေအတွက် လိုအပ်တဲ့ လောင်စာအဖြစ် ပြောင်းလဲပေးတဲ့ တာဝန်ကို ထမ်းဆောင်ပါတယ်။

သူ့မှာ လုပ်ငန်းကြီးနှစ်ခုရှိပါတယ်။ အဲဒါတွေကတော့ အစာခြေရည်ထုတ်ပေးခြင်းနဲ့ သွေးတွင်းသကြားဓာတ်ကို ထိန်းညှိပေးခြင်းတို့ပါပဲ။

ပုံမှန်လမ်းလျှောက်ပေးခြင်းက သွေးတွင်းသကြားဓာတ်ပမာဏကို ကောင်းမွန်တဲ့အခြေအနေတစ်ခုမှာပဲ ရှိနေစေဖို့ ကူညီပေးပါတယ်။

လမ်းလျှောက်တဲ့သူနဲ့ ပြေးတဲ့သူနှိုင်းယှဉ်လိုက်ရင် လမ်းလျှောက်တဲ့သူက ကျန်းမာရေးနဲ့ ညီညွတ်တဲ့ သွေးတွင်းသကြားဓာတ်ပမာဏကိုပိုင်ဆိုင်ထားပါတယ်။

ဒါကြောင့် ဆီးချိုရောဂါဖြစ်ပွားမှုကိုကာကွယ်ရာမှာ လမ်းလျှောက်ခြင်းဟာ ပြေးခြင်းထက် ပိုပြီးထိရောက်မှုရှိတယ်လို့ ဆိုတာပါ။

# ဝက်လက်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၃၂၁၁ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ဝက်လက် ဇွန် ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ဝက်လက်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၃၂၁၁ ဧကထိ စိုက်ပျိုးပြီးစီး ပြီဖြစ်ကြောင်း ဝက်လက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဝက်လက်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၅၉၈၆ ဧက စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် မေလ ပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၃၂၁၁ ဧက စိုက်ပျိုး ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ဝက်လက်မြို့နယ်မှာ မြေပဲဧက ၅၀၀၀ ကျော် စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ဒီနေ့ထိ ဧက ၃၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧက ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးနေပါတယ်။ ဆီထွက်သီးနှံအနေနဲ့ကတော့ အောင်မြင်တဲ့ အနေအထားမှာရှိပါတယ်။ မြေပဲစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်"ဟု ဝက်လက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ကြင်စန်းက ပြောပြသည်။

ဝက်လက်မြို့နယ်တွင် မြေပဲစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းရန်၊ ပိုးမွှားရောဂါကျရောက်မှု မရှိစေရန်၊ ပေါင်းမြက်ကင်းစင်စေရန်အတွက် စိုက်ခင်းများအတွင်း ကွင်းဆင်းစစ်ဆေးပြီး ကင်းထောက်မှတ်တမ်းများ ယူခြင်းကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက ကွင်းဆင်း ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

မြေပဲကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှု ဖူလုံစေသည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် မြေပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်း စိုက်ပျိုးကြရမည်ဖြစ်ကြောင်း ဝက်လက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ကြင်စန်းက ပြောပြ၍ သိရသည်။

(၂၀၆)

á စာမျက်နှာ ၄ မှအဆက်

စောလူးမင်းကျောက်စာတွင် ရေးထိုးထားသည့်ဘာသာစကားများသည် လေးမျိုးဖြစ်ကြောင်း ယူဆကြသကဲ့သို့ ငါးမျိုးဖြစ်ကြောင်း ယူဆမှုများလည်းရှိသည်။ ထို့ကြောင့် ရှေးဟောင်းသုတေသန အမျိုးသားပြတိုက်နှင့်စာကြည့်တိုက်ဦးစီးဌာန (ယခု ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက် ဦးစီးဌာန)သည် မည်သည့်ဘာသာစကားဖြင့် ရေးထိုးထားကြောင်း ခန့်မှန်းရခက်သည့် စာကြောင်း ၁၂ ကြောင်းကို အိန္ဒိယနိုင်ငံ ကမ္ဘည်းကျောက်စာဌာနသို့ ပေးပို့စစ်ဆေးခဲ့ရာ အစောပိုင်း နာဂရီအက္ခရာများဖြစ်ကြောင်းပြန်ကြားခဲ့သည်။ ၎င်းစာကြောင်း ၁၂ ကြောင်းကို စောလူးမင်းကျောက်စာ အထက်ပိုင်းတွင် တွေ့ရှိရသည်။

ပညာရှင်များ၏ အက္ခရာဖလှယ် မြန်မာပြန်ဆိုမှုများကြောင့် ကျောက်စာတွင်ရေးထိုးထားသည့် အဓိကအကြောင်းအချက်များကို သိရှိနိုင်ခဲ့ကြသည်။ စောလူးမင်းကျောက်စာသည် စောလူးမင်းက ရုပ်ပွားဆင်းတုသုံးဆူအနက် နှစ်ဆူကိုဌာပနာ၍ တစ်ဆူကို ဘုရား၌ လှူကာ ကျွန် ၁၀၀၊ နွား ၁၀ ရှဉ်း၊ လယ်ပယ် ၁၀၀ နှင့် စပါးတင်း ၁၀၀၀ ကို ရေစက်သွန်းချလှူဒါန်းသည့် အလှူမှတ်တမ်းဖြစ်ကြောင်း တွေ့ရှိရသည်။

ပျူ၊ မွန်၊ ဒေဝနာဂရီနှင့်ကဒမ္ဗအက္ခရာများဖြင့် ရေးထိုးထားပြီး ပျူ၊ မွန်၊ သက္ကတနှင့် ပါဠိဘာသာ လေးမျိုးပါရှိသည့် စောလူးမင်းကျောက်စာသည် ကျောက်စာပါသက္ကရာဇ်အရ ၄၄၁ ခုနှစ်တွင် ရေးထိုးခဲ့သဖြင့် ၄၇၄ ခုနှစ်တွင် ရေးထိုးခဲ့သည့် ကမ္ဘာ့မှတ်တမ်း အမွေအနှစ်စာရင်းဝင် ရာဇကုမာရ်ကျောက်စာထက် ၃၃ နှစ် စောသည်။ ပျူနှင့် မွန်စာများပါရှိသည့် စောလူးမင်းကျောက်စာကို ပုဂံဒေသမဟုတ်သည့် မြစ်သားနယ်တွင် တွေ့ရှိခဲ့သဖြင့် သမိုင်းကွက်လပ်များကို ဖြည့်ဆည်းသွားနိုင်မည်ဟု မျှော်လင့်ရပေသည်။

စောလူးမင်းကျောက်စာကို မြစ်သားမြို့ ပေတောပရဟိတကျောင်းဝင်းအတွင်းမှရရှိခဲ့သည့် ကျောက်စာပိုင်းလေးပိုင်းကို ဆက်စပ်ချည်နှောင်ကာ ပေတောပရဟိတကျောင်းအတွင်းရှိ ကျောက်စာရုံတွင် ထိန်းသိမ်းထားပြီး ကျောက်စာရုံကို ၂၀၁၄ ခုနှစ် ဇွန် ၂၄ ရက်တွင် ဖွင့်လှစ်ခဲ့သည်။

ဤသို့ဖြင့် ပုဂံသမိုင်းတွင်ထင်ရှားသော ဘုရင်တစ်ပါးဖြစ်သည့် စောလူးမင်းခေါ် မင်းလုလင်နှင့်ဆက်နွယ်ခဲ့သည့် အကြောင်းအရပ် တစ်စိတ်တစ်ပိုင်းကို ဖော်ထုတ်နိုင်ခဲ့ကြောင်း ရေးသားလိုက်ရပါသည်။

**ကိုးကား**

- **ပုဂံခေတ် မြန်မာနိုင်ငံသမိုင်း(ဒေါက်တာတိုးလှ)**
- **ပုဂံဆက် (ဒေါက်တာသန်းထွန်း)**
- **ပုဂံမင်းဆက်ရာဇဝင်သစ်(တင်နိုင်တိုး)**
- **ပေတောကျောင်း ကျောက်စာ(နီတွတ်၊သမိုင်းပါမောက္ခ)**

## ခွင့်လွှတ်တယ် ခင်

\- သခင်ရယ် တမင်မျက်လေတော့
မခင်တွယ် အပင်ဖျက်တဲ့ပြင်
သင်-မြက်နွယ် ဂုဏ်မထည်တော့
ဥယျာဉ်ဝယ် အလှကင်းတာမို့
အပြီးပင် မီးတင်ရှင်းမယ်တဲ့
ဟင်း… ရက်စက်နိုင်လွန်းတယ်။

\- အပူငွေ့တွေက
ဆူမွှေ့ တဝေဝေကြောင့်
သည်နွေမှာ သည်ဖေနုံးပါလို့
မပြုံးနိုင် နွမ်းကြေခြောက်ပေမဲ့
အနောက်တောင် မုတ်သုံမိုးရယ်က
လှုပ်နှိုး ငွေမှုန်ခြွေတော့
ရွက်နုတွေ တဝေဝေနှင့်
သည်ခြံမြေ အလှတိုးစေဖို့
နိုးခဲ့ပြန်တယ်။

\- အလှသစ်
မြနှစ်ကယ် ဝေဝေဖြာလို့
နွေကန္တာ ခါမဟုတ်ပြီဘဲ
ငယ်ရုပ် ငယ်မူဆင်ခိုက်
အလို…ဟင်… သခင်တစ်ပါး ပါကလား
ချိုလွင်လွင် အယဉ်စကားတွေနှင့်
ကိုယ့်နားမှာ အသာထိုင်လို့
မာလာမြိုင် လှရန်ကောရယ်တဲ့
ကြည့်မောဖွယ် တစ်ဂုဏ်ဆင်သမို့
မြမြက်ပင် အယဉ်ဆုံးပါလို့
ရွှင်ပြုံးဖွယ့် ခွန်းချိုနွယ်
ဆိုတယ်ကွဲ့ စမ်းနှယ်အေး။

\- ဩော်…သူ့စကား
ခုများ ဟိုယခင်နှင့်
ဘယ်လိုပင် အသွင်ခြားပေမဲ့
မငြိုငြင် အမျက်မထားပါဘူး
ကိုယ့်ရင်မှာ ခဏနားလျှင်လည်း
ချစ်အား အတန်ပြေလို့
နွေကိုပင် နွေမမှတ်တော့ပါဘူး
နေကိုပင် နေမမှတ်တော့ပါဘူး
မြတ်နိုးသူ ကိုယ်ငွေ့ကလေးကိုဖြင့်
ပိုက်ထွေးကာ မျက်ရည်စွတ်ပေမဲ့
(သခင်ရယ် မြက်ခင်းကလေးကတော့လေ…)
ခွင့်လွှတ်တယ်လေး။ ။

**မြင်းမူမောင်နိုင်မိုး**

ကိုဗစ်–၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်



ကြက်သွန်ဖြူနှင့် ကြက်သွန်နီစားသုံးပေးခြင်းဖြင့် နှလုံးနှင့်အဆုတ်အတွက် အထူးကောင်းမွန်သည်။

# နိုင်ငံတကာ သတင်းများ

## အီရန်အပေါ်ချမှတ်ထားသည့် အရေးယူပိတ်ဆို့မှုများ အမေရိကန်အစိုးရ ရက် ၆၀ ကင်းလွတ်ခွင့်ပေး



**ဝါရှင်တန် ဇွန် ၂၃**

အီရန်ပဋိပက္ခပြီးဆုံးရေး ယာယီသဘောတူညီချက်အရ ပထမအကျော့ ငြိမ်းချမ်းရေးဆွေးနွေးပွဲများကျင်းပခဲ့ပြီးနောက် အီရန်နိုင်ငံအပေါ်ချမှတ်ထားသည့် အရေးယူပိတ်ဆို့မှုများကို အမေရိကန်အစိုးရက ဇွန် ၂၂ ရက်မှစ၍ ရက် ၆၀ ထိ ကင်းလွတ်ခွင့်ပေးခဲ့ကြောင်း Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

အီရန်ပဋိပက္ခပြီးဆုံးရေး ယာယီသဘောတူညီချက်အရ အမေရိကန်နိုင်ငံအနေဖြင့် အီရန်နိုင်ငံအပေါ်ချမှတ်ထားသည့် အရေးယူပိတ်ဆို့မှုများကို ဇွန် ၂၂ ရက်မှ ဩဂုတ် ၂၀ ရက်ထိ ကင်းလွတ်ခွင့်ပေးထားမည်ဖြစ်ကြောင်း အမေရိကန် ဘဏ္ဍာရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားသည်။

အမေရိကန် ဘဏ္ဍာရေးဝန်ကြီးဌာန၏ ကြေညာချက်အရ အီရန်နိုင်ငံအနေဖြင့် ရက် ၆၀ ကာလအတွင်း ရေနံနှင့်ဆက်စပ်ထုတ်ကုန်များကို ရောင်းချနိုင်မည်ဖြစ်သည်။

သို့ရာတွင် အီရန်နိုင်ငံ အနေဖြင့် အီရန်ပဋိပက္ခပြီးဆုံးရေး ယာယီ သဘောတူညီချက်များကို ချိုးဖောက်ခဲ့ပါက မိမိအနေဖြင့် လုပ်သင့်လုပ်ထိုက်သည့် အရာကို လုပ်ရမည်ဖြစ်ကြောင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က သတိပေးပြောကြားထားသည်။

အမေရိကန်နှင့် အီရန်ထိပ်တန်းခေါင်းဆောင်များသည် အီရန်ပဋိပက္ခပြီးဆုံးရေး ယာယီသဘောတူညီချက်အရ ဆွစ်ဇာလန်နိုင်ငံ ဘာဂျင်စတော့ခ် အပန်းဖြေစခန်းအနီး၌ ပထမအကျော့ ငြိမ်းချမ်းရေးဆွေးနွေးပွဲများကို ကျင်းပခဲ့ကြသည်။

အဆိုပါဆွေးနွေးပွဲတွင် အမေရိကန်နှင့် အီရန်တာဝန်ရှိသူများက အီရန်ပဋိပက္ခပြီးဆုံးရေး အပြီးသတ် သဘောတူညီချက်အတွက် လမ်းပြမြေပုံတစ်ရပ်ကို ရက် ၆၀ အတွင်း ရယူရန်သဘောတူထားကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

## အစ္စရေးနှင့် လက်ဘနွန် ဆွေးနွေးပွဲများ ဝါရှင်တန်မြို့၌ ပြန်လည်စတင်ကျင်းပ



**ဝါရှင်တန် ဇွန် ၂၃**

လက်ဘနွန်နှင့် အစ္စရေး တာဝန်ရှိသူများသည် ယနေ့တွင် အမေရိကန်နိုင်ငံ ဝါရှင်တန်မြို့၌ ငြိမ်းချမ်းရေးဆွေးနွေးပွဲများ ပြန်လည်စတင်ကျင်းပနေကြောင်း RT သတင်းဌာနက ဖော်ပြထားသည်။

အီရန်ပဋိပက္ခ ပြီးဆုံးရေး ယာယီ သဘောတူညီချက်ကို အမေရိကန်နှင့် အီရန်နိုင်ငံတို့က ဇွန် ၁၇ ရက်တွင် ရယူခဲ့ပြီးနောက် အစ္စရေးနှင့် လက်ဘနွန်တို့က ငြိမ်းချမ်းရေး ဆွေးနွေးပွဲများ ပြန်လည် စတင်ကျင်းပနေခြင်း ဖြစ်သည်။

အဆိုပါ ဆွေးနွေးပွဲသည် အစ္စရေးနှင့် လက်ဘနွန်နိုင်ငံတို့ကြား ကျင်းပသည့် ပဉ္စမမြောက် ငြိမ်းချမ်းရေးဆွေးနွေးပွဲဖြစ်သည်။

ယခင်ကျင်းပခဲ့သည့် ငြိမ်းချမ်းရေးဆွေးနွေးပွဲများတွင် အစ္စရေးနှင့် လက်ဘနွန်တို့သည် ရေရှည်တည်တံ့မည့် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်တစ်ရပ်ကို ရယူနိုင်ခြင်းမရှိခဲ့ကြောင်း သိရသည်။

လက်ဘနွန်အခြေစိုက် ဟစ်ဇ်ဘိုလာအုပ်စုက ယခုနှစ် မတ်လတွင် အစ္စရေးနိုင်ငံကို ဒုံးကျည်များဖြင့် ပစ်ခတ်ခဲ့ပြီးနောက် အစ္စရေးနိုင်ငံက လက်ဘနွန်နိုင်ငံအတွင်းရှိ ဟစ်ဇ်ဘိုလာပစ်မှတ်များကို စတင်တိုက်ခိုက်ခဲ့သည်။

လက်ရှိတွင် အစ္စရေးနိုင်ငံသည် လက်ဘနွန်တောင်ပိုင်း၌ ကြားခံဇုန်တစ်ခုသတ်မှတ်၍ လက်နက်ကိုင်တပ်ဖွဲ့များ ဖြန့်ကြက်နေရာယူထားကြောင်း သိရသည်။

Ref : RT

Trs : KKO

## ကွန်ဂိုနိုင်ငံ၌ အီဘိုလာဗိုင်းရပ်စ်ရောဂါ ကူးစက်ခံထားရသူ ဦးရေ ၁၀၀၀ ကျော်ရှိလာ

**ကွန်ဂို ဇွန် ၂၃**

ကွန်ဂို ဒီမိုကရက်တစ်သမ္မတနိုင်ငံ၌ အီဘိုလာဗိုင်းရပ်စ်ရောဂါ ကူးစက်ခံထားရသူ ဦးရေ ၁၀၀၀ ကျော် ရှိလာခဲ့ပြီဖြစ်ကြောင်း ဇွန် ၂၂ ရက် သတင်းများတွင် ရေးသားတင်ပြခဲ့သည်ဟု RT သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

ထို့ပြင် အီဘိုလာဗိုင်းရပ်စ်ရောဂါကြောင့် သေဆုံးသူဦးရေမှာလည်း ၂၅၄ ဦးထိ ရှိလာခဲ့ပြီဖြစ်ကြောင်း ကွန်ဂို ကျန်းမာရေးဝန်ကြီးဌာနက ဇွန် ၂၂ ရက်တွင် သတင်းထုတ်ပြန်ထားသည်။

အီဘိုလာဗိုင်းရပ်စ် ရောဂါ ကူးစက်ပြန့်ပွားမှုကို ကွန်ဂို ကျန်းမာရေး ဝန်ကြီးဌာနက အတည်ပြုကြေညာခဲ့ပြီး တစ်လကျော်အကြာတွင် ဗိုင်းရပ်စ် ကူးစက်ခံထားရသူ ဦးရေ ၁၀၀၀ ကျော် ရှိလာခဲ့ခြင်းဖြစ်သည်။

လက်ရှိ ပေါ်ပေါက်နေသည့် အီဘိုလာဗိုင်းရပ်စ်ရောဂါကပ်ဘေးသည် ကွန်ဂို အရှေ့ပိုင်းပြည်နယ်သုံးခုတို့၌ ဗဟိုပြုဖြစ်ပွားခဲ့ခြင်း ဖြစ်သည်။

လက်ရှိဖြစ်ပွားနေသည့် အီဘိုလာဗိုင်းရပ်စ်ရောဂါကပ်ဘေးသည် ၂၀၁၄ နှင့် ၂၀၁၆ ခုနှစ်ကြား ဖြစ်ပွားခဲ့ပြီး လူဦးရေ ၁၁၀၀၀ ကျော် သေဆုံးခဲ့သည့် အာဖရိကအနောက်ပိုင်း အီဘိုလာဗိုင်းရပ်စ်ရောဂါကပ်ဘေးထက် ပို၍ပြင်းထန်နိုင်ကြောင်း အာဖရိကရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးဗဟိုဌာနက သတိပေးထားသည်။

ကွန်ဂိုနိုင်ငံ၌ လက်ရှိဖြစ်ပွားနေသော အီဘိုလာဗိုင်းရပ်စ်ရောဂါကပ်ဘေးကို နိုင်ငံတကာပြည်သူ့ကျန်းမာရေး အရေးပေါ်အခြေအနေအဖြစ် ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ယခုနှစ် မေလအတွင်း ကြေညာထားကြောင်း သိရသည်။

Ref : RT

Trs : KKO

## အိန္ဒိယအမျိုးသားလုံခြုံရေးအကြံပေးနှင့် တရုတ်နိုင်ငံခြားရေးဝန်ကြီး ဝမ်ယီတို့ တွေ့ဆုံဆွေးနွေး

**ဒေလီ ဇွန် ၂၃**

အိန္ဒိယအစိုးရ အမျိုးသားလုံခြုံရေးအကြံပေး အဂျစ်ဒိုဗယ်လ်နှင့် တရုတ်နိုင်ငံခြားရေးဝန်ကြီး ဝမ်ယီတို့သည် ဇွန် ၂၂ ရက်တွင် နယူးဒေလီမြို့၌ တွေ့ဆုံဆွေးနွေးခဲ့ကြကြောင်း Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

အိန္ဒိယ အမျိုးသားလုံခြုံရေး အကြံပေး အဂျစ်ဒိုဗယ်လ်နှင့် တရုတ်နိုင်ငံခြားရေးဝန်ကြီး ဝမ်ယီတို့သည် နယူးဒေလီမြို့၌ ကျင်းပနေသည့် ဘရစ်အုပ်စု အမျိုးသားလုံခြုံရေးအကြံပေးများ အစည်းအဝေးကာလအတွင်း သီးခြားတွေ့ဆုံ ဆွေးနွေးခဲ့ကြခြင်း ဖြစ်သည်။

အိန္ဒိယ အမျိုးသားလုံခြုံရေး အကြံပေး အဂျစ်ဒိုဗယ်လ်နှင့် တရုတ်နိုင်ငံခြားရေးဝန်ကြီး ဝမ်ယီတို့၏ ဇွန် ၂၂ ရက် ဆွေးနွေးပွဲမှာ အပြုသဘော ဆောင်ခဲ့ကြောင်း အိန္ဒိယ နိုင်ငံခြားရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားသည်။

ဇွန် ၂၂ ရက် ဆွေးနွေးပွဲတွင် အိန္ဒိယအမျိုးသားလုံခြုံရေး အကြံပေး အဂျစ်ဒိုဗယ်လ်နှင့် တရုတ်နိုင်ငံခြားရေးဝန်ကြီး ဝမ်ယီတို့အနေဖြင့် နှစ်နိုင်ငံဆက်ဆံရေး ကဏ္ဍ ဖြစ်ပေါ်တိုးတက်မှုများနှင့် ပတ်သက်၍ဆွေးနွေးခဲ့ကြကြောင်း အိန္ဒိယ နိုင်ငံခြားရေးဝန်ကြီးဌာန ကြေညာချက်၌ ဖော်ပြထားသည်။

တရုတ်နှင့် အိန္ဒိယနိုင်ငံတို့ကြား နှစ်နိုင်ငံဆက်ဆံရေးသည် ၂၀၂၀ ပြည့်နှစ်အတွင်း ဖြစ်ပွားခဲ့သည့် နယ်စပ်ပဋိပက္ခကြောင့် တင်းမာခဲ့သော်လည်း ၂၀၂၄ ခုနှစ်မှစ၍ တရုတ်နှင့်အိန္ဒိယ နှစ်နိုင်ငံဆက်ဆံရေးမှာ ပြန်လည်တိုးတက်ကောင်းမွန်လာခဲ့ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

## ရုရှားလေတပ် တီယူ- ၁၆၀ ဗုံးကြဲလေယာဉ်များ ၁၆ နာရီကြာ လေ့ကျင့်ပျံသန်း

**မော်စကို ဇွန် ၂၃**

ရုရှားလေတပ်မှ တီယူ- ၁၆၀ ဒုံးကျည်တင် မဟာဗျူဟာ ဗုံးကြဲလေယာဉ်များသည် ဘာရင်းပင်လယ်ဒေသနှင့် နော်ဝေဂျီယံပင်လယ်တို့၌ ၁၆ နာရီကြာ လေ့ကျင့်ပျံသန်းမှုများ ပြုလုပ်ခဲ့ကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးဌာနက ယနေ့တွင် သတင်းထုတ်ပြန်ခဲ့သည်ဟု RT သတင်းဌာနက ဖော်ပြထားသည်။

အဆိုပါ လေ့ကျင့်ပျံသန်းမှုအတွင်း တီယူ- ၁၆၀ ဒုံးကျည်တင် မဟာဗျူဟာ ဗုံးကြဲလေယာဉ်များသည် ဝေဟင်အတွင်း လောင်စာဆီပြန်လည်ဖြည့်တင်းမှု အပါအဝင် လေ့ကျင့်မှုများ ပြုလုပ်ခဲ့ကြသည်။

တီယူ- ၁၆၀ မဟာဗျူဟာ ဗုံးကြဲလေယာဉ်များသည် ပုံမှန်လုပ်ငန်းအစီအစဉ်အတိုင်း ဘာရင်းပင်လယ်နှင့် နော်ဝေဂျီယံပင်လယ် နိုင်ငံတကာ ဝေဟင်အတွင်း လေ့ကျင့်ပျံသန်းခဲ့ခြင်းဖြစ်ကြောင်း ရုရှား ကာကွယ်ရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားသည်။



တီယူ- ၁၆၀ မဟာဗျူဟာ ဗုံးကြဲလေယာဉ်များ လေ့ကျင့်ပျံသန်းမှုတွင် အမ်အိုင်ဂျီ- ၃၁ တိုက်လေယာဉ်များလည်း လိုက်ပါပျံသန်းခဲ့ကြောင်း သိရသည်။

တီယူ- ၁၆၀ မဟာဗျူဟာဗုံးကြဲလေယာဉ်များ လေ့ကျင့်ပျံသန်းမှုကို ပြည်ပနိုင်ငံအချို့မှ လေယာဉ်များ လိုက်ပါစောင့်ကြည့်ပျံသန်းခဲ့ကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးဌာန၏ အဆိုအရ သိရသည်။

ရုရှားနိုင်ငံသည် မြောက်ဘက်ပိုင်းတွင် မြောက်အတ္တလန္တိတ်စာချုပ်အဖွဲ့(နေတိုး)အဖွဲ့ဝင် နိုင်ငံများဖြစ်သည့် နော်ဝေ၊ ဖင်လန်နိုင်ငံတို့နှင့် နယ်စပ်ချင်းထိစပ်လျက်ရှိကြောင်း သိရသည်။

Ref : RT

Trs : KKO

# SCIENCE AND TECHNOLOGY

## စက်ရုပ်နည်းပညာသုံး အာကာသယာဉ်ထည့်သွင်းထားသော ဒုံးပျံကိုသယ်ဆောင်ထားသည့် လေယာဉ်က ဗာဂျီးနီးယားပြည်နယ် ဝဲလော့အာကာသစခန်းသို့ ထွက်ခွာသွားပြီဖြစ်



ဝါရှင်တန် ဇွန် ၂၃

အမေရိကန်အစိုးရအမျိုးသား လေကြောင်းနှင့် အာကာသစီမံ ခန့်ခွဲရေးအေဂျင်စီ (နာဆာ)၏ ဆွစ်ဖ်အာကာသရေဒီယိုတယ်လီ စကုပ်ပတ်လမ်းအမြင့်ကို မြှင့်တင် ပေးမည့် စက်ရုပ်နည်းပညာသုံး အာကာသယာဉ် ထည့်သွင်းထား သောဒုံးပျံကိုသယ်ဆောင်ထားသည့် လေယာဉ်သည် ဗာဂျီးနီးယား ပြည်နယ် ဝဲလော့အာကာသစခန်း သို့ ထွက်ခွာသွားပြီဖြစ်ကြောင်း ဇွန် ၂၂ ရက် သတင်းများတွင် ရေးသားတင်ပြထားသည်။

စတားဂေဇာအမည်ရှိ အဆိုပါ လေယာဉ်သည် မာရှယ်ကျွန်းစု နိုင်ငံမှတစ်ဆင့် ဝဲလော့စ်အာကာသ စခန်းသို့ ဇွန် ၁၉ ရက်တွင် စတင် ထွက်ခွာသွားခြင်းဖြစ်သည်။

အဆိုပါလေယာဉ်၏ဝမ်းဗိုက် ပိုင်းတွင် လင့်ခ်အမည်ရှိ အာကာသ ယာဉ်ကို သယ်ဆောင်ထားသော ပီးဂါးဆပ်စ်အိတ်စ်အယ်လ်ဒုံးပျံကို တပ်ဆင်ထားသည်။

လင့်ခ်အာကာသယာဉ်သည် နာဆာနှင့်ရယူထားသည့်သဘော တူညီချက်အရ Kutalyst Space ကုမ္ပဏီက တည်ဆောက်ပေးထား သည့်အာကာသယာဉ်ဖြစ်သည်။

လင့်ခ်အာကာသယာဉ်သည် လွှတ်တင်ပြီးချိန်တွင် ဆွစ်ဖ် အာကာသ ရေဒီယိုတယ်လီစကုပ် နှင့်ချိတ်ဆက်၍ အာကာသရေဒီယို တယ်လီစကုပ်၏ပတ်လမ်းအမြင့် ကို မြှင့်တင်ပေးမည်ဖြစ်သည်။

စတားဂေဇာလေယာဉ်သည် ယခုလကုန်ပိုင်းတွင် အမြင့်ပေ ၄၀၀၀၀ ထိ တက်ရောက်ပျံသန်း ၍ ပီးဂါးဆပ်စ်အိတ်စ်အယ်လ် ဒုံးပျံကို လွှတ်တင်မည်ဖြစ်ကြောင်း သိရသည်။

လွှတ်တင်ပြီး ၁၀ မိနစ်ခန့် အကြာတွင် လင့်ခ်အာကာသယာဉ် ကို ပတ်လမ်းပေါ်သို့ ပို့ဆောင်ပေး မည်ဖြစ်ကြောင်း သိရသည်။

Ref : Sputnik News
Trs : KKO

## နာဆာ၏ ဗွိုင်ယေဂျာ-၁ အာကာသယာဉ်က ယခုနှစ် နိုဝင်ဘာ ၁၈ ရက်တွင် အလင်းနှစ်တစ်ရက်အကွာအဝေးကို ဖြတ်ကျော်မည်

ဝါရှင်တန် ဇွန် ၂၃

အမေရိကန်အစိုးရအမျိုးသား လေကြောင်းနှင့် အာကာသစီမံ ခန့်ခွဲရေးအေဂျင်စီ(နာဆာ)၏ ဗွိုင် ယေဂျာ-၁ အာကာသယာဉ်သည် ယခုနှစ် နိုဝင်ဘာ ၁၈ ရက်တွင် အလင်းနှစ် တစ်ရက်အကွာအဝေး ကို ဖြတ်ကျော်မည်ဖြစ်ကြောင်း သိပ္ပံပညာရှင်များ၏ အဆိုကို ကိုးကား၍ ဇွန် ၂၂ ရက် သတင်းများ တွင် ရေးသားတင်ပြထားသည်။

အလင်းနှစ် တစ်ရက်တာ အကွာအဝေးသည် တစ်ရက်တာ ကာလအတွင်း အလင်းရောင် ရောက်ရှိနိုင်သည့် အကွာအဝေး ဖြစ်ပြီး မိုင်ပေါင်း ၁၆၀၉၄၇၉၉၁၀၅ ဒသမ ၂၂၅ မိုင်နှင့်ညီမျှသည်။

နာဆာသိပ္ပံပညာရှင်များ၏ တွက် ချက်မှုအရ ဗွိုင်ယေဂျာ-၁ အာကာသ ယာဉ်သည် အထက်ပါအကွာ အဝေးကို ယခုနှစ် နိုဝင်ဘာ ၁၈ ရက် တွင် ဖြတ်ကျော်မည်ဖြစ်သည်။

နာဆာအဖွဲ့သည် ဗွိုင်ယေဂျာ-၁ နှင့် ဗွိုင်ယေဂျာ-၂ အာကာသယာဉ် များကို ၁၉၇၇ ခုနှစ်တွင် ရှေ့ဆင့် နောက်ဆင့် လွှတ်တင်ခဲ့ခြင်းဖြစ် ကြောင်း သိရသည်။



လက်ရှိတွင် အထက်ပါ အာကာသယာဉ်နှစ်စင်းစလုံးသည် နေအဖွဲ့အစည်းကို လွန်မြောက်၍ ကြယ်တာရာဟင်းလင်းပြင်အတွင်း ရောက်ရှိနေပြီဖြစ်သည်။

အလင်းနှစ် တစ်ရက်တာ အကွာအဝေးကို ကျော်ဖြတ်ပြီးချိန် တွင် ဗွိုင်ယေဂျာ-၁ အာကာသ ယာဉ်မှ ထုတ်လွှတ်လိုက်သည့် အချက်ပြလှိုင်းများသည် ကမ္ဘာ ဂြိုဟ်သို့ရောက်ရှိရန် ၂၄ နာရီ ကျော် အချိန်ယူရမည်ဖြစ်ကြောင်း သိရသည်။

Ref : Russia Today
Trs : KKO

## မက်ဆီအာ-၈၇(အမ်အေ)ကြယ်စုဗဟိုချက်ရှိ မဟာအာကာသတွင်းနက်မှပေါ်ထွက်လာသည့် ဂျက်လေစီးကြောင်းကို နက္ခတ္တရူပဗေဒပညာရှင်များက ဓာတ်ပုံရိုက်ကူး

ဝါရှင်တန် ဇွန် ၂၃

မက်ဆီအာ-၈၇ (အမ်အေ) ကြယ်စုဗဟိုချက်ရှိ မဟာ အာကာသတွင်းနက်မှ ပေါ်ထွက် လာသည့် ဂျက်လေစီးကြောင်းကို နက္ခတ္တရူပဗေဒ ပညာရှင်များက ဓာတ်ပုံရိုက်ကူးနိုင်ခဲ့ကြောင်း ဇွန် ၂၂ ရက် သတင်းများတွင် ရေးသား တင်ပြထားသည်။

မက်ဆီအာ-၈၇(အမ်အေ)မဟာ အာကာသတွင်းနက်၏ဂျက်လေစီး ကြောင်းကို အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့်အာကာ သစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ)၏ ချန်ဒရာ အာကာသရေဒီယိုစကုပ် အကူအညီဖြင့် သိပ္ပံပညာရှင်များ က ဓာတ်ပုံရိုက်ကူးနိုင်ခဲ့သည်။

ကမ္ဘာဂြိုဟ်နှင့် အလင်းနှစ် ၅၅ သန်းအကွာတွင် တည်ရှိသည့် မက်ဆီအာ-၈၇(အမ်အေ) မဟာ အာကာသတွင်းနက်သည် ပတ်ဝန်း ကျင်ရှိ ဓာတ်ငွေ့နှင့်ဖုန်မှုန့်များကို အဆက်မပြတ်ဝါးမျိုနေပြီး ပြင်း ထန်သော ဂျက်လေစီးကြောင်း များကို အလင်း၏အလျင်နှုန်း တမျှ မြန်ဆန်သည့်အလျင်ဖြင့် မှုတ်ထုတ်လျက်ရှိသည်။

မက်ဆီအာ-၈၇(အမ်အေ) မဟာ အာကာသတွင်းနက်သည် ဒြပ်ထု အားဖြင့် နေ၏ဒြပ်ထုထက်အဆ ပေါင်း ၆ ဒသမ ၅ သန်းထိ ပိုကြီး များကြောင်း နာဆာသိပ္ပံပညာရှင် များက ပြောကြားသည်။

၎င်းအာကာသတွင်းနက်က မှုတ်ထုတ်နေသည့် ဂျက်လေစီး ကြောင်းမှာ အလင်းနှစ် ထောင် ပေါင်းများစွာထိ ရောက်ရှိနေသည်။

မက်ဆီအာ-၈၇(အမ်အေ)ကြယ်စု သည် လူ့သမိုင်းတစ်လျှောက် ပထမဆုံးအကြိမ်အဖြစ် ဓာတ်ပုံ ရိုက်ကူးနိုင်ခဲ့သည့် ကြယ်စုအဖြစ် ထင်ရှားကြောင်း သိရသည်။

Ref : Sputnik News
Trs : KKO

# HEALTH

## နိုက်ထရိတ်ပါဝင်သော အစားအစာများ စားသုံးပြီးနောက် ပီကေစားသုံးပါက သွေးဖိအားလျှော့ချမှုကို အထောက်အကူပြုနိုင်

လန်ဒန် ဇွန် ၂၃

သကြားမုန်လာ၊ ဟင်းနုနယ် သို့မဟုတ် ကိုက်လန်ကဲ့သို့ နိုက်ထ ရိတ်ပါဝင်သော ဟင်းသီးဟင်းရွက် များကို စားသုံးပြီးနောက် ပီကေ စားသုံးပါက သွေးဖိအားကိုလျှော့ချ ရာတွင် အထောက်အကူပြုပြီး နှလုံးကျန်းမာရေးကို ကာကွယ်နိုင် ကြောင်း ဇွန် ၂၂ ရက်တွင် ရေးသား တင်ပြထားသည်။

အစိမ်းရောင်ဟင်းသီးဟင်းရွက် များနှင့် သစ်ဥသစ်မြစ်များသည် နှလုံးကျန်းမာရေးကို မြှင့်တင်ပေး နိုင်သည့်နိုက်ထရိတ်ဓာတ်ကြွယ်ဝ သည့်အစားအစာများဖြစ်ကြသည်။

နိုက်ထရိတ်ဓာတ်သည် သွေး ကြောများကို ကျယ်ပြန့်စေပြီး သွေးလည်ပတ်မှုကို မြှင့်တင်ပေး ခြင်းဖြင့် နှလုံးကြွက်သားများ စွမ်းအင် ထုတ်လုပ်နိုင်စွမ်းကို မြှင့်တင်ပေးနိုင်သည်။

ဗြိတိန်နိုင်ငံ ဘုရင့်ကောလိပ်မှ သုတေသနပညာရှင်များ၏ လေ့ လာတွေ့ရှိချက်အရ နိုက်ထရိတ် ပါဝင်မှုမြင့်မားသည့် ဟင်းသီးဟင်း ရွက်များစားသုံးပြီးနောက် သကြား ဓာတ်ပါဝင်သော ပီကေများကို စားသုံးခြင်းဖြင့် နိုက်ထရိတ်ဓာတ် ၏ကျန်းမာရေး အကျိုးသက် ရောက်မှုကို မြှင့်တင်ပေးနိုင်သည်။

နိုက်ထရိတ်ပါဝင်သည့်အစား အစာများစားသုံးပြီးနောက် သကြား ဓာတ်ပါပီကေစားသုံးမှု၏ ကျန်းမာ ရေး အကျိုးသက်ရောက်မှုသည် နာရီအနည်းငယ်ကြာမျှ တည်တံ့ မှုရှိကြောင်း သိရသည်။

Ref : Russia Today
Trs : KKO

## အလုပ်ခွင်အတွင်း ကိုယ်ခန္ဓာရှေ့သို့ကိုင်းနေရသူ၊ လမ်းလျှောက်ချိန်များပြားသူများ ကိုယ်ဝန်ပျက်ကျနိုင်ခြေ မြင့်မားနိုင်

ကိုပင်ဟေဂင် ဇွန် ၂၃

အလုပ်ခွင်အတွင်း ကိုယ်ခန္ဓာရှေ့ သို့ကိုင်းနေရသူ၊ လမ်းလျှောက်ချိန် များပြားသူများ ကိုယ်ဝန်ပျက်ကျ နိုင်ခြေ မြင့်မားနိုင်ဖွယ်ရှိကြောင်း သုတေသနပညာရှင်များ၏အဆိုကို ကိုးကား၍ ဇွန် ၂၂ ရက်သတင်းများ တွင် ရေးသားတင်ပြထားသည်။

ဒိန်းမတ်သုတေသနပညာရှင် များသည် အမျိုးသမီး ၄၇၅၀၀ ကျော်တို့၏ ကိုယ်ဝန်စရကာလ ရုပ်ပိုင်းဆိုင်ရာ လှုပ်ရှားမှုများကို လေ့လာခဲ့ကြသည်။

လေ့လာချက်မှ ပေါ်ထွက်လာ သည့်ရလဒ်များအရ ကိုယ်ဝန် ဆောင်စကာလအတွင်း အလုပ်ခွင် ၌ ကိုယ်ခန္ဓာကို ရှေ့သို့ကိုင်း၍ အလုပ်လုပ်ချိန်များပါက ကိုယ်ဝန် ပျက်ကျနိုင်ခြေ ၃၆ ရာခိုင်နှုန်း ပိုမြင့်မားလာတတ်သည်ကို တွေ့ရ ကြောင်း သုတေသနပညာရှင်များ က ပြောကြားသည်။

ထို့ပြင် အလုပ်ခွင်အတွင်း ကိုယ် ခန္ဓာရှေ့သို့ကိုင်းထားရချိန် ပိုများ လေလေ ကိုယ်ဝန်ပျက်ကျနိုင်ခြေ လည်း ပိုမိုမြင့်မားလာနိုင်ကြောင်း၊ ကိုယ်ဝန်ရခါစတွင် အလုပ်ခွင် အတွင်း လမ်းလျှောက်နေရချိန်များ ပါကလည်း ကိုယ်ဝန်ပျက်ကျနိုင် ခြေမြင့်မားနိုင်ကြောင်း သိရသည်။

ကိုယ်ဝန်ပျက်ကျမှုများသည် ပုံမှန်အားဖြင့် သန္ဓေသားဖွံ့ဖြိုးမှု ပြဿနာများကြောင့် အဖြစ်များ သော်လည်း တစ်ခါတရံ မိခင်လောင်း ၏ဘဝနေထိုင်မှုပုံစံအချို့နှင့် ပတ် ဝန်းကျင်ဆိုင်ရာ အချက်အလက် များနှင့်လည်း တစ်ခါတရံဆက်စပ် နေတတ်ကြောင်း သိရသည်။

Ref : Sputnik News
Trs : KKO



## နိုင်ငံတကာ အားကစားသတင်းများ

# World Boxing Cup ပြိုင်ပွဲ ၅၅ ကီလိုဝိတ်တန်းတွင် လိုရင်ဇို ရွှေတံဆိပ်ဆုဆွတ်ခူး



ပေကျင်း ဇွန် ၂၃

တရုတ်နိုင်ငံတွင် ကျင်းပခဲ့သည့် World Boxing Cup ပြိုင်ပွဲ ၅၅ ကီလိုဝိတ်တန်းတွင် အမေရိကန်အသင်းကိုယ်စားပြု လက်ဝှေ့သမား လိုရင်ဇိုက ရွှေတံဆိပ်ဆု ဆွတ်ခူးခဲ့ကြောင်း Fight Mag သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

လိုရင်ဇိုသည် ဗိုလ်လုပွဲအဆင့်တွင် တရုတ်အသင်းကိုယ်စားပြု လက်ဝှေ့သမား ဂျောင်မောဝ်ကျန်းနှင့်ထိုးသတ်ခဲ့ရာ အမှတ်ပေးဒိုင်ငါးဦးလုံးက လိုရင်ဇိုကို အနိုင်ပေးခဲ့သည်။

လိုရင်ဇိုအနေဖြင့် ဗိုလ်လုပွဲစဉ် အပါအဝင် ပြိုင်ပွဲတစ်လျှောက် ပွဲစဉ် ငါးပွဲလုံးတွင် ရလဒ်ကောင်းဖြင့် အနိုင်ရခဲ့ခြင်းဖြစ်ပြီး ၎င်းအနေဖြင့် ကစားသမားဘဝသက်တမ်းတစ်လျှောက် နိုင်ငံတကာပြိုင်ပွဲအကြီးတန်းတွင် ပထမဆုံးအကြိမ် ဆုတံဆိပ်ကို ဆွတ်ခူးနိုင်ခဲ့ခြင်းလည်းဖြစ်သည်။

လိုရင်ဇိုက"အမေရိကန်အသင်းကို ကိုယ်စားပြုပြီး အခုလိုအောင်မြင်မှုတွေ ဆွတ်ခူးနိုင်ခဲ့လို့ ဝမ်းသာဂုဏ်ယူပါတယ်။ အမေရိကန်အသင်းအတွက် ရွှေတံဆိပ်ဆုကို လူငယ်အဆင့်မှာလဲ ရယူပေးခဲ့ဖူးပါတယ်။ အကြီးတန်းမှာတော့ ဒီဆုက ပထမဆုံး အမေရိကန်အသင်းအတွက် ဆွတ်ခူးပေးနိုင်ခဲ့တဲ့ ရွှေတံဆိပ်ဆုဖြစ်ပါတယ်" ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Fight Mag

Trs : AZL

# နိုင်ငံတကာပိုက်ကျော်ခြင်းဖိတ်ခေါ်ပြိုင်ပွဲတွင် မြန်မာ့လက်ရွေးစင် အမျိုးသမီးပိုက်ကျော်ခြင်းအသင်း ရွှေတံဆိပ်ဆုနှင့် ကြေးတံဆိပ်ဆု ဆွတ်ခူး




ရန်ကုန် ဇွန် ၂၃

တရုတ်နိုင်ငံ Guizhou ပြည်နယ် Huishui County တွင် ဇွန် ၁၂ ရက်မှ ၂၃ ရက်ထိ ကျင်းပခဲ့သည့် "2026 China International Sepaktakraw Open" ပြိုင်ပွဲတွင် မြန်မာ့လက်ရွေးစင် အမျိုးသမီးပိုက်ကျော်ခြင်းအသင်းသည် အမျိုးသမီးလေးယောက်တွဲ ပြိုင်ပွဲ၌ ရွှေတံဆိပ်ဆုနှင့် အမျိုးသမီး သုံးယောက်တွဲပြိုင်ပွဲ၌ ကြေးတံဆိပ်ဆုတို့ကို ဆွတ်ခူးခဲ့ကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲတွင် ပြိုင်ပွဲဝင်အသင်းငါးသင်းဖြင့် အုပ်စုပတ်လည်ယှဉ်ပြိုင်ရသော အမျိုးသမီးလေးယောက်တွဲပြိုင်ပွဲတွင် မြန်မာအသင်းသည် ထိုင်းအသင်း၊ Guizhou ပြည်နယ် (တရုတ်) အသင်း၊ လာအိုအသင်း၊ တရုတ်အသင်းတို့ကို အနိုင်ရပြီး ရွှေတံဆိပ်ဆုကို ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။

အလားတူ ပြိုင်ပွဲဝင်အသင်းငါးသင်းပါဝင်သည့် အမျိုးသမီးသုံးယောက်တွဲ ပြိုင်ပွဲတွင်လည်း ထိုင်းအသင်း၊ Guizhou ပြည်နယ် (တရုတ်)အသင်း၊ လာအိုအသင်း၊ တရုတ်အသင်းတို့နှင့် ယှဉ်ပြိုင်ခဲ့ပြီး ကြေးတံဆိပ်ဆုကို ထပ်မံဆွတ်ခူးခဲ့သည်။

ယခုပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် မြန်မာ့လက်ရွေးစင် အမျိုးသမီးပိုက်ကျော်ခြင်းအဖွဲ့တွင် အုပ်ချုပ်သူ ဦးဌေးဝင်းအောင်၊ နည်းပြ ဦးအောင်မျိုးဆွေ၊ ကစားသမားများအဖြစ် ယမုံဇင်၊ ဖူးဖူး၊ နေခြည်မွန်၊ ယဉ်ယဉ်ဌေး၊ သီရိအောင်တို့ ပါဝင်ခဲ့ကြကြောင်း သိရသည်။ STA

# မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲဝင် ဝန်ကြီးဌာနပိုင် ကလပ်သုံးသင်းကို တစ်ရာသီလျှင် ပံ့ပိုးငွေကျပ် သိန်း ၁၀၀၀ သီးသန့်ခွဲဝေပေးအပ်မည်

ရန်ကုန် ဇွန် ၂၃

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်က မြန်မာအမျိုးသမီးလိဂ် ပြိုင်ပွဲဝင် ဝန်ကြီးဌာနပိုင် ကလပ်အသင်းသုံးသင်းကို တစ်ရာသီလျှင် ပံ့ပိုးငွေကျပ် သိန်း ၁၀၀၀ သီးသန့်ခွဲဝေပေးအပ်သွားမည် ဖြစ်ကြောင်း သိရသည်။

လက်ရှိ မြန်မာအမျိုးသမီးလိဂ် ပြိုင်ပွဲတွင် ဝန်ကြီးဌာနပိုင် ကလပ်အသင်းများအဖြစ် သစ္စာအားမာန်အသင်း၊ မြဝတီအသင်း၊ ISPE အသင်းတို့ရှိနေပြီး မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်နေခြင်းဖြစ်သည်။

ပြီးခဲ့သည့် ရက်ပိုင်းအတွင်းက ပြည်ထဲရေးဝန်ကြီးဌာနပိုင် ကလပ်အသင်းတစ်သင်းဖြစ်သည့် သစ္စာအားမာန်အသင်းမှ ကစားသမား ဒီဇင်ဘာနွယ်က အင်တာဗျူးအစီအစဉ်တွင် အသင်းလိုအပ်ချက်များကို ပြောကြားခဲ့သည့်အတွက် လူမှုကွန်ရက်စာမျက်နှာထက်တွင် ဝေဖန်မှုများ ရှိလာခဲ့ပြီးနောက် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော်က သစ္စာအားမာန်အသင်းမှ တာဝန်ရှိသူများနှင့် ကစားသမားများထံ သွားရောက်တွေ့ဆုံပြီး ညှိနှိုင်းမှုများလုပ်ဆောင်ခဲ့ခြင်းဖြစ်သည်။

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော်က သစ္စာအားမာန်အသင်းမှ တာဝန်ရှိသူများနှင့် သွားရောက် တွေ့ဆုံခဲ့ပြီးနောက် ကစားသမားများ၏ အိပ်ဆောင်များ၊ လေ့ကျင့်ရေးကွင်းများ၊ အစားအသောက်ပိုင်း၊ အခြားလိုအပ်ချက်များအတွက် အသုံးပြုနိုင်ရန် ဝန်ကြီးဌာနပိုင် ကလပ်အသင်းသုံးသင်းကို တစ်ရာသီလျှင် ပံ့ပိုးငွေကျပ် သိန်း ၁၀၀၀ သီးသန့်ခွဲဝေပေးအပ်မည်ဖြစ်ကြောင်း အတည်ပြုခဲ့သည်။

မြန်မာအမျိုးသမီးလိဂ် ပြိုင်ပွဲဝင်ဝန်ကြီးဌာနပိုင် ကလပ်အသင်းများအနေဖြင့် အစောပိုင်းရာသီများတွင် ထိပ်တန်းအသင်းများအဖြစ်ရပ်တည်ပြီး အောင်မြင်မှုများရရှိခဲ့သော်လည်း နောက်ပိုင်းတွင် အခြားပုဂ္ဂလိကပိုင် ကလပ်အသင်းများက ငွေကြေးများစွာ ရင်းနှီးမြှုပ်နှံပြီး အဆင့်မြင့်တင်မှုများ လုပ်ဆောင်ခဲ့ပြီးနောက် ဝန်ကြီးဌာနပိုင် ကလပ်အသင်းများအနေဖြင့်လည်း ရုန်းကန်နေခြင်းဖြစ်ကြောင်း သိရသည်။ STA

# ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲတွင် အာဂျင်တီးနား၊ ပြင်သစ်၊ နော်ဝေအသင်းတို့ ၃၂ သင်း ရှုံးထွက်အဆင့်တက်ရောက်

ဝါရှင်တန် ဇွန် ၂၃

အမေရိကန်၊ မက္ကဆီကို၊ ကနေဒါနိုင်ငံတို့က သုံးနိုင်ငံပူးတွဲအိမ်ရှင်အဖြစ် လက်ခံကျင်းပနေသည့် ၂၀၂၆ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ၌ အုပ်စုနှစ်ပွဲကစားပြီးချိန်တွင် အာဂျင်တီးနားအသင်း၊ ပြင်သစ်အသင်း၊နော်ဝေအသင်းတို့၃၂သင်း ရှုံးထွက်အဆင့်သို့ တက်ရောက်ခဲ့ကြောင်း Fotmob သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

အဆိုပါပြိုင်ပွဲ အုပ်စု(J)တွင် အုပ်စု ဒုတိယပွဲစဉ်အဖြစ် ကစားခဲ့သည့် အာဂျင်တီးနားအသင်းနှင့် ဩစတြီးယားအသင်းတို့ ပွဲစဉ်တွင် အာဂျင်တီးနားအသင်းက အနိုင်ရခဲ့ပြီးနောက် နှစ်ပွဲနိုင် ရမှတ်ခြောက်မှတ်ဖြင့် အုပ်စုပထမနေရာတွင် ရပ်တည်နေပြီး အုပ်စုပွဲစဉ်တစ်ပွဲကစားရန်အလိုတွင် ၃၂ သင်း ရှုံးထွက်အဆင့် တက်ရောက်နိုင်ခဲ့ခြင်းဖြစ်သည်။

အလားတူ အုပ်စု(I)တွင်လည်း အုပ်စုဒုတိယပွဲစဉ်တွင် ပြင်သစ်အသင်းက အီရတ်အသင်းကို သုံးဂိုး ဂိုးမရှိဖြင့် အနိုင်ရခဲ့သကဲ့သို့ နော်ဝေအသင်းသည်လည်း ဆီနီဂေါအသင်းကို သုံးဂိုး နှစ်ဂိုးဖြင့် အနိုင်ရခဲ့သည့်အတွက် အုပ်စုပွဲစဉ်တစ်ပွဲစီကစားရန်အလိုတွင် ပြင်သစ်အသင်းက ရမှတ် ခြောက်မှတ်ဖြင့် အုပ်စုပထမ၊ နော်ဝေအသင်းကလည်း ရမှတ် ခြောက်မှတ်ဖြင့် အုပ်စုဒုတိယနေရာတွင် ရပ်တည်နေပြီး ၃၂ သင်း ရှုံးထွက်အဆင့်သို့ တက်ရောက်ခဲ့ခြင်းဖြစ်သည်။

လက်ရှိ ၂၀၂၆ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲတွင် မက္ကဆီကိုအသင်း၊ အမေရိကန်အသင်း၊ ဂျာမနီအသင်း၊ အာဂျင်တီးနားအသင်း၊ ပြင်သစ်အသင်း၊ နော်ဝေအသင်းတို့မှာ ၃၂ သင်း ရှုံးထွက်အဆင့်သို့ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

Ref : Fotmob

Trs : STA

# ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ကလိုဆေး၏သွင်းဂိုးစံချိန်ကို ပြင်သစ်အသင်းမှ အမ်ဘာပီလိုက်မီခဲ့ပြီး ဒုတိယ သွင်းဂိုးအများဆုံးကစားသမားဖြစ်လာ



ဝါရှင်တန် ဇွန် ၂၃

ပြင်သစ်အသင်း တိုက်စစ်မှူး အမ်ဘာပီသည် ပြင်သစ်အသင်းနှင့် အီရတ်အသင်းတို့ကစားခဲ့သည့်ပွဲစဉ်တွင် သွင်းဂိုး နှစ်ဂိုးသွင်းယူခဲ့ပြီးနောက် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲတွင် ဂျာမနီအသင်းတိုက်စစ်မှူးဟောင်း ကလိုဆေး၏ သွင်းဂိုးစံချိန်ကို လိုက်မီခဲ့ပြီး ဒုတိယမြောက် သွင်းဂိုးအများဆုံးကစားသမား ဖြစ်လာခဲ့ကြောင်း B/R Football သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

အမ်ဘာပီသည် ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲ အုပ်စုအဖွင့်ပွဲစဉ်အဖြစ်ကစားခဲ့သည့် ပြင်သစ်အသင်းနှင့် ဆီနီဂေါအသင်းတို့ပွဲစဉ်တွင် သွင်းဂိုး နှစ်ဂိုး သွင်းယူခဲ့သကဲ့သို့ အုပ်စုဒုတိယပွဲစဉ်အဖြစ် ကစားခဲ့သည့် အီရတ်အသင်းနှင့်ပွဲစဉ်တွင်လည်း ပွဲချိန် ၁၄ မိနစ်နှင့် ၅၄ မိနစ်တို့တွင် သွင်းဂိုး နှစ်ဂိုး သွင်းယူခဲ့ပြီးနောက် ယခင်က ကမ္ဘာ့ဖလားပြိုင်ပွဲ သွင်းဂိုးအများဆုံး ကစားသမားအဖြစ် သွင်းဂိုး ၁၆ ဂိုးဖြင့် ရပ်တည်နေသည့် ကလိုဆေး၏ သွင်းဂိုးစံချိန်ကို လိုက်မီခဲ့ခြင်းဖြစ်သည်။

အမ်ဘာပီသည် ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ပြင်သစ်အသင်းနှင့်အတူ ၁၅ ပွဲ ကစားထားပြီး သွင်းဂိုး ၁၆ဂိုး ထိရှိလာခဲ့ကာ ၂၄ ပွဲ ကစားပြီး သွင်းဂိုး ၁၆ ဂိုး သွင်းယူခဲ့သည့် ကလိုဆေး၏စံချိန်ကို ကိုးပွဲလျော့ပြီး လိုက်မီခဲ့ခြင်းဖြစ်သည်။

လက်ရှိ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲတွင် သွင်းဂိုးအများဆုံးကစားသမားအဖြစ် အာဂျင်တီးနားအသင်းမှ မက်ဆီက ၂၈ ပွဲ ကစားထားပြီး သွင်းဂိုး ၁၈ ဂိုးနှင့် ထိပ်ဆုံးတွင် ရပ်တည်နေသည့်အတွက် အမ်ဘာပီအနေဖြင့် မက်ဆီ၏ သွင်းဂိုးစံချိန်ကိုပါ လိုက်မီနိုင်ဖွယ်ရှိနေကြောင်း သိရသည်။

Ref : B/R Football

Trs : STA

# ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲသမိုင်းတစ်လျှောက် သွင်းဂိုးအများဆုံးကစားသမားအဖြစ် အာဂျင်တီးနားအသင်းမှ မက်ဆီ စံချိန်သစ်တင်



**ဝါရှင်တန် ဇွန် ၂၃**

၂၀၂၆ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ အုပ်စုဒုတိယပွဲစဉ်အဖြစ် ကစားခဲ့သည့် အာဂျင်တီးနားအသင်းနှင့် ဩစတြီးယားအသင်းတို့ပွဲစဉ်တွင် အာဂျင်တီးနားအသင်းအတွက် မက်ဆီက သွင်းဂိုးနှစ်ဂိုး သွင်းယူခဲ့ပြီးနောက် ကမ္ဘာ့ဖလားပြိုင်ပွဲ သမိုင်းတစ်လျှောက်တွင် သွင်းဂိုးအများဆုံးကစားသမားအဖြစ် စံချိန်သစ်တင်နိုင်ခဲ့ကြောင်း B/R Football သတင်းဝက်ဘ်ဆိုက် ယနေ့တွင် ဖော်ပြခဲ့သည်။

အာဂျင်တီးနား အသင်းက ဩစတြီးယားအသင်းကို နှစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရခဲ့သည့်ပွဲစဉ်၌ မက်ဆီသည် ပွဲချိန် ကိုးမိနစ်တွင် ပင်နယ်တီ လွဲချော်ခဲ့သော်လည်း ပွဲချိန် ၃၈ မိနစ်နှင့် ပွဲချိန် မိနစ် ၉၀ ပြည့်ပြီးအချိန်ပို ငါးမိနစ်တွင် သွင်းဂိုး နှစ်ဂိုးသွင်းယူခဲ့ပြီးနောက် ဂျာမနီအသင်းတိုက်စစ်မှူးဟောင်း ကလိုဆေး၏ သွင်းဂိုး ၁၆ ဂိုး စံချိန်ကို နှစ်ဂိုးအသာဖြင့် ကျော်ဖြတ်ကာ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ သွင်းဂိုးအများဆုံး ကစားသမားအဖြစ် စံချိန်သစ် တင်ခဲ့ခြင်းဖြစ်သည်။

အလားတူ မက်ဆီသည် ဩစတြီးယားအသင်းနှင့်ပွဲစဉ်တွင် ဂိုးသွင်းယူခဲ့ပြီးနောက် ပြင်သစ်အသင်း ကစားသမားဟောင်း ဂျက်ဖောင်တိန်နှင့် ဘရာဇီးအသင်း ကစားသမားဟောင်း ဇိုင်ယာဇန် ဟိုတို့ပြီးလျှင် ခြောက်ပွဲဆက် ဂိုးသွင်းယူနိုင်သည့် တတိယမြောက် ကစားသမားဖြစ်လာခဲ့သည်။

ထို့ပြင် မက်ဆီသည် ၂၀၂၂ ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲတွင် ၁၆ သင်း ရှုံးထွက်အဆင့်ပွဲစဉ်၊ ကွာတားဖိုင်နယ်ပွဲစဉ်၊ ဆီမီးဖိုင်နယ်ပွဲစဉ်၊ ဗိုလ်လုပွဲစဉ်တို့တွင် လေးပွဲဆက် ဂိုးသွင်းယူခဲ့သကဲ့သို့ လက်ရှိ ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲတွင်လည်း အုပ်စုနှစ်ပွဲဖြစ်သည့် အယ်လ်ဂျီးရီးယား အသင်း၊ ဩစတြီးယားအသင်းတို့ ဂိုးသွင်းယူခဲ့ပြီးနောက် ကမ္ဘာ့ဖလားပြိုင်ပွဲ၌ ခြောက်ပွဲဆက် ဂိုးသွင်းယူနိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Ref : B/R Football

Trs : STA

# အိုလံပစ်နေ့အထိမ်းအမှတ် အမျိုးသမီး ဖူဆယ်ပြိုင်ပွဲ ရန်ကုန်မြို့တွင် ကျင်းပ

**ရန်ကုန် ဇွန် ၂၃**

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် ဖူဆယ်နှင့် သဲသောင်ပြင်ဘောလုံး ကော်မတီသည် ယနေ့တွင် ကျရောက်သည့် နိုင်ငံတကာ အိုလံပစ်နေ့အထိမ်းအမှတ်အဖြစ် အမျိုးသမီး ဖူဆယ်ပြိုင်ပွဲကို ယနေ့ မွန်းလွဲပိုင်းက ရန်ကုန်မြို့ MFF Futsal Stadium တွင် ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါ အိုလံပစ်နေ့အထိမ်းအမှတ်လှုပ်ရှားမှုအနေဖြင့် ကျင်းပသော အမျိုးသမီးဖူဆယ်ပြိုင်ပွဲသို့ ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး မြို့တော်ဝန် ဦးမျိုးမြင့်အောင်၊ ဖူဆယ်နှင့် သဲသောင်ပြင် ဘောလုံးကော်မတီ ဥက္ကဋ္ဌ ဦးဝင်းသော်၊ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးထွန်းထွန်းအောင်၊ တွဲဖက် အထွေထွေအတွင်းရေးမှူး ဦးစည်သူဝင်း၊ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် ဖူဆယ်နှင့် သဲသောင်ပြင်ဘောလုံးကော်မတီမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

အိုလံပစ်နေ့ အထိမ်းအမှတ်လှုပ်ရှားမှုအနေဖြင့် ကျင်းပသော အမျိုးသမီး ဖူဆယ်ပြိုင်ပွဲကို မြန်မာ့လက်ရွေးစင် အမျိုးသမီး ဖူဆယ်ကစားသမားများ၊ ပဏာမ လက်ရွေးစင် အမျိုးသမီး ယူ-၁၉ အမျိုးသမီးအသင်းမှ ကစားသမားများ စုပေါင်းကာ အသင်းသုံးသင်းခွဲပြီး ယှဉ်ပြိုင်ကစားခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။ STA




# ချက်တင်းနစ်မယ် ဗွန်ဒရူဆိုဗာ တားမြစ်ဆေးဝါးသုံးစွဲမှုဆေးစစ်ခံရန် ပျက်ကွက်မှုကြောင့် လေးနှစ် ပွဲပယ်ပြစ်ဒဏ်ချမှတ်ခံရ

**ပရက်ဂ် ဇွန် ၂၃**

ချက်တင်းနစ်မယ် ဗွန်ဒရူဆိုဗာသည် တားမြစ်ဆေးဝါးသုံးစွဲမှု ဆေးစစ်ခံရန် ပျက်ကွက်သည့်စာရင်းတွင် ပါဝင်နေသည့်အတွက် ၎င်းကို ဥပဒေစည်းမျဉ်းများအရ လေးနှစ် ပွဲပယ်ပြစ်ဒဏ်ချမှတ်ခဲ့ကြောင်း နိုင်ငံတကာ တင်းနစ်သမာဓိအေဂျင်စီ(ITIA)က ထုတ်ပြန်ခဲ့သည်ဟု TSN သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ဗွန်ဒရူဆိုဗာသည် ၂၀၂၅ ခုနှစ် ဒီဇင်ဘာလတွင် တားမြစ်ဆေးတိုက်ဖျက်ရေးအဖွဲ့ချုပ်မှ ဆေးစစ်မှုခံယူရန် အကြောင်းကြားစာ လက်ခံရရှိခဲ့သော်လည်း ဆေးစစ်မှုခံယူရန် ပျက်ကွက်ခဲ့ပြီးနောက် နိုင်ငံတကာ တင်းနစ်သမာဓိ အေဂျင်စီ(ITIA)က ၎င်းကို တင်းနစ်အားကစားနှင့် ပတ်သက်မှုယာယီဆိုင်းငံ့ကြောင်း ထုတ်ပြန်ခဲ့သည်။

ထို့နောက် ဗွန်ဒရူဆိုဗာကို လိုအပ်သော စုံစမ်းစစ်ဆေးမှုများ ပြုလုပ်ခဲ့ပြီး ဥပဒေစည်းမျဉ်းများ ချိုးဖောက်ကြောင်း စစ်ဆေးတွေ့ရှိခဲ့ရသည့်အတွက် လေးနှစ်ပွဲပယ် ပြစ်ဒဏ် ချမှတ်ခံခဲ့ရခြင်းဖြစ်သည်။

ထို့ပြင် ကမ္ဘာ့အဆင့်(၁)အီတလီ တင်းနစ်ကစားသမား ဂျန်နစ်ခ်ဆင်နာသည်လည်း အလားတူဖြစ်စဉ်မျိုးဖြင့် ရင်ဆိုင်ခဲ့ရဖူးပြီး ပွဲပယ်ပြစ်ဒဏ်အဖြစ် လအနည်းငယ်သာ ကျခံခဲ့ရသော်လည်း ဗွန်ဒရူဆိုဗာကို လေးနှစ်ထိ ပွဲပယ်ပြစ်ဒဏ် ချမှတ်ခဲ့ခြင်းအပေါ် ပရော်ဖက်ရှင်နယ် တင်းနစ်ကစားသမားများက နိုင်ငံတကာ တင်းနစ်သမာဓိအေဂျင်စီ(ITIA)ကို ဝေဖန်မှုများ ပြုလုပ်နေကြောင်း သိရသည်။

Ref : TSN

Trs : AZL

# U.S. Open ဂေါက်သီးရိုက်ပြိုင်ပွဲအပြီး ကမ္ဘာ့အဆင့်သတ်မှတ်ချက်တွင် စကော့တီရှက်ဖလာ ကမ္ဘာ့အဆင့်(၁)နေရာ၌ ဆက်လက်ရပ်တည်

**နယူးယောက် ဇွန် ၂၃**

အမေရိကန်နိုင်ငံ နယူးယောက်ပြည်နယ်၌ ကျင်းပခဲ့သော U.S. Open ဂေါက်သီးရိုက်ပြိုင်ပွဲအပြီးတွင် ပရော်ဖက်ရှင်နယ် ဂေါက်သီးရိုက်အဖွဲ့ချုပ်က ကမ္ဘာ့အဆင့်သတ်မှတ်ချက်ကို ထုတ်ပြန်ကြေညာခဲ့ရာ ရမှတ်များအရ အမေရိကန် ဂေါက်သီးရိုက်ကစားသမား စကော့တီရှက်ဖလာက ကမ္ဘာ့အဆင့်(၁)နေရာ၌ ဆက်လက်ရပ်တည်ခဲ့ကြောင်း Dead-spin သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

မြောက်အိုင်ယာလန် ဂေါက်သီးရိုက်ကစားသမား မက်အီရွိုင်း၊ အမေရိကန် ဂေါက်သီးရိုက်ကစားသမား ကင်မရွန်းယန်း၊ အင်္ဂလန် ဂေါက်သီးရိုက်ကစားသမား ဖစ်ဇ်ပက်ထရစ်၊ အမေရိကန် ဂေါက်သီးရိုက်ကစားသမား ဟန်လေတို့က ကမ္ဘာ့အဆင့်(၂)မှ အဆင့်(၅)နေရာအတွင်း အစဉ်လိုက် ဆက်လက်ရပ်တည်ခဲ့ကြသည်။

ကမ္ဘာ့အဆင့်(၁)မှ အဆင့်(၅)နေရာအတွင်း ရပ်တည်နေသည့် ကစားသမားများ အဆင့်အပြောင်းအလဲမရှိခဲ့သော်လည်း ယခင် ကမ္ဘာ့အဆင့်(၇) နေရာတွင် ရပ်တည်နေသည့် အင်္ဂလန် ဂေါက်သီးရိုက် ကစားသမား ဂျက်စတင်ရို့စ်က ကမ္ဘာ့အဆင့်(၆) နေရာသို့ တက်ရောက်လာခဲ့သည်။

အင်္ဂလန် ဂေါက်သီးရိုက် ကစားသမား ဖလက်ဝုဒ်က ကမ္ဘာ့အဆင့်(၇)နေရာသို့ ကျဆင်းခဲ့ပြီး U.S. Open ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ချန်ပီယံဆုကို ဆွတ်ခူးခဲ့သည့် အမေရိကန် ဂေါက်သီးရိုက်ကစားသမား ဝိုင်ဟက်ကလက်ခ်က ယခင် ကမ္ဘာ့အဆင့်(၃၄)နေရာမှ ကမ္ဘာ့အဆင့်(၈) နေရာထိ တက်ရောက်လာနိုင်ခဲ့သည်။

ယခင် ကမ္ဘာ့အဆင့်(၁၀)နေရာတွင်ရပ်တည်ခဲ့သည့် အမေရိကန် ဂေါက်သီးရိုက်ကစားသမား မိုရီကာဝါက ကမ္ဘာ့အဆင့်(၉)နေရာသို့ လည်းကောင်း ယခင် ကမ္ဘာ့အဆင့်(၈)နေရာတွင် ရပ်တည်ခဲ့သော စပိန် ဂေါက်သီးရိုက်ကစားသမား ဂွန်ရမ်းက ကမ္ဘာ့အဆင့်(၁၀) နေရာသို့ ကျဆင်းခဲ့ကြောင်း သိရသည်။

Ref : Deadspin

Trs : AZL

# မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲ ပွဲစဉ်(၂)တွင် ရတနာပုံအက်ဖ်စီအသင်းနှင့် ရောဝတီအသင်းတို့ နိုင်ပွဲကိုယ်စီရရှိ

**ရန်ကုန် ဇွန် ၂၃**

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ် ကော်မတီက ကြီးမှူးကျင်းပနေသည့် မြန်မာ အမျိုးသမီးလိဂ်ပြိုင်ပွဲ ပွဲစဉ်(၂) ပွဲစဉ်များကို ယနေ့ ညနေပိုင်းက ရန်ကုန်မြို့နှင့် ပုသိမ်မြို့တို့တွင် ကျင်းပခဲ့ရာ ရတနာပုံအက်ဖ်စီ အသင်းနှင့် ရောဝတီအသင်းတို့ နိုင်ပွဲကိုယ်စီ ရရှိခဲ့ကြကြောင်း သိရသည်။

မြန်မာအမျိုးသမီးလိဂ် ပြိုင်ပွဲ ပွဲစဉ်(၂)ပွဲစဉ်များအဖြစ် ယနေ့ ညနေ ၃ နာရီခွဲက ပုသိမ်မြို့ ကိုးသိန်း အားကစားကွင်းတွင် ရောဝတီအသင်းနှင့် Young Lion-esses အသင်းတို့ ကစားခဲ့ရာ ရောဝတီအသင်းက သုံးဂိုး ဂိုးမရှိဖြင့် အနိုင်ရပြီး ရောဝတီအသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ၃၇ မိနစ်တွင် Alyssa Ube၊ ပွဲချိန် မိနစ် ၄၀ နှင့် ၇၆ မိနစ်တို့တွင် စန်းသော်သော်တို့က သွင်းယူခဲ့သည်။



အလားတူ ညနေ ၄ နာရီက ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်းတွင် ရန်ကုန်စီးတီးအသင်းနှင့် ရတနာပုံအက်ဖ်စီ အသင်းတို့ ကစားခဲ့ရာ ရတနာပုံအက်ဖ်စီ အသင်းက ခြောက်ဂိုး ဂိုးမရှိဖြင့် အနိုင်ရပြီး ရတနာပုံအက်ဖ်စီ အသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ၁၆ မိနစ်၊ ၅၃ မိနစ်၊ မိနစ် ၉၀ တို့တွင် ဝင်းသိင်္ဂီထွန်း၊ ပွဲချိန် ၁၇ မိနစ်နှင့် ၅၁ မိနစ်တို့တွင် မာရီယာ၊ ပွဲချိန် ၈၄ မိနစ်တွင် ပင်မြင့်ယံတို့က သွင်းယူခဲ့ခြင်းဖြစ်သည်။

မြန်မာအမျိုးသမီးလိဂ် ပြိုင်ပွဲ ပွဲစဉ်(၂)နောက်ဆုံးပွဲစဉ်အဖြစ် ဇွန် ၂၄ ရက် ညနေ ၃ နာရီခွဲတွင် ရန်ကုန်မြို့ ပဒုမ္မာအားကစားကွင်း၌ သစ္စာအားမာန်အသင်းနှင့် ရှမ်းယူနိုက်တက်အသင်းတို့ ဆက်လက် ကစားသွားမည်ဖြစ်ကြောင်း သိရသည်။ STA

# ကျန်းမာရေးနှင့် နည်းပညာ

**မန္တလာဆရာမျိုး**



CT Scan ဖြင့် ရောဂါရှာဖွေနေပုံကို တွေ့ရစဉ်။

၂၁ ရာစုသည် နည်းပညာတော်လှန်ရေးခေတ်ဟု ခေါ်ဆိုနိုင်ပြီး ကွန်ပျူတာ၊ အင်တာနက်၊ စမတ်ဖုန်း၊ ဉာဏ်ရည်တု (Artificial Intelligence – AI) နှင့် ဒစ်ဂျစ်တယ်နည်းပညာများသည် လူသားတို့၏ နေ့စဉ်ဘဝကို ပြောင်းလဲပေးလျက်ရှိသည်။ ထိုပြောင်းလဲမှုသည် ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍကိုလည်း အကျိုးသက်ရောက်မှုရရှိစေခဲ့သည်။ ယခင်က ရောဂါရှာဖွေရန်၊ ဆရာဝန်နှင့် တိုင်ပင်ရန်၊ စမ်းသပ်စစ်ဆေးမှုများ ပြုလုပ်ရန်အချိန်နှင့် ကုန်ကျစရိတ်များစွာ လိုအပ်ခဲ့သော်လည်း ယနေ့ခေတ်တွင် နည်းပညာ၏အကူအညီဖြင့် ကျန်းမာရေးစောင့်ရှောက်မှုကို ပိုမိုမြန်ဆန်တိကျလာစေခဲ့သည်။ နည်းပညာသည် ကျန်းမာရေးစောင့်ရှောက်မှုအတွက် အထောက်အကူပြုရုံသာမက လူသားတို့၏ အသက်ရှည်ရေး၊ ဘဝအရည်အသွေးမြင့်မားရေးနှင့် ရောဂါကာကွယ်ရေးတို့အတွက်ပါ အရေးပါလျက်ရှိနေပြီဖြစ်သည်။

**ကျန်းမာရေးကဏ္ဍအတွက် နည်းပညာ**

နည်းပညာတိုးတက်မှုများကြောင့် ဆေးပညာ၏ ဖွံ့ဖြိုးတိုးတက်မှုသည် ပိုမိုမြန်ဆန်လာခဲ့သည်။ ယခင်ခေတ်များတွင် ဆရာဝန်များသည် လူနာ၏ လက္ခဏာများနှင့် ရုပ်ပိုင်းဆိုင်ရာစစ်ဆေးမှုများကိုသာ အဓိကအားထားခဲ့ရသည်။ သို့သော် ယနေ့တွင် ဓာတ်မှန် (X-ray)၊ အာထရာဆောင်း (Ultrasound)၊ CT Scan၊ MRI Scan၊ PET Scan စသည့် ခေတ်မီစက်ကိရိယာများကြောင့် ခန္ဓာကိုယ်အတွင်းရှိ ပြဿနာများကို တိကျစွာမြင်တွေ့နိုင်လာသည်။ ဥပမာအားဖြင့် ဦးနှောက်အတွင်း သွေးယိုစိမ့်မှု၊ အဆုတ်ကင်ဆာ၊ အသည်းအကျိတ်၊ နှလုံးသွေးကြောပိတ်ဆို့မှုများကို စောစီးစွာ ရှာဖွေတွေ့ရှိနိုင်သဖြင့် ကုသမှုအောင်မြင်မှုနှုန်း မြင့်တက်လာသည်။

**ရောဂါကို စောစီးစွာ ရှာဖွေဖော်ထုတ်နိုင်ခြင်း**

"Prevention is better than cure"ဟူသော ဆိုရိုးစကားအတိုင်း ရောဂါကိုဖြစ်လာမှ ကုသခြင်းထက် စောစီးစွာ ရှာဖွေတွေ့ရှိပြီး ကာကွယ်ခြင်းသည် ပိုမိုထိရောက်သည်။ ယနေ့ခေတ် နည်းပညာများကြောင့် ကင်ဆာရောဂါများ၊ ဆီးချိုရောဂါ၊ သွေးတိုးရောဂါ၊ နှလုံးရောဂါ၊ ကျောက်ကပ်ရောဂါ၊ အသည်းရောဂါများကို အစောပိုင်းအဆင့်တွင် သိရှိနိုင်လာသည်။ Laboratory Automation Systems များသည် သွေး၊ ဆီးနှင့် အခြားဓာတ်ခွဲနမူနာများကို မြန်ဆန်တိကျစွာ စမ်းသပ်ပေးနိုင်သည်။

**Telemedicine နှင့် Online Healthcare**

Telemedicine ဆိုသည်မှာ အင်တာနက်၊ ဖုန်း၊ Video Call များမှတစ်ဆင့် ဆရာဝန်နှင့်တိုင်ပင်ဆွေးနွေးနိုင်သောစနစ်ဖြစ်သည်။ ၎င်းစနစ်ကြောင့် အဝေးဒေသနေပြည်သူများ၊ အသက်ကြီးသူများ၊ သွားလာရခက်ခဲသူများ၊ နာတာရှည်ရောဂါရှိသူများအတွက် အထူးအကျိုးရှိစေသည်။ ဆေးရုံသို့ အကြိမ်ကြိမ်သွားရောက်ရန် မလိုအပ်တော့ဘဲ အချိန်နှင့် ကုန်ကျစရိတ်များကို လျှော့ချပေးနိုင်သည်။

**Smart Devices နှင့် ကျန်းမာရေး**

ယနေ့ခေတ်တွင် Smart Watch များနှင့် Fitness Tracker များ လူကြိုက်များလာသည်။ ထိုကိရိယာများသည် နှလုံးခုန်နှုန်း၊ သွေးတွင်းအောက်ဆီဂျင်ပမာဏ၊ လမ်းလျှောက်သည့် ခြေလှမ်းအရေအတွက်၊ လေ့ကျင့်ခန်းပြုလုပ်ချိန်၊ အိပ်စက်ချိန်တို့ကို စောင့်ကြည့်မှတ်တမ်းတင်ပေးနိုင်သည်။ အချို့ Smart Watch များသည် နှလုံးခုန်မမှန်ခြင်း (Ar-rhythmia) ကိုပင် ကြိုတင်သတိပေးနိုင်သဖြင့် နှလုံးရောဂါများကို စောစီးစွာ သိရှိနိုင်ရန် အထောက်အကူပြုလာသည်။

**Artificial Intelligence (AI) နှင့် ဆေးပညာ**

Artificial Intelligence (AI) သည် ကျန်းမာရေးနယ်ပယ်တွင် အလွန်အလားအလာကောင်းသော နည်းပညာတစ်ခုဖြစ်သည်။ AI ကို အသုံးပြု၍ ဓာတ်မှန်ဖတ်ရှုခြင်း၊ ကင်ဆာဆဲလ်ခွဲခြားသတ်မှတ်ခြင်း၊ ရောဂါခန့်မှန်းခြင်း၊ ဆေးဝါးသစ်ရှာဖွေခြင်းတို့ကို ဆောင်ရွက်နိုင်လာသည်။

Breast Cancer Screening များတွင် AI သည် Mammogram ပုံများကို ခွဲခြမ်းစိတ်ဖြာကာ မူမမှန်သည့် နေရာများကို ဆရာဝန်များထက် မြန်ဆန်စွာ ရှာဖွေပေးနိုင်သည်။ သို့သော် AI သည် ဆရာဝန်များကို အစားထိုးနိုင်မည်မဟုတ်ဘဲ ဆရာဝန်များ၏လုပ်ငန်းဆောင်တာများကို ပိုမိုထိရောက်စေရန် အထောက်အကူပြုသည့် ကိရိယာတစ်ခုသာဖြစ်သည်။

**ကျန်းမာရေးပညာပေးခြင်းနှင့် Social Media**

ယနေ့ခေတ်တွင် Facebook, YouTube, TikTok နှင့် Website များမှတစ်ဆင့် ကျန်းမာရေးအသိပညာများကို လွယ်ကူစွာရယူနိုင်သည်။ ကျန်းမာရေးနှင့်ပတ်သက်သော အာဟာရဗေဒ၊ ကိုယ်လက်လှုပ်ရှားမှု၊ ရောဂါကာကွယ်ရေး၊ စိတ်ကျန်းမာရေး၊ ကာကွယ်ဆေးထိုးခြင်း စသည့်အကြောင်းအရာများကို ပြည်သူများ ပိုမိုလေ့လာနိုင်လာသည်။ သို့သော် သတင်းမှား (Fake News) များ၊ သိပ္ပံအခြေခံမရှိသော အကြံပြုချက်များလည်း များပြားလာသဖြင့် သတိထားရန်လိုအပ်သည်။

**❖ နည်းပညာတိုးတက်မှုများကြောင့် ဆေးပညာ၏ ဖွံ့ဖြိုးတိုးတက်မှုသည် ပိုမိုမြန်ဆန်လာခဲ့သည်။ ယခင်ခေတ်များတွင် ဆရာဝန်များသည် လူနာ၏လက္ခဏာများနှင့် ရုပ်ပိုင်းဆိုင်ရာစစ်ဆေးမှုများကိုသာ အဓိကအားထားခဲ့ရသည်။ သို့သော် ယနေ့တွင် ဓာတ်မှန် (X-ray)၊ အာထရာဆောင်း(Ultrasound)၊ CTScan၊ MRI Scan၊ PET Scan စသည့်ခေတ်မီစက်ကိရိယာများကြောင့် ခန္ဓာကိုယ်အတွင်းရှိပြဿနာများကို တိကျစွာမြင်တွေ့နိုင်လာသည်။ ဥပမာအားဖြင့် ဦးနှောက်အတွင်း သွေးယိုစိမ့်မှု၊ အဆုတ်ကင်ဆာ၊ အသည်းအကျိတ်၊ နှလုံးသွေးကြောပိတ်ဆို့မှုများကို စောစီးစွာရှာဖွေတွေ့ရှိနိုင်သဖြင့် ကုသမှုအောင်မြင်မှုနှုန်း မြင့်တက်လာသည်။ ❖**

**နည်းပညာ၏ ဆိုးကျိုးများ**

နည်းပညာသည် အကျိုးကျေးဇူးများစွာရှိသော်လည်း ဆိုးကျိုးများလည်းရှိသည်။

Screen Time များလာခြင်း – ဖုန်း၊ ကွန်ပျူတာ၊ Tablet များကို အချိန်ကြာမြင့်စွာ အသုံးပြုခြင်းကြောင့် မျက်စိညောင်းညာခြင်း၊ ခေါင်းကိုက်ခြင်း၊ အိပ်မပျော်ခြင်း၊ လည်ပင်းနှင့် ခါးနာခြင်းတို့ ဖြစ်ပွားနိုင်သည်။

ကိုယ်လက်လှုပ်ရှားမှုလျော့နည်းခြင်း – နည်းပညာအပေါ် အလွန်အကျွံ မှီခိုလာခြင်းကြောင့် လေ့ကျင့်ခန်းပြုလုပ်မှုနည်းလာပြီး အဝလွန်ခြင်း၊ ဆီးချိုရောဂါ၊ သွေးတိုးရောဂါများ ဖြစ်နိုင်ခြေတိုးလာသည်။

စိတ်ကျန်းမာရေး ထိခိုက်ခြင်း – Social Media ကို အလွန်အကျွံအသုံးပြုခြင်းသည် စိတ်ဖိစီးမှုစိုးရိမ်ပူပန်မှု၊ စိတ်ဓာတ်ကျခြင်းတို့ကို ဖြစ်စေနိုင်သည်။

**ကျန်းမာရေးနှင့် နည်းပညာကို ဟန်ချက်ညီစွာ အသုံးပြုခြင်း**

နည်းပညာသည် လူသားတို့၏ ကျန်းမာရေးကို မြှင့်တင်ပေးနိုင်သော်လည်း မှန်ကန်စွာအသုံးပြုနိုင်မှသာ အကျိုးရှိမည်ဖြစ်သည်။ ထို့ကြောင့် Screen Time ကို ထိန်းချုပ်သင့်သည်။ နေ့စဉ် လေ့ကျင့်ခန်းပြုလုပ်သင့်သည်။ အွန်လိုင်းသတင်းများကို မျက်စိမှိတ်မယုံကြည်သင့်ပါ။ ယုံကြည်စိတ်ချရသော ကျန်းမာရေးအဖွဲ့အစည်းများ၏ သတင်းအချက်အလက်များကိုသာ လိုက်နာသင့်သည်။ ကျန်းမာရေးပြဿနာများရှိပါက ဆရာဝန်နှင့် တိုင်ပင်သင့်သည်။

**နည်းပညာ၏ အကျိုးကျေးဇူးများ**

ကျန်းမာရေးအတွက် နည်းပညာ၏ အကူအညီဖြင့် ရောဂါများကို စောစီးစွာရှာဖွေနိုင်ခြင်း၊ ပိုမိုတိကျစွာ ကုသနိုင်ခြင်း၊ ကျန်းမာရေးအသိပညာများကို အလွယ်တကူရယူနိုင်ခြင်းတို့ကြောင့် လူသားတို့၏ အသက်ရှည်ရေးနှင့် ဘဝအရည်အသွေးမြင့်မားရေးကို များစွာအထောက်အကူပြုလျက်ရှိသည်။ သို့သော် နည်းပညာသည် ဆရာဝန်ကို အစားထိုးနိုင်မည်မဟုတ်သကဲ့သို့ လူသားတို့၏ကျန်းမာရေးအလေ့အထကောင်းများကိုလည်း အစားထိုးပေးနိုင်မည်မဟုတ်ပါ။ ထို့ကြောင့် နည်းပညာ၏ အကျိုးကျေးဇူးများကိုအသုံးချကာ ကျန်းမာစေနိုင်သော လူနေမှုပုံစံနှင့် ပေါင်းစပ်ကျင့်သုံးနိုင်မှသာကျန်းမာရေးကောင်းမွန်သော ခေတ်မီလူ့အဖွဲ့အစည်းကို တည်ဆောက်နိုင်မည်ဖြစ်ပါသည်။


**ပြည်ပတွင် သွားရောက်အလုပ်လုပ်ကိုင်မည့်သူများအနေဖြင့် မလိုလားအပ်သော ဆုံးရှုံးမှုများမဖြစ်ပေါ်စေရေး သတ်မှတ်ချက်များနှင့်အညီဆောင်ရွက်ရန် တိုက်တွန်းနှိုးဆော်ခြင်း**

၁။ ပြည်ပတွင် သွားရောက်လုပ်ကိုင်မည့်သူများအနေဖြင့် ဥပဒေနှင့်အညီမှတ်ပုံတင်ခြင်း၊ ပြည်ပအလုပ်အကိုင်အတွက် နိုင်ငံကူးလက်မှတ် (Passport for Job–PJ) လျှောက်ထားရယူခြင်း၊ ပြည်ပအလုပ်အကိုင်အလုပ်သမားသက်သေခံကတ်(OWIC) လျှောက်ထားရယူခြင်းတို့မရှိဘဲ ပြည်ပအလည်အပတ်နိုင်ငံကူးလက်မှတ်(Passport for Visit–PV)ကိုသာ လျှောက်ထားရယူထားပြီး ပြည်ပအလုပ်အကိုင်ဗီဇာများရယူကာ လေကြောင်းခရီးဖြင့် ပြည်ပထွက်ခွာရန်ဆောင်ရွက်လျက်ရှိကြသဖြင့် သက်ဆိုင်ရာက လေဆိပ်တွင်စိစစ်သည့်အခါ သတ်မှတ်ချက်များနှင့်မကိုက်ညီသည့်အတွက် ပြည်ပသို့ထွက်ခွာခွင့်မရခြင်းများကြောင့် လေယာဉ်လက်မှတ်ခအပါအဝင် အခြားသောကုန်ကျစရိတ်များ ဆုံးရှုံးရသည့်ဖြစ်စဉ်များ ဖြစ်ပေါ်လျက်ရှိပါသည်။

၂။ သို့ပါ၍ ပြည်ပတွင် သွားရောက်အလုပ်လုပ်ကိုင်လိုသူများအနေဖြင့် မလိုလားအပ်သည့် ဆုံးရှုံးနစ်နာမှုများမဖြစ်ပေါ်စေရေးအတွက် ဥပဒေနှင့်အညီမှတ်ပုံတင်ခြင်း၊ ပြည်ပအလုပ်အကိုင်အတွက် နိုင်ငံကူးလက်မှတ်(Passport for Job–PJ)လျှောက်ထားရယူခြင်း၊ ပြည်ပအလုပ်အကိုင်အလုပ်သမားသက်သေခံကတ်(OWIC)လျှောက်ထားရယူခြင်းတို့အား ဆောင်ရွက်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။ **အလုပ်သမားဝန်ကြီးဌာန**

# TMW Film Production က ရိုက်ကူးထုတ်လုပ်သည့် လူပျိုထောင်း ရုပ်ရှင်ဇာတ်ကားကို Shwe Nadi Application မှ ထုတ်လွှင့်သွားမည်




**ရန်ကုန် ဇွန် ၂၃**

TMW Film Production က ရိုက်ကူးထုတ်လုပ်သည့် လူပျိုထောင်း ရုပ်ရှင်ဇာတ်ကားကို ဇွန် ၂၉ ရက်တွင် Shwe Nadi Application မှ တစ်ပိုင်းတည်းအပြီး ဇာတ်လမ်းအဖြစ် ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း အဆိုပါ ဇာတ်ကားတွင် ပါဝင်ထားသူ သရုပ်ဆောင် ခင်လှိုင်ထံမှ သိရသည်။

အဆိုပါ လူပျိုထောင်း ရုပ်ရှင်ဇာတ်ကား၏ ဝတ္ထုဇာတ်လမ်းကို အိ(အရုဏ်ဦး)က ရေးသားထားကာ ရာဇဝင်ကိုက ဇာတ်ညွှန်းရေးထားပြီး ဒါရိုက်တာ အိ (အရုဏ်ဦး) က TMW Film Production အတွက် တာဝန်ယူ ပုံဖော်ရိုက်ကူးပေးထားကြောင်း သိရသည်။

"ဒီဇာတ်ကားက သဘာဝကျကျ အချစ်ဟာသဇာတ်မြူးလေးပါ။ လူငယ်ဘဝ၊ လူငယ်စိုတွဲတွေရဲ့ ရယ်ရွှင်ဖွယ်ရာ အဖြစ်အပျက်ကလေးတွေကို ပေါင်းစည်းထားတဲ့ ဟာသဇာတ်မြူးလေးပါ။ လူငယ်တွေ ကြိုက်ကြမှာဖြစ်သလို ဘဝအမောတွေပြေစေမဲ့ ဇာတ်ကားတစ်ကား ဖြစ်ပါတယ်"ဟု သရုပ်ဆောင် ခင်လှိုင်က ပြောပြသည်။

လူပျိုထောင်း ရုပ်ရှင်ဇာတ်ကားတွင် သရုပ်ဆောင်များအဖြစ် ထူးအောင်၊ သိန်းလင်းစိုး၊ ခင်လှိုင်၊ ဇော်ဝင်းနိုင်(မန်း)၊ ဆင်မ၊ လျှန်းထက်အောင်၊ ကျော်ထူး၊ Kညီ၊ သွက်လက်၊ အောင်သီဟ၊ မောင်ကင်း၊ မင်းလူနတ်(ဇော်ကြီး)၊ ရန်ပြေ၊ မယ်လိုဒီ၊ ယုသန္တာတင်၊ နော်ဖောအယ်ထား၊ မေပန်းချီ၊ တက္ကသိုလ်ဂွမ်းပုံနှင့် အနုပညာရှင်များစွာ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။ ASH

# ဗီယက်နမ်နိုင်ငံတွင် ကျင်းပသည့် Miss Multicultural World 2026 ပြိုင်ပွဲတွင် မြန်မာနိုင်ငံကိုယ်စားပြုအလှမယ် စိုးမဉ္ဇူလွင် ဝင်ရောက်ယှဉ်ပြိုင်နေ

**ရန်ကုန် ဇွန် ၂၃**

ဗီယက်နမ်နိုင်ငံတွင် ကျင်းပသည့် Miss Multicultural World 2026 ပြိုင်ပွဲတွင် မြန်မာနိုင်ငံကိုယ်စားပြုအလှမယ် စိုးမဉ္ဇူလွင် ဝင်ရောက် ယှဉ်ပြိုင်နေကြောင်း အလှမယ် စိုးမဉ္ဇူလွင်ထံမှ သိရသည်။

Miss Multicultural World 2026 ပြိုင်ပွဲကို ယနေ့မှ စတင်ကာ ဇွန် ၂၉ ရက်ထိ ဗီယက်နမ်နိုင်ငံ၊ ဟနွိုင်းမြို့တွင် ကျင်းပနေခြင်းဖြစ်ပြီး မြန်မာနိုင်ငံအပါအဝင် အိန္ဒိယ၊ အမေရိကန်၊ ဖိလစ်ပိုင်၊ ဗီယက်နမ်၊ ရုရှား၊ ထိုင်း၊ တရုတ်၊ မွန်ဂိုလီးယား၊ မော်ရိုကို စသည့် နိုင်ငံများမှ နိုင်ငံကိုယ်စားပြုအလှမယ်များ ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိကြောင်း သိရသည်။




"ညီမက ဗီယက်နမ်နိုင်ငံမှာ ကျင်းပနေတဲ့ Miss Multicultural World မှာ မြန်မာနိုင်ငံကိုယ်စားပြုအနေနဲ့ ပထမဆုံးသွားရောက်ယှဉ်ပြိုင်ရတာဖြစ်လို့ ရင်ခုန်ပါတယ်။ ဒီပြိုင်ပွဲမှာ မြန်မာနိုင်ငံရဲ့ တန်ဖိုးရှိတဲ့ ယဉ်ကျေးမှုအမွေအနှစ်တွေကို ချပြသွားမှာပါ။ National Costume ပိုင်းဆိုရင်လဲ ဒီဇိုင်နာမြတ်သိင်္ခယ် ဖန်တီးချုပ်လုပ်ထားတဲ့ ဝတ်စုံကို ဝတ်ဆင်ရမှာဖြစ်လို့ တာဝန်ကြီးပါတယ်။ ကိုယ့်နိုင်ငံကိုယ်စားပြုအနေနဲ့ အကောင်းဆုံးကြိုးစားယှဉ်ပြိုင်မှာမို့ အားပေးကြဖို့လည်းပြောချင်ပါတယ်"ဟု အလှမယ် စိုးမဉ္ဇူလွင်က ပြောပြသည်။

အဆိုပါ Miss Multicultural World 2026 ပြိုင်ပွဲ၏ Miss Multicultural World 2026 Grand Final ပြိုင်ပွဲကို ဇွန် ၂၉ ရက်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ASH

# ဇူလိုင် ၃ ရက်တွင်ကျရောက်မည့် မြန်မာအမျိုးသမီးများနေ့တွင် တင်ဆက်မည့် ရုပ်ရှင်၊ သဘင်နှင့် ဂီတဖျော်ဖြေပွဲအတွက် အကြိုလေ့ကျင့်မှုပြုလုပ်နေ

**ရန်ကုန် ဇွန် ၂၃**

ဇူလိုင် ၃ ရက်နေ့တွင် ကျရောက်မည့် မြန်မာအမျိုးသမီးများနေ့တွင် တင်ဆက်မည့် ရုပ်ရှင်၊ သဘင်နှင့် ဂီတဖျော်ဖြေပွဲအတွက် အကြိုလေ့ကျင့်မှုကို ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ်ရှိ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးတွင် ပြုလုပ်နေကြောင်း သိရသည်။

အဆိုပါ ရုပ်ရှင်၊ သဘင်နှင့် ဂီတဖျော်ဖြေပွဲတွင် ရန်အောင်၊ မြန်မာပြည်သိန်းတန်၊ ဝေဠုကျော်၊ ကျော်ရဲအောင်၊ ညီနန္ဒ၊ ဇင်မျိုး၊ ကျော်ကျော်၊ မိုးယံဇွန်၊ ဟန်ထူးဈာန်၊ ဟိန်းတေဇ၊ ကြယ်သီး၊ စိုးမြတ်သူဇာ၊ စိုးမြတ်နန္ဒာ၊ မေတ္တာမြင့်မြတ်ဟိန်း၊ ဆုပန်ထွာ၊ နွေးနွေးချစ်ဖွယ်၊ မမဆောင်း၊ ဆုမြတ်နိုးဦး၊ နန်းခင်ဇေယျာ၊ ပွင့်၊ မှုံနံ့သာကျော်ရဲအောင်၊ ဈာန်ဈာန်ဟန်သာတို့ ပါဝင်ကြမည်ဖြစ်ပြီး တေးသရုပ်ဖော်၊ စင်တင်ပြဇာတ်၊ တေးသီချင်းများဖြင့်လည်း ဖျော်ဖြေသွားမည် ဖြစ်ကြောင်း သိရသည်။

"မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ်ကြီးကနေ ကျင်းပတဲ့ ဒီပွဲတော်ကြီးကို အရင်နှစ်တွေက ဖျော်ဖြေ တင်ဆက်ခဲ့ပါတယ်။ ဒီနှစ်မှာလဲ ဖိတ်ကြားလာတဲ့အတွက် ပါဝင်သီဆိုဖျော်ဖြေမှာပါ။ အနုပညာရှင်တစ်ယောက်အနေနဲ့ ဒီလိုဖျော်ဖြေရလို့လဲ ဝမ်းသာပါတယ်။ အခုက အန်ကယ်က မြန်မာပြည်ကို ခဏပြန်ရောက်နေတာပါ"ဟု ဂန္ထဝင်တေးသံရှင် မြန်မာပြည်သိန်းတန်က ပြောပြသည်။

မြန်မာအမျိုးသမီးများနေ့အတွက် ရုပ်ရှင်၊ သဘင်၊ ဂီတတို့ ပူးပေါင်းတင်ဆက်မည့် ဖျော်ဖြေပွဲကို နေပြည်တော်ရှိ မြန်မာကွန်ဗင်းရှင်းစင်တာခန်းမ (MCC) ၌ ကျင်းပ သွားမည်ဖြစ်ကြောင်း သိရသည်။ ASH

# Palm Grove လျှို့ဝှက်သည်းဖိုဇာတ်ကား၌ ကိတ်ဟက်ဆန်နှင့် အန်နာဒီအားမက်တို့ ပါဝင်မည်

**နယူးယောက် ဇွန် ၂၃**

Palm Grove အမည်ရှိ လျှို့ဝှက်သည်းဖိုဇာတ်ကားသစ်၌ မင်းသမီးကိတ်ဟက်ဆန်နှင့် အန်နာဒီအားမက်တို့ ပါဝင်မည်ဖြစ်ကြောင်း ဇွန် ၂၂ ရက် သတင်းများအရ သိရသည်။

မိုင်ယာမီမြို့တော်ကို နောက်ခံထားရိုက်ကူးမည့် Palm Grove ဇာတ်ကားသည် ဇနီးမောင်နှံနှစ်ဦး၏ လျှို့ဝှက်သော ဆက်ဆံရေးအခြေအနေကို ဇာတ်အိမ်ဖွဲ့ရိုက်ကူးမည့်လျှို့ဝှက်သည်းဖို ဇာတ်ကားဖြစ်ကြောင်း သိရသည်။

Palm Grove ဇာတ်ကားကို ဒါရိုက်တာ ကော်နဲမန်ဒရူဇိုက တာဝန်ယူ ရိုက်ကူးပေးမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ဇာတ်ကားအတွက် ဝတ္ထုဇာတ်ညွှန်းကို ဇာတ်ညွှန်းရေးဆရာ ဂျိမ်းမိုရိုစီနီနှင့် ပီတာချားနင်းတို့က ရေးသားပေးထားကြောင်း သိရသည်။

ဒါရိုက်တာ ကော်နဲမန်ဒရူဇိုသည် White God ဇာတ်ကား၊ Pieces of a Woman ဇာတ်ကားများဖြင့် ထင်ရှားခဲ့သော ဒါရိုက်တာဖြစ်ကြောင်း သိရသည်။

လက်ရှိအချိန်တွင် Palm Grove ဇာတ်ကား စတင်ရိုက်ကူးမည့်ရက်နှင့် ရုံတင်ပြသမည့်ရက်တို့ကို မသိရသေးကြောင်း သိရသည်။

**Ref : Sputnik News**

**Trs : KKO**





# Tomorrow and Tomorrow and Tomorrow ကို ၂၀၂၇ ခုနှစ် နိုဝင်ဘာလတွင် ရုံတင်ရန်စီစဉ်ထား

**နယူးယောက် ဇွန် ၂၃**

Tomorrow and Tomorrow and Tomorrow ရုပ်ရှင်ဇာတ်ကားသစ်ကို ၂၀၂၇ ခုနှစ် နိုဝင်ဘာ ၁၂ ရက်တွင် ရုံတင်ပြသရန် စီစဉ်ထားကြောင်း ဇွန် ၂၂ ရက် သတင်းများအရ သိရသည်။

အဆိုပါ ရုပ်ရှင်ဇာတ်ကားကို စာရေးဆရာ ဂါဘရီယယ်ဇင်ဗင်း၏ ခေါင်းစဉ်အမည်တူ ဝတ္ထုကို အခြေခံရိုက်ကူးထားသည့် ဇာတ်ကားဖြစ်ကြောင်း သိရသည်။

Tomorrow and Tomorrow and Tomorrow ဇာတ်ကားကို ဒါရိုက်တာ စီယံဟီဒါက တာဝန်ယူ ရိုက်ကူးပေးထားသည်။

၎င်းဇာတ်ကားအတွက် ဝတ္ထုဇာတ်ညွှန်းကိုလည်း ဒါရိုက်တာ စီယံဟီဒါကပင် ရေးသားပေးထားကြောင်း သိရသည်။


Tomorrow and Tomorrow and Tomorrow ဇာတ်ကားတွင် အဓိက ဇာတ်ကောင်အဖြစ် မင်းသမီး ဒေစီအက္ဂါဂျုံးက ပါဝင်သရုပ်ဆောင်ထားသည်။

အဆိုပါဇာတ်ကားသည် ငယ်သူငယ်ချင်းနှစ်ဦး၏ အချစ်ဇာတ်လမ်းကို ဇာတ်အိမ်ဖွဲ့ ရိုက်ကူးထားသော ဒရာမာဇာတ်ကားဖြစ်ကြောင်း သိရသည်။

**Ref : Russia Today**

**Trs : KKO**





# President of the Republic of the Union of Myanmar U Min Aung Hlaing addresses Union government meeting

# Myanmar is rich in aboveground and underground natural resources and what it needs is the ability to work and the willingness to work, and it is crucial to actually get the work done



**President of the Republic of the Union of Myanmar U Min Aung Hlaing delivers an address at the Union government meeting.**

**Nay Pyi Taw June 23**

A Union government meeting of the Republic of the Union of Myanmar took place at the Union government meeting hall of the Presidential Office in Nay Pyi Taw this afternoon, addressed by President U Min Aung Hlaing.

Also present at the meeting were Vice Presidents U Nyo Saw and Daw Nang Ni Ni Aye, union ministers, the Nay Pyi Taw Council chair. Region/state chief ministers attended the meeting through video conferencing.

**National prosperity calls for inclusive participation**

In his keynote address, the President said the government has to take the responsibility for the national prosperity, giving priority to sector-wise implementation of the task with the coordinated participation of all the regions and states. Projects that call for financial year-wise action must be fully implemented. Upgrading of the education and road transport sectors must be prioritized in the coming FY.

**Ongoing production businesses must be continued, while developing the business functions**

The country's production industry is still weak, he pointed out. The President said "I paid an official visit to India in early May, and later, I was on a State Visit to China." During the visits, meetings with entrepreneurs were organized, holding talks on promotion of Myanmar's foreign trade and internal and external foreign direct investments, with the aim of increasing domestic production. Increase in domestic and foreign investments will generate jobs and develop the production industry. Production development and continued functioning of the existing production businesses should be in parallel. In this way, there will be development in the domestic production sector, he said.

The relevant ministries and regions and states must closely supervise and execute the task of ensuring a continuous supply of inputs without losing sight of the objective for the production industry to operate at full capacity. Myanmar is rich in aboveground and underground natural resources, the President noted, adding that what the country needs is the ability to work and the willingness to work, and it is crucial to actually get the work done. The eagerness to work is relevant to every person, while the government on its part must generate job opportunities. As both the intellectual knowledge and technological knowledge are essential for possessing the capacity and the technical skill to work, they must be disseminated. This will develop the domestic production industry. Every region and state must pay attention to ensuring production development through the operation of all factories.

**Agricultural and livestock sectors need progress**

As the rainy season has started, preparations should be made to plant the designated crops as targeted. Four essential points – seeds, soil, water and technology – must be observed for the development of agriculture. Efforts should be made for the availability of quality seeds that will increase the crop yield. Required inputs including chemical and natural fertilizers must be applied systematically in ground preparation work. In addition, adequate water supply and correct methods are also required. Myanmar is an agro-country, so, all the selected crops must be planted as targeted.

All regions and states must strive to achieve further progress in the livestock business. Illegal export of cattle and buffaloes has led to the scarcity of the draught animals in regions and states. Shortage of cattle and buffaloes can harm agricultural business. Hence, farming zones should be set up to raise a large number of the draught animals. The zones should also farm milk cows. Moreover, they should also raise chicken, pigs, goats and fish to ensure an extra food supply.

**Country needs a large workforce skilled in agricultural and livestock science**

The total number of school enrollment in all regions and states has exceeded 7.2 million. The government is now implementing the compulsory education system up to Grade 9. If every student completes Grade 9, it will be very helpful for his life. As Myanmar is based on agriculture and livestock, it needs a large number of experts in the fields of agriculture and livestock. Hence, basic agricultural and livestock farming skills are being taught starting from the middle school level. Collective efforts must be made to raise the school attendance rate in every region and state to increase the educated persons.

It can be seen that some basic education schools had to be closed while some were integrated with others for teaching for various reasons. It is necessary to take measures to enable students to fully study their lessons in all basic education schools in areas where security has been guaranteed. Concerning the wish to upgrade schools, it is to take the current number of school-aged children who can go to school in a region into consideration. As the government has to manage the number of teaching staff required and administrative needs in upgrading schools, it is important to make systematic assessments before upgrading schools. Relevant ministries and regions and states are required to take systematic measures for the development of the education sector.

**Relevant officials are to correctly place emphasis on nurturing athletes who can represent the image of the country**

For the development of the sports sector, athletes must be trained systematically starting from basic education schools. Students must be trained under physical education instructors and sports coaches to enable them to participate in sports. Similarly, sports competitions at relevant township-, district-, region-, state- and union-levels must be systematically organized. As our country still has weaknesses in competing international sporting events, concerted efforts must be made for the development of the sports sector. It is necessary for relevant officials to correctly place emphasis on nurturing athletes who can represent the image of the country. Long-term social security of athletes must be taken into consideration. Only then will the sports sectors of the country achieve progress.

**Needs to utilize electricity systematically**

Illegal use of electricity is being exposed and action is taken against them. Responsible officials are required to consistently take monitoring measures to ensure the systematic and correct use of electricity. Efforts must also be made to operate electricity plants at their full capacities. Solar power generation is one of the most suitable tasks for the country. Therefore, national entrepreneurs must be invited to generate solar power.As electricity can be generated from coal, which is not needed to be imported, measures must be taken to build coal-fired power plants to generate sufficient electricity for the country. Efforts must also be made to manufacture and sell EVs from beginning to end locally and measures must be taken to use electric trucks and public transportation vehicles in the country.

**Local food security**

Local food security measures are implemented by relevant regions and states. For some areas, which have difficulty ensure food security due to various reasons, the State has been fulfilling the needs by looking for ways and means as much as possible. Efforts must also be made for sufficiency of edible oil and emphasis must be placed on successfully cultivating oil crops such as soya beans, sun flower, sesame and peanut.

**Union ministers submit reports**

Then, union ministers and chief ministers of regions and states made reports on relevant sectors.

**Efforts to be made to understand public voices correctly to align wishes of people with government policies**

Then, the President made concluding remarks, saying union ministers, chief ministers of regions and states, officials at district and state levels are required to have good relations with their departmental staff and maintain consistent and fair governance models. It is also necessary for them to help solve the difficulties of staff at work and in their personal lives as much as possible. Furthermore, they are required to help solve the difficulties of the people through possible means to enable the public to lead their lives in peace of mind and body. As only when the wishes of the people are correctly understood, can their problems be solved, it is important to have good public relations. Although the government has to adopt and implement policies for what it wants, it is important not to neglect the wishes of the people. As wishes and the natures of the people will not be the same in sectors such as education, health and social sectors based on their social strata, efforts must be made to understand public voices correctly to align the wishes of the people with government policies and to achieve socio-economic development of the State and its citizens. Then, the meeting concluded. MNA

# President U Min Aung Hlaing replies to queries raised by local media

President of the Republic of the Union of Myanmar U Min Aung Hlaing responded to the queries raised by local media from Myanmar on his State Visit to the People's Republic of China at the invitation of Chinese President Mr Xi Jinping. The full text of the translated interview with local media is as follows:

**U Kyaw Zaw Lin, Chief Editor of Eleven Media Group:** Within 100 days of assuming office as President, the President had already met the leaders of two major countries, India and now China. Prior to that, foreign ministers from five countries also came to Nay Pyi Taw to meet the President. According to available information, more foreign ministers and other diplomats are also expected to meet the President. In that context, how do you think this shift—from the diplomatic isolation of the past five years to the current situation—could bring positive outcomes for Myanmar and its people?

**President:** International diplomatic relations among countries are an important sector for the respective states. This includes diplomatic relations in general—relations between leaders, relations between governments, diplomatic engagements, and economic ties. There are many dimensions to it. So, regarding the five-year period you mentioned earlier, it was said that the country was isolated. In fact, we have been making efforts—real efforts. However, various political actions were taken against us. In reality, it is political in nature. We therefore made a decision to firmly implement the political system we have adopted. Because we have been carrying out that system properly, such conditions have emerged. We have already successfully made the change. We will continue to strengthen this. If so, I believe Myanmar's participation in international relations can improve beyond its previous level. Regarding your earlier question about whether other countries will come, that is correct—they will come. Invitations have been extended, and there are also countries that have invited me to visit.Similarly, the Foreign Minister and their respective counterparts—the ministers from the relevant ministries—also engage in the same way. Likewise, organizations, starting from young people and other institutions, extend invitations in various forms, and we also receive visits from them. This means these are all opportunities for the country. If we make good use of them, we must use them properly and sincerely. We cannot use them for exploitation or self-interest. If there is an intention to exploit, then nothing will ever become stable. If we act sincerely and correctly, then stability will be achieved. Both our current political system and economic system are genuinely aimed at working for the good of the country with sincerity. In international relations as well, we engage with sincerity. I do not distinguish based on who has strengths or weaknesses; we pursue an independent and active foreign policy with all countries. This is truly the most solid approach. Furthermore, with regard to India and China, we are engaging with them based on the Five Principles of Peaceful Coexistence. Therefore, if we proceed on this basis, I would say Myanmar's future is very promising.



President U Min Aung Hlaing replies to queries raised by local media.

**Myanmar Narrative Think Tank Chairman U Ko Ko (Ko Ko-Sethmu Tekkatho):** If we look at China's Belt and Road Initiative and Myanmar's potential for regional connectivity together, it is said that Myanmar could serve as a strategic land bridge connecting China, ASEAN, and the Indian Ocean. In that case, as a land-bridge country, do you have any plans to further advance Myanmar's role in this regard?

**President:** In fact, Myanmar is not only a land-bridge country; it is also a true choke point country. A real junction of this kind has a very large impact. For example, if we look toward the Indian Ocean side, there are India, Bangladesh, and countries from the western region. Now, with emerging prospects for peace in the Middle East, many opportunities are opening up, and we can make use of them. That is one point. In addition, for China as well, and similarly for India, if conditions allow on their side, there will be connectivity towards China. Myanmar has areas that connect with their borders. However, if these countries move toward China, they will have space to operate in areas where competition is possible. Likewise, ASEAN countries can also move through Myanmar. It is not only India and China; other countries can also use Myanmar as a base to move toward India, China, or ASEAN. We need to be able to take advantage of this. For that to be possible, stability and peace are very important—political stability and security stability. The lives of the people also need stability and peace; life stability is necessary. Politics is one part, and the lives of the people are another part. They are not the same; they must be separated. If we can do this, there are many positive conditions for the country to benefit from and make use of. That is what I would like to emphasize—that there are many favorable conditions for Myanmar to utilize.

**U Kyaw Zaw Lin:** During this period, you met with two major countries—China and India. In terms of purchasing power parity, China is ranked first in the world, while India is ranked third. These countries with strong purchasing power are important partners. India, for example, places strong emphasis on the India-Myanmar-Thailand corridor. China, on the other hand, focuses on the Belt and Road Initiative (BRI). So, what plans do you have as President to accelerate the realization of these routes? In connection with this, during your meetings with President Xi Jinping and Prime Minister Modi, it was observed that both India and China emphasized the importance of these major projects and security. Therefore, as a new government, how do you plan to address and manage the security aspects of these matters?

**President:** Security management means ensuring the rule of law in the country. If there is rule of law, security will naturally follow. However, while rule of law and security are closely connected, political stability is also important. If the political direction is correct and stable, rule of law and security will naturally come along as well. If there is no political stability, or if things are unfair and unstable, then there will be security problems. Looking back at history, there have been problems caused by politics—issues and "escape routes", so to speak. We are currently in a period of practising a multiparty democratic system. So if we use this correctly and properly, then the opportunities for cooperation with those two major countries I mentioned earlier can be realized through Myanmar as cross-border connectivity—like the three-country linkages we discussed earlier. The connectivity links from India to Myanmar and from Myanmar to Thailand. But it is not limited to that. From India, one can also go to China, and China can also connect in the same way. From our country, routes can extend to South-East Asian and ASEAN countries. Then, through the Indian Ocean outlet, access is also possible to countries in the western region. This is not a small opportunity—it is a very large one. If we look only at the two countries, it is a huge market of over 1.2 billion people. For them, Myanmar is a small market. But for Myanmar, it is a truly large market in itself. It is like the difference between a lake and an ocean. We need to be able to make use of this. And what role does stability and peace play here, as mentioned earlier? Stability and peace are essential for that support. Without stability and peace, we cannot benefit from these opportunities. Therefore, to achieve stability and peace, politics is the most important factor. We need to make our political system truly strong. We must ensure trust and cooperation. However, no matter how much we build political trust, what ultimately matters is the mindset of the people—the concept held by the public. We must work to ensure that their way of thinking can align with and support this direction. There are many reform processes involved here. This cannot be achieved in one or two years, and not even in four or five years. It may take around 10 or even 15 years of sustained effort. However, what is most important is the mindset of citizens who genuinely want what is good for their country. Every citizen who wants to improve the country—all of them, including the entire population—must be included. You cannot pick and choose and leave some people out. Everyone must be included. If some people feel dissatisfied or have grievances, they will continue to create problems. It is these kinds of issues that have led to political instability. To prevent such problems, we must proceed in accordance with law and regulations. People will naturally have different opinions and diverse wishes; they cannot all be the same. Therefore, everything must be guided by rules and laws. However, when we talk about this, it should not be rigid. It should not be enforced in an overly strict or inflexible way. It should be relaxed and balanced. What we must do is ensure that the people are satisfied and at peace. That is the key point. In simple terms, the answer is this: we must ensure the well-being and satisfaction of the people.

**Myanmar Narrative Think Tank Chairman U Ko Ko:** If we look at the current global situation, we can see more clearly the emergence of what is called a multipolar world, meaning a world with multiple centers of power. Because of this multipolar world, smaller countries also have greater opportunities to expand partnerships and cooperation with other countries. So what we would like to ask from you, Mr President, is this: Myanmar has recently received a friendship visit from the People's Republic of China, and bilateral relations between the two countries are also improving and being elevated. Based on this friendship and strengthened relationship, how can Myanmar take advantage of the opportunities arising in this emerging multipolar world?

**President:** There is a lot. With regard to the multipolar world, if you look at countries around the world, all of them have their own aspirations. So in the past, things moved toward a unipolar or bipolar system. It became unipolar. We were the ones who suffered from it. Even under unipolarity, we suffered, and under bipolarity, with competing rivals, the pressure became even greater. There is this problem. Multipolarity, if it can be achieved, would mean that all countries, as well as regions and groups, would exist and compete with one another. If things develop in this way, then all countries will benefit equally. There will be no discrimination—no discrimination based on race, skin colour, religion, or region. We must work to eliminate these. If we can do this, the world will become more stable, peaceful, and developed. This is something we need to be able to make use of.

# Deputy Commander-in-Chief of Defence Services Commander-in-Chief (Army) General Kyaw Swa Lin addresses officers, other ranks and family members at Bokpyin Station



General Kyaw Swa Lin addresses Tatmadaw officers, other ranks and family members at Bokpyin Station.

**Nay Pyi Taw June 23**

Deputy Commander-in-Chief of Defence Services Commander-in-Chief (Army) General Kyaw Swa Lin, accompanied by his wife, Daw Nan Kuu Ku, senior military officers from the Office of the Commander-in-Chief and their wives, Coastal Region Command Commander Maj Gen Kyaw Kyaw Han, and other responsible officials, travelled to Bokpyin Station this afternoon, where he delivered an address to officers, other ranks and family members at the station hall.

Firstly, General Kyaw Swa Lin gave his address. He stated that, owing to the fact that vote-rigging had taken place in the hands of the then ruling party in the 2020 multi-party democratic general election, which constituted an attempt to unlawfully seize state power, the military had been obliged to assume and safeguard the various duties of the State in accordance with the Constitution (2008).

He noted that, as a result of incitement and agitation by unscrupulous elements in response to the Tatmadaw's fulfilment of these state duties, unrest and acts of terrorism had erupted. The Tatmadaw, he said, had been compelled to suppress these acts of terrorism lawfully, with restraint and discipline. He expressed recognition and pride in the officers, other ranks and families who had braved all dangers, disregarding their own lives, and had done their utmost, with all their physical and intellectual might, to prevent the collapse of the State and to ensure that the sovereignty of the State was not violated.

He went on to say that, because some organizations that did not want to see State peace and stability were conducting violent activities on the pretext of politics, the Tatmadaw was required to maintain security in necessary locations across the country. To be able to protect the State fully, the military needed to be strong and resilient. To that end, service personnel, regardless of whether they served in infantry, rapid deployment or combat support units, must always train to be ready to carry out their national defence duties competently. He emphasised that service personnel should combine the military skills and tactical knowledge imparted to them at various training establishments with the practical experiences gained in the field, in order to execute operations successfully. He also stressed that officers and other ranks must continually study and keep abreast of evolving military science.

General Kyaw Swa Lin further remarked that Tatmadaw members must conduct themselves with proper discipline, as only then could they, individually and collectively, perform assigned orders and duties proficiently. He urged service personnel constantly to train to enhance their individual combat effectiveness. To build a highly capable military, he said, every service member must be obedient to orders and, with a spirit of comradeship, strive diligently to discharge their respective responsibilities.

He added that each soldier must train to master the military skills required of their role, and that the military tactics taught in training institutions must be applied competently in accordance with the terrain and the nature of the enemy in their operational area. To fulfil national duties effectively, service personnel also needed to be physically fit, and he advised them to engage in daily physical exercise and to avoid habits and diets that might harm their health.

The General noted that terrorist insurgents, motivated only by self-interest, were engaging in the illegal extraction and sale of the State's valuable natural resources, the trafficking and sale of narcotic drugs, and online fraud and gambling operations, all of which had damaged the nation's dignity. He stated that the Government was tackling these activities as a matter of national duty so that such activities could not prevail in the country, and that the Tatmadaw was effectively safeguarding the national interest against these harmful acts.

Turning to the families of Tatmadaw members, General Kyaw Swa Lin said that family members must conduct themselves as good and supportive companions to their serving relatives. He also mentioned that ongoing efforts were being made to improve educational standards, and that families must work together to ensure that their children and other family members became educated individuals.

He concluded by stating that leaders responsible for commanding units and battalions must, with parental care and the spirit of good commanders, devote all their physical and mental capacities and goodwill to ensuring unity and fairness in their command and administration of subordinates.

After the meeting, General Kyaw Swa Lin presented provisions to the officers, other ranks and families at the station, which were received by a responsible official from the station. Similarly, the wife of the General donated funds to the Maternal and Child Welfare Association at the station, which were also accepted by a station official.

Subsequently, the Deputy Commander-in-Chief of Defence Services Commander-in-Chief (Army) and members of his entourage cordially went around and greeted the officers, other ranks and family members who had attended the gathering.

100



General Kyaw Swa Lin greets Tatmadaw officers, other ranks and family members at Bokpyin Station.

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Another illegal seven-story residential building used in committing online scam gambling operations within the Shwe Kokko area systematically blasted, demolished, and destroyed, 63 illegal residential buildings destroyed in total

**Before demolition.**





**Before the demolition of an illegal 7-storey residential building in Shwe Kokko, Myawaddy District, Kayin State, which had been used for online scam gambling operations.**





**The demolition of the illegal 7-storey residential building in Shwe Kokko, Myawaddy District, Kayin State, which had been used for online scam gambling operations, using explosives.**





**Preparing to demolish the illegal 7-storey residential building in Shwe Kokko, Myawaddy District, Kayin State, which had been used for online scam gambling operations, using explosives.**

**Nay Pyi Taw June 23**

As joint departmental teams are carrying out the complete demolition and destruction of illegal buildings and the systematic destruction of equipment used in operations in the Shwe Kokko and KK Park areas of Myawaddy Township, Kayin State, where online scam gambling operations were based, it is reported that another illegal seven-story residential building within the Shwe Kokko area was systematically blasted, demolished, and destroyed today.

Out of 77 buildings used in committing online scam gambling operations within the Shwe Kokko area, categorizing them by building type into 57 buildings to be demolished and destroyed with machinery and 20 buildings to be destroyed by blasting, and systematically demolishing and destroying them, it is reported that another seven-story residential building out of the 20 buildings designated to be blasted, demolished, and destroyed was systematically blasted and destroyed today.

It is received news that joint departmental teams have systematically demolished and destroyed a total of 63 illegal buildings used in committing online scam gambling operations up to today, and will continue to systematically destroy the remaining 14 illegal buildings to be destroyed. 100

# Local farmers to grow more than 19,000 acres of Sterculia versicolor plants in Monywa Township

**Monywa June 23**

Local farmers are preparing to grow 19,070 acres of Sterculia versicolor plants in Monywa District of Sagaing Region this year, according to the district Agriculture Department.

During the 2026-2027 monsoon crop cultivation season, Monywa District is targeting the cultivation of 19,070 acres of Sterculia versicolor plants across the townships. The township-wise targets are 237 acres in Monywa Township, 2,595 acres in Budalin Township, 15,683 acres in Ayadaw Township, and 555 acres in ChaungU Township, according to reports.

"This year, during the monsoon cultivation season, Monywa District has targeted the cultivation of 19,070 acres of Sterculia versicolor plants. Efforts will be made to ensure that the targeted acreage is fully achieved. Sterculia versicolor plants are drought-resistant; it can be grown in various soil types, and is also a tropical forest species. It can thrive in areas with low rainfall and rocky upland terrain. Therefore, cultivation of Letphew can be expanded in such regions," said Dr Tin Mar Mar Oo, Head of the District Department of Agriculture in Monywa District.

The Department of Agriculture is also encouraging Sterculia versicolor plants growers to cultivate the crop using chemical-free GAP practices. Letphew produced from farms cultivated under GAP methods will be issued GAP certification, and because the crop is produced with reduced chemical use, it is expected to gain stronger market acceptance compared to conventionally grown Sterculia versicolor plants.

In addition, the Department of Agriculture will cooperate with the merchants association to help increase Sterculia versicolor yields and improve market access for the crop. 206



**A Sterculia versicolor plantation.**

# ပြည်တွင်း၊ ပြည်ပရင်းနှီးမြှုပ်နှံမှုများ တိုးတက်လာခြင်းဖြင့် အလုပ်အကိုင်များရရှိမည်ဖြစ်သကဲ့သို့ ပြည်တွင်းကုန်ထုတ်လုပ်မှုလုပ်ငန်းများ တိုးတက်လာမည်ဖြစ်၊ ကုန်ထုတ်လုပ်ငန်းများ ပိုမိုတိုးတက်အောင်ဆောင်ရွက်သကဲ့သို့ ရှိရင်းစွဲကုန်ထုတ်လုပ်ငန်းများကိုလည်း စဉ်ဆက်မပြတ်ဆောင်ရွက်နေရန်လို . . .

**ရှေ့ဖုံးမှအဆက်**

Video Conferencing ဖြင့် တက်ရောက်ကြသည်။




ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးသို့ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက Video Conferencing ဖြင့် တက်ရောက်ကြစဉ်။

### တိုင်းပြည်သာယာဝပြောရေးအတွက် အားလုံးပူးပေါင်း အကောင်အထည်ဖော်ဆောင်ရွက်

ဦးစွာ နိုင်ငံတော်သမ္မတက အဖွင့်အမှာစကားပြောကြားရာတွင် တိုင်းပြည်သာယာဝပြောရေးအတွက် နိုင်ငံတော်အစိုးရကတာဝန်ယူဆောင်ရွက်ရခြင်းဖြစ်ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် အားလုံးပူးပေါင်း၍ လုပ်ငန်းများအောင်မြင်မှုရှိစေရေးအတွက် ကဏ္ဍအလိုက်အလေးထား အကောင်အထည်ဖော် ဆောင်ရွက်သွားကြရန်လိုကြောင်း၊ ဘဏ္ဍာနှစ်အလိုက် အကောင်အထည်ဖော်ဆောင်ရွက်ရမည့် စီမံကိန်းများကို အပြည့်အဝအကောင်အထည်ဖော်ဆောင်ရွက်သွားကြရန် လိုကြောင်း၊ ယခုလာမည့် ဘဏ္ဍာနှစ်အတွင်း ပညာရေးကဏ္ဍနှင့် လမ်းပန်းဆက်သွယ်မှုကဏ္ဍများ အဆင့်မြှင့်တင်ခြင်းကို အလေးထားဆောင်ရွက်သွားရန်လိုကြောင်း။

### လုပ်ငန်းများတိုးတက်အောင် ဆောင်ရွက်သကဲ့သို့ ရှိရင်းစွဲကုန်ထုတ်လုပ်ငန်းများကိုလည်း စဉ်ဆက်မပြတ်ဆောင်ရွက်နေရန်လို

ကုန်ထုတ်လုပ်မှုနှင့်ပတ်သက်၍ မိမိတို့နိုင်ငံတွင် ကုန်ထုတ်လုပ်မှုများ အားနည်းနေဆဲပင်ဖြစ်ကြောင်း၊ မိမိအနေဖြင့်ပြီးခဲ့သည့်လဆန်းပိုင်းတွင် အိန္ဒိယသမ္မတနိုင်ငံသို့ တရားဝင်ခရီးစဉ်သွားရောက်ခဲ့ပြီး မကြာမီရက်ပိုင်းက တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ နိုင်ငံတော်အဆင့် ခရီးစဉ်သွားရောက်ခဲ့ကြောင်း၊ ထိုသို့ခရီးစဉ်များသွားရောက်စဉ် မိမိတို့နိုင်ငံတွင်ပြည်ပကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများ ပိုမိုတိုးတက်လာစေရေးစီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးခြင်းများဆောင်ရွက်ခဲ့ကြောင်း၊ ထိုသို့ဆောင်ရွက်ခဲ့ခြင်းသည် မိမိတို့နိုင်ငံ၏ ပြည်တွင်းကုန်ထုတ်လုပ်မှုလုပ်ငန်းများ တိုးတက်လာစေရေးအတွက် ဆောင်ရွက်ခဲ့ခြင်းပင်ဖြစ်ကြောင်း၊ ပြည်တွင်း၊ ပြည်ပရင်းနှီးမြှုပ်နှံမှုများ တိုးတက်လာခြင်းဖြင့် အလုပ်အကိုင်များရရှိမည်ဖြစ်သကဲ့သို့ ပြည်တွင်းကုန်ထုတ်လုပ်မှုလုပ်ငန်းများတိုးတက်လာမည်ဖြစ်ကြောင်း၊ ကုန်ထုတ်လုပ်ငန်းများပိုမိုတိုးတက်အောင်ဆောင်ရွက်သကဲ့သို့ ရှိရင်းစွဲကုန်ထုတ်လုပ်ငန်းများကိုလည်း စဉ်ဆက်မပြတ်ဆောင်ရွက်နေရန်လိုကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်ခြင်းဖြင့် မိမိတို့နိုင်ငံ၏ ပြည်တွင်းကုန်ထုတ်လုပ်မှုများ တိုးတက်လာမည်ဖြစ်ကြောင်း။

ကုန်ထုတ်လုပ်ငန်းများ စွမ်းအားပြည့်လည်ပတ်နိုင်ရန်အတွက် လိုအပ်သည့် သွင်းအားစုများရရှိစေရေး သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များအနေဖြင့် မျက်ခြည်မပြတ်ကြပ်မတ်ဆောင်ရွက်ပေးသွားကြရန် လိုကြောင်း၊ မိမိတို့နိုင်ငံတွင် မြေပေါ်မြေအောက်သယံဇာတများ၊ အရင်းအမြစ်ကောင်းများစွာကို ပိုင်ဆိုင်ထားပြီးဖြစ်ပြီး လိုအပ်နေသည်မှာ အလုပ်လုပ်နိုင်ရန်နှင့် အလုပ်လုပ်ချင်စိတ်ရှိရန်ဖြစ်ပြီး အမှန်တကယ်အလုပ်လုပ်ရန်လိုကြောင်း၊ အလုပ်လုပ်ချင်စိတ်သည် လူတိုင်းနှင့်သက်ဆိုင်ပြီး အလုပ်လုပ်နိုင်ရန်အတွက် အလုပ်အကိုင်အခွင့်အလမ်းများလိုအပ်သဖြင့် နိုင်ငံတော်က အလုပ်အကိုင်အခွင့်အလမ်းများ အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ အလုပ်လုပ်နိုင်ရန်နှင့် အလုပ်လုပ်တတ်ရန်အတွက် အသိပညာ၊ အတတ်ပညာများရှိရန် လိုအပ်သဖြင့် လိုအပ်သည်များကို သင်ကြားပြသပေးရန်လိုကြောင်း၊ ထိုသို့ဆောင်ရွက်ပေးခြင်းဖြင့် ပြည်တွင်းကုန်ထုတ်လုပ်ငန်းများတိုးတက်လာမည်ဖြစ်ကြောင်း၊ စက်ရုံ၊ အလုပ်ရုံများအားလုံးလည်ပတ်နိုင်ရေးနှင့် ကုန်ထုတ်လုပ်မှုများ တိုးတက်လာစေရေး တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် အလေးထားဆောင်ရွက်သွားကြရန်လိုကြောင်း။

### စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ရန်လို

ယခုအခါ မိုးရာသီသို့ရောက်ရှိပြီဖြစ်သဖြင့် စိုက်ပျိုးရန်သတ်မှတ်ထားသည့် သီးနှံများ ရာနှုန်းပြည့်စိုက်ပျိုးနိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်သွားရန် လိုကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများ တိုးတက်စေရေးအတွက် မျိုး၊မြေ၊ရေ၊နည်းစသည့် လေးချက်ကို လိုက်နာဆောင်ရွက်ရန်လိုကြောင်း၊ မျိုးကောင်းမျိုးသန့်များရရှိမှသာ အထွက်နှုန်းများ တိုးတက်လာမည်ဖြစ်သဖြင့် မျိုးကောင်းမျိုးသန့်များရရှိစေရေးဆောင်ရွက်သွားကြရန်လိုကြောင်း၊ မြေကောင်းမွန်ရေးအတွက်လည်း လိုအပ်သည့်သွင်းအားစုများဖြစ်သည့် ဓာတ်မြေဩဇာနှင့် သဘာဝဓာတ်မြေဩဇာများကို စနစ်တကျထည့်သွင်းပြုပြင်ဆောင်ရွက်သွားရန် လိုကြောင်း၊ အလားတူ စိုက်ပျိုးရေနှင့် အောင်ရေများ လုံလောက်စွာရရှိရေးအတွက်လည်း ဆောင်ရွက်ပေးရန်လိုပြီး နည်းစနစ်တကျစိုက်ပျိုးရန်လည်းလိုကြောင်း၊ မိမိတို့နိုင်ငံသည် စိုက်ပျိုးရေးနိုင်ငံဖြစ်သည့်အတွက် စိုက်ပျိုးရန်သတ်မှတ်ထားသည့် သီးနှံများအားလုံး ရာနှုန်းပြည့်စိုက်ပျိုးနိုင်ရန်လိုကြောင်း။

မွေးမြူရေးနှင့်ပတ်သက်၍ တိုင်းဒေသကြီးနှင့်ပြည်နယ်များအလိုက် ပိုမိုတိုးတက်အောင်ဆောင်ရွက်သွားကြရန်လိုကြောင်း၊ ပြည်ပနိုင်ငံများသို့ ကျွဲနွားများကို တရားမဝင်တင်ပို့ခြင်းများကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ကျွဲနွားများရှားပါးလာသည်ကို တွေ့ရှိရကြောင်း၊ ကျွဲနှင့်နွားများရှားပါးလာမှုကြောင့် စိုက်ပျိုးရေးလုပ်ငန်းများကိုထိခိုက်လာနိုင်ကြောင်း၊ ထို့ကြောင့် ကျွဲနှင့်နွားများ ပိုမိုတိုးတက်မွေးမြူနိုင်ရေး မွေးမြူရေးဇုန်များဖြင့် တစ်အုပ်တစ်မမွေးမြူဆောင်ရွက်သွားကြရန်လိုကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် နို့စားနွားများကိုပါထည့်သွင်းမွေးမြူသွားရန်လိုကြောင်း၊ အလားတူ ဒေသအလိုက်စားသောက်ရေးကို အထောက်အကူပြုစေမည့် ကြက်၊ ဝက်၊ ဆိတ်နှင့် ငါးများကိုလည်း တိုးတက်မွေးမြူသွားကြရန်လိုကြောင်း။

### စိုက်ပျိုးရေးနှင့်မွေးမြူရေးပညာရပ်များကို တတ်ကျွမ်းသည့် လူသားအရင်းအမြစ်များ များစွာလိုအပ်

ပညာရေးနှင့်ပတ်သက်၍ တိုင်းဒေသကြီးနှင့်ပြည်နယ်များအလိုက် ကျောင်းအပ်နှံမှုများမှာ ၇ သန်း ၂ သိန်းကျော်ခန့်ရှိပြီဖြစ်ကြောင်း၊ မိမိတို့အစိုးရအနေဖြင့် ပညာရေးကဏ္ဍမြှင့်တင်ရေးအတွက် KG+9 ထိ မသင်မနေရစနစ်ဖြင့် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ KG+9 ထိ သင်ကြားမည်ဆိုပါက ကျောင်းသား၊ ကျောင်းသူတစ်ဦးချင်း၏ ဘဝရပ်တည်ရေးအတွက် များစွာအထောက်အကူပြုမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံသည် စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အဓိကထားဆောင်ရွက်သည့် နိုင်ငံဖြစ်သဖြင့် စိုက်ပျိုးရေးနှင့် မွေးမြူရေး

---

# ပြည်ထောင်စုဝန်ကြီး ဦးတင်အောင်စန်း ဘင်းမ်စတက်အတွင်းရေးမှူးချုပ်ကို လက်ခံတွေ့ဆုံ

**နေပြည်တော် ဇွန် ၂၃**

အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ်နှင့် နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်အောင်စန်းသည် ဘင်းမ်စတက်အတွင်းရေးမှူးချုပ် H.E. Mr. Indra Mani Pandey ကို ယနေ့နံနက်ပိုင်းတွင် နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများကြား စားနပ်ရိက္ခာနှင့်စွမ်းအင်လုံခြုံရေးဆိုင်ရာကိစ္စရပ်များ၊ ပင်လယ်ရေကြောင်းလုံခြုံရေးနှင့် ပူးပေါင်းလေ့ကျင့်မှုဆိုင်ရာကိစ္စရပ်များ၊ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကဏ္ဍစုံတွင် ပိုမိုတိုးမြှင့်ဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာနနှင့် ဘင်းမ်စတက်အတွင်းရေးမှူးချုပ်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **(သတင်းစဉ်)**



အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ်နှင့် နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်အောင်စန်း ဘင်းမ်စတက်အတွင်းရေးမှူးချုပ် H.E. Mr. Indra Mani Pandey ကို လက်ခံတွေ့ဆုံစဉ်။

---

## ထူးခြားသည့် နေ့အပူချိန်များ ( ၂၃ - ၆ - ၂၀၂၆ )

| | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|
| မြင်းမူ | ၃၆ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် | မြင်းခြံ | ၃၅ | ဒသမ | ၂ | ဒီဂရီဆဲလ်စီးယပ် |
| ညောင်ဦး | ၃၆ | ဒသမ | ၂ | ဒီဂရီဆဲလ်စီးယပ် | ကျောက်ဆည် | ၃၅ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| တံတားဦး | ၃၆ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် | ရေဦး | ၃၅ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| ပခုက္ကူ | ၃၆ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် | မြိတ် | ၃၅ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| တောင်တွင်းကြီး | ၃၆ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် | မုံရွာ | ၃၄ | ဒသမ | ၉ | ဒီဂရီဆဲလ်စီးယပ် |

## ၂၀၂၆ ခုနှစ် ဇွန် ၂၃ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်) ၏ ဈေးနှုန်း ၆၉၅၀၀၀၀ကျပ်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

**လျှပ်စစ်ဓာတ်အားများ တရားမဝင်ရယူသုံးစွဲနေမှုများနှင့်ပတ်သက်၍ ဖော်ထုတ်အရေးယူဆောင်ရွက်လျက်ရှိ၊ လျှပ်စစ်ဓာတ်အားသုံးစွဲမှုများ စနစ်တကျဖြစ်စေရေးနှင့် မှန်မှန်ကန်ကန်ဖြစ်စေရေး သက်ဆိုင်ရာတာဝန်ရှိသူများအနေဖြင့် စဉ်ဆက်မပြတ်စစ်ဆေးကြပ်မတ်ဆောင်ရွက်နေရန်လို . . .**

**လျှပ်စစ်စွမ်းအင်သုံးမော်တော်ယာဉ်(EV)ကားများကို ပြည်တွင်း၌ပင် အစမှအဆုံး ထုတ်လုပ်ပြီး ရောင်းချနိုင်သည်ထိ ကြိုးပမ်းဆောင်ရွက်သွားကြရန်လို၊ လျှပ်စစ်စွမ်းအင်သုံး ကုန်တင်ယာဉ်များ၊ အများပြည်သူသုံးသယ်ယူပို့ဆောင်ရေးယာဉ်များကိုလည်း ပြည်တွင်း၌ သုံးစွဲနိုင်ရေး ဆောင်ရွက်သွားရန်လို . . .**

ပညာရပ်များကိုတတ်ကျွမ်းသည့် လူသားအရင်းအမြစ်များစွာ လိုအပ်ကြောင်း၊ ထို့ကြောင့် အခြေခံပညာအလယ်တန်းမှစတင်၍ စိုက်ပျိုးမွေးမြူရေးအခြေခံပညာရပ်များကို သင်ကြားပေးလျက်ရှိကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ပညာတတ်လူသားအရင်းအမြစ်များ ပိုမိုတိုးတက်ကြွယ်ဝလာစေရေးအတွက် ကျောင်းနေရာခိုင်နှုန်းများမြင့်မားလာစေရေးဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန် လိုကြောင်း။

အကြောင်းအမျိုးမျိုးဖြင့် အချို့အခြေခံပညာကျောင်းများကို ဖျက်သိမ်းခြင်းနှင့် အချို့ကိုပေါင်းစည်းသင်ကြားခြင်းများဆောင်ရွက်ခဲ့ရသည်ကိုတွေ့ရှိရကြောင်း၊ နယ်မြေလုံခြုံမှုရှိသည့်ဒေသများမှ အခြေခံပညာကျောင်းများအားလုံးတွင် ကျောင်းသား၊ ကျောင်းသူများ အပြည့်အဝတက်ရောက်ပညာသင်ကြားနိုင်ရေး ဆောင်ရွက်ပေးရန်လိုကြောင်း၊ ကျောင်းများအဆင့်မြှင့်တင်လိုခြင်းနှင့်ပတ်သက်၍ ဒေသရှိကျောင်းတက်ရောက်သင်ကြားနိုင်မည့် ကျောင်းနေအရွယ်ကလေးငယ်များ၏ လူဦးရေအချိုးနှင့်တွက်ချက်၍ဆောင်ရွက်ရန်လိုကြောင်း၊ နိုင်ငံတော်အနေဖြင့် ကျောင်းများအဆင့်မြှင့်တင်နိုင်ရေးဆောင်ရွက်ရာတွင် သင်ကြားရေးဝန်ထမ်းလိုအပ်ချက်များ၊ အုပ်ချုပ်မှုဆိုင်ရာ လိုအပ်ချက်များကိုပါ ထည့်သွင်းစီမံဆောင်ရွက်ရသည်ဖြစ်သဖြင့် စနစ်တကျတွက်ချက်ပြီးမှသာ ဆောင်ရွက်သွားကြရန်လိုကြောင်း၊ ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် စနစ်တကျ စီမံဆောင်ရွက်သွားကြရန် လိုကြောင်း။

### နိုင်ငံ့ဂုဏ်ဆောင်နိုင်သည့် အားကစားသမားများပေါ်ထွန်းလာစေရေး သက်ဆိုင်ရာ တာဝန်ရှိသူများအနေဖြင့် မှန်မှန်ကန်ကန်ဖြင့် အလေးထားဆောင်ရွက်

အားကစားကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက်အခြေခံပညာကျောင်းများမှစတင်၍ စနစ်တကျသင်ကြားပေးရန် လိုကြောင်း၊ ကျောင်းသား၊ ကျောင်းသူ လူငယ်များအနေဖြင့် အားကစားတွင် ပါဝင်လှုပ်ရှားဆောင်ရွက်နိုင်ရန်အတွက် ကာယနည်းပြဆရာများ၊ အားကစားနည်းပြဆရာများဖြင့် လေ့ကျင့်ဆောင်ရွက်ပေးရန်လိုကြောင်း၊ အလားတူ သက်ဆိုင်ရာ မြို့နယ်၊ ခရိုင်၊ တိုင်းဒေသကြီး၊ ပြည်နယ်နှင့် ပြည်ထောင်စုအဆင့်အလိုက် အားကစားပြိုင်ပွဲများကို စနစ်တကျဖြင့် ကျင်းပပြုလုပ်ပေးရန်လိုကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် နိုင်ငံတကာအားကစားပြိုင်ပွဲများဝင်ရောက်ယှဉ်ပြိုင်ရာတွင် လိုအပ်ချက်များရှိနေသေးသဖြင့် အားကစားကဏ္ဍမြှင့်တင်နိုင်ရေးအတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်း၊ နိုင်ငံ့ဂုဏ်ဆောင်နိုင်သည့် အားကစားသမားများပေါ်ထွန်းလာစေရေး သက်ဆိုင်ရာတာဝန်ရှိသူများအနေဖြင့် မှန်မှန်ကန်ကန်ဖြင့် အလေးထားဆောင်ရွက်သွားကြရန် လိုကြောင်း၊ အားကစားသမားများ၏ ရေရှည်ဘဝအာမခံချက်ရှိစေရေးအတွက်လည်း စဉ်းစားဆောင်ရွက်ပေးရန်လိုကြောင်း၊ သို့မှသာ မိမိတို့နိုင်ငံ၏ အားကစားကဏ္ဍဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း။

### လျှပ်စစ်ဓာတ်အားများကို စနစ်တကျသုံးစွဲရန်လို

လျှပ်စစ်ဓာတ်အားများ တရားမဝင်ရယူသုံးစွဲနေမှုများနှင့်ပတ်သက်၍ ဖော်ထုတ်အရေးယူဆောင်ရွက်လျက်ရှိကြောင်း၊ လျှပ်စစ်ဓာတ်အားသုံးစွဲမှုများစနစ်တကျဖြစ်စေရေးနှင့် မှန်မှန်ကန်ကန်ဖြစ်စေရေး သက်ဆိုင်ရာတာဝန်ရှိသူများအနေဖြင့် စဉ်ဆက်မပြတ်စစ်ဆေးကြပ်မတ် ဆောင်ရွက်နေရန်လိုကြောင်း၊ လျှပ်စစ်ဓာတ်အားပေးစက်ရုံများ အပြည့်အဝလည်ပတ်နိုင်ရေးအတွက်လည်း ဆောင်ရွက်သွားရန်လိုကြောင်း၊ နေရောင်ခြည်စွမ်းအင်သုံးလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်းသည် မိမိတို့နိုင်ငံနှင့် အကိုက်ညီဆုံးလုပ်ငန်းတစ်ခုဖြစ်ကြောင်း၊ ထို့ကြောင့် နေရောင်ခြည်စွမ်းအင်သုံးလျှပ်စစ်ဓာတ်အားများထုတ်လုပ်နိုင်ရေး တိုင်းရင်းသားလုပ်ငန်းရှင်များကို ဖိတ်ခေါ်ဆောင်ရွက်သွားရန်လိုကြောင်း၊ ပြည်ပမှတင်သွင်းရန်မလိုသည့် ကျောက်မီးသွေးမှလည်း လျှပ်စစ်ဓာတ်အားကိုထုတ်လုပ်နိုင်သဖြင့် မိမိတို့နိုင်ငံတွင် လိုအပ်လျက်ရှိသည့် လျှပ်စစ်ဓာတ်အားများ လုံလောက်စွာထုတ်လုပ်နိုင်ရန် ကျောက်မီးသွေးဓာတ်အားပေးစက်ရုံများ တည်ဆောက်နိုင်ရေးကိုလည်း ဆောင်ရွက်သွားကြရန်လိုကြောင်း၊ လျှပ်စစ်စွမ်းအင်သုံးမော်တော်ယာဉ်(EV)ကားများကို ပြည်တွင်း၌ပင် အစမှအဆုံးထုတ်လုပ်ပြီး ရောင်းချနိုင်သည်ထိ ကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်း၊ လျှပ်စစ်စွမ်းအင်သုံးကုန်တင်ယာဉ်များ၊ အများပြည်သူသုံးသယ်ယူပို့ဆောင်ရေးယာဉ်များကိုလည်း ပြည်တွင်း၌သုံးစွဲနိုင်ရေး ဆောင်ရွက်သွားရန်လိုကြောင်း။

### ဒေသဝမ်းစာဖူလုံရေး

ဒေသအလိုက် ဝမ်းစာဖူလုံရေးနှင့်ပတ်သက်၍ သက်ဆိုင်ရာတိုင်းဒေသကြီးနှင့်ပြည်နယ်များအလိုက် အကောင်အထည်ဖော်ဆောင်ရွက်ရခြင်းဖြစ်ကြောင်း၊ အကြောင်းအမျိုးမျိုးကြောင့် ဒေသဝမ်းစာဖူလုံရေးဆောင်ရွက်ရန်အခက်အခဲရှိသည့် အချို့သောဒေသများ၌လည်း ဝမ်းစာဖူလုံမှုရှိစေရေး နိုင်ငံတော်က တတ်နိုင်သရွေ့နည်းလမ်းရှာဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ စားသုံးဆီဖူလုံရေးနှင့်ပတ်သက်၍လည်း ဆောင်ရွက်သွားကြရန်လိုကြောင်း၊ ပဲပုပ်၊ နေကြာ၊ နှမ်း၊ မြေပဲ စသည့်ဆီထွက်သီးနှံများ အောင်မြင်စွာ စိုက်ပျိုးဖြစ်ထွန်းစေရေးအတွက်လည်း အလေးထား ဆောင်ရွက်ပေးသွားရန်လိုကြောင်း မှာကြားသည်။

### ပြည်ထောင်စုဝန်ကြီးများက ရှင်းလင်းတင်ပြ

ထို့နောက် ပြည်ထောင်စုဝန်ကြီးများနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက သက်ဆိုင်ရာကဏ္ဍအလိုက်ဆွေးနွေးတင်ပြကြသည်။

### ပြည်သူများ၏လိုလားချက်များနှင့် မိမိတို့၏မူဝါဒသဘောထားများ ကိုက်ညီမှုရှိစေရေး ပြည်သူများ၏အသံကို မှန်မှန်သိရှိအောင် ဆောင်ရွက်ကြရန်လို

ယင်းနောက် နိုင်ငံတော်သမ္မတက ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ ခရိုင်အဆင့်၊ ပြည်နယ်အဆင့် တာဝန်ရှိသူများအနေဖြင့် မိမိတို့ဌာနဆိုင်ရာဝန်ထမ်းများနှင့် ထိတွေ့ဆက်ဆံမှုကောင်းရှိရန်လိုပြီး ညီညွတ်မျှတသည့်အုပ်ချုပ်မှုပုံစံရှိရန်လိုကြောင်း၊ မိမိတို့ကွပ်ကဲရသည့် ဝန်ထမ်းများနှင့် မိသားစုများ၏ လုပ်ငန်းပိုင်းဆိုင်ရာနှင့် ကိုယ်ရေးကိုယ်တာအခက်အခဲများနှင့် ပတ်သက်၍လည်း တတ်နိုင်သည့်ဘက်မှ ဖြည့်ဆည်းဆောင်ရွက်ပေးသွားရန်လိုကြောင်း၊ ထို့ပြင် ပြည်သူများအနေဖြင့် ကိုယ်စိတ်နှလုံးချမ်းမြေ့စွာ လုပ်ကိုင်စားသောက်နေထိုင်နိုင်ရေးအတွက်လည်း ၎င်းတို့ကြုံတွေ့နေရသည့် အခက်အခဲများကို မိမိတို့ဖြေရှင်းပေးနိုင်သည့်ဘက်မှ ဖြေရှင်းဆောင်ရွက်ပေးသွားရန် လိုကြောင်း၊ ပြည်သူများ၏လိုလားချက်ကို မှန်ကန်စွာသိရှိနိုင်မှသာလျှင် ဖြေရှင်းပေးနိုင်မည်ဖြစ်သဖြင့် ပြည်သူ့ဆက်ဆံရေးကောင်းမွန်ရန်လည်းလိုကြောင်း၊ အစိုးရအနေဖြင့်မိမိတို့ဖြစ်လိုသည်များကို မူဝါဒချမှတ်ဆောင်ရွက်ရသည်ဖြစ်သော်လည်း ပြည်သူများ၏ဆန္ဒကို လျစ်လျူရှုခြင်းမျိုးမဖြစ်ရန် လိုကြောင်း၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး စသည်ဖြင့် ကဏ္ဍအလိုက်၊ အလွှာအလိုက် လိုလားချက်များ၊ သဘောသဘာဝများ တူညီမှုရှိမည်မဟုတ်သည့်အတွက် ပြည်သူများ၏လိုလားချက်များနှင့် မိမိတို့၏ မူဝါဒ သဘောထားများ ကိုက်ညီမှုရှိစေရေး ပြည်သူများ၏အသံကို မှန်မှန်သိရှိအောင် ဆောင်ရွက်ကြရမည်ဖြစ်ပြီး နိုင်ငံတော်နှင့် နိုင်ငံသားများ၏လူမှုစီးပွားဘဝများဖွံ့ဖြိုးတိုးတက်စေရေး ကြိုးပမ်းဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း မှာကြားပြီး အစည်းအဝေးကို ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## လူငယ်ရေးရာအသိပညာပေးဟောပြောပွဲ ကျင်းပ

**နေပြည်တော် ဇွန် ၂၃**

မြန်မာနိုင်ငံလူငယ်ရေးရာဗဟိုကော်မတီနှင့် နေပြည်တော်ကောင်စီလူငယ်ရေးရာကော်မတီတို့ပူးပေါင်း၍ လူငယ်ရေးရာအသိပညာပေးဟောပြောပွဲကို ယနေ့နံနက်ပိုင်းတွင် ပုဗ္ဗသီရိမြို့နယ် အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

အသိပညာပေးဟောပြောပွဲတွင် လူငယ်ရေးရာဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ(၁) လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမောင်သင်းက လူငယ်ရေးရာဝန်ကြီးဌာနသည် အားကိုးထိုက်သည့် အရည်အချင်း၊ စွမ်းရည်များနှင့် ပြည့်စုံသည့် လူငယ်မောင်မယ်များဖြစ်လာစေရန်အတွက် ယခုကဲ့သို့လူငယ်အသိပညာပေးဟောပြောပွဲများကျင်းပပြီး လေ့ကျင့်ပေးလျက်ရှိကြောင်း၊ လူငယ်များကို လူ့အဖွဲ့အစည်း၏ အနာဂတ်ခေါင်းဆောင်ဆိုသည့် မျှော်လင့်ချက်နှင့်အညီ ကျန်းမာကြံ့ခိုင်ပြီး စည်းကမ်းရှိသည့်၊ စိတ်ထားကောင်းမွန်ပြီး စိတ်ဓာတ်မြင့်မားသည့် တိုင်းကျိုးပြည်ပြုလူငယ်များဖြစ်လာစေလိုကြောင်း တိုက်တွန်းပြောကြားပြီး အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းအတွက် အားကစားပစ္စည်းများကို ကျောင်းအုပ်ဆရာမကြီးထံ ပေးအပ်လှူဒါန်းသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် နေပြည်တော်ကောင်စီအဖွဲ့ဝင် ဦးထွန်းထွန်းတို့က အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်းနှင့် ဆွေးနွေးဟောပြောမည့် လူငယ်ကိုယ်စားလှယ်တို့ကို ဂုဏ်ပြုလက်ဆောင်များ ပေးအပ်သည်။

ယင်းနောက် “လူငယ်နှင့်မိုဘိုင်းဖုန်း၊ မူးယစ်ဆေးဝါးအန္တရာယ်ခေါင်းစဉ်”ဖြင့်အသိပညာပေး ဟောပြောဆွေးနွေးခြင်း၊ ကျောင်းသား၊ကျောင်းသူများကို ဥာဏ်စမ်းပဟေဠိများမေးမြန်းခြင်းတို့ ဆောင်ရွက်ပြီး ဒုတိယဝန်ကြီး ဦးစစ်နိုင်၊ နေပြည်တော်ကောင်စီဝင်များနှင့် တာဝန်ရှိသူများက ဆုလက်ဆောင်များ ပေးအပ်ချီးမြှင့်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



### ❑ ကမ္ဘာ့ MSME နေ့မှ

(က) MSME လုပ်ငန်းများသည် ကမ္ဘာတစ်ဝန်းလုံးတွင် အလုပ်အကိုင်ကောင်းမွန်စွာဖန်တီးပေးနိုင်သည့် အဓိကအရင်းအမြစ်ဖြစ်ပြီး ဆင်းရဲမှုလျှော့ချရေးအတွက် အရေးပါသောအခန်းကဏ္ဍတွင် ရှိနေစေရန်၊

(ခ) လူငယ်များနှင့် လုပ်ငန်းရှင်များ၏ တီထွင်ဆန်းသစ်မှုနှင့်ဖန်တီးမှုကိုဖော်ထုတ်ပေးနိုင်ခြင်း၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် ဈေးကွက်ချဲ့ထွင်မှုကို အသေးစားလုပ်ငန်းများမှတစ်ဆင့် ဒေသတွင်းနှင့် နိုင်ငံတကာဈေးကွက်များထိ တိုးတက်ကြီးထွားလာစေရန်၊

(ဂ) သဘာဝပတ်ဝန်းကျင်ကို မထိခိုက်စေဘဲ ရေရှည်တည်တံ့နိုင်သော စီးပွားရေးအလေ့အကျင့်ကောင်းများနှင့် တာဝန်ယူမှုရှိသော ရင်းနှီးမြှုပ်နှံမှု မူဝါဒများကို ကမ္ဘာ့လုပ်ငန်းရှင်များအကြား ပျံ့နှံ့သွားစေရန်၊

(ဃ) ကမ္ဘာလုံးဆိုင်ရာ ရေရှည်တည်တံ့ခိုင်မြဲသော ဖွံ့ဖြိုးရေးရည်မှန်းချက်များ(SDGs)အောင်မြင်စေရန်အတွက် MSME လုပ်ငန်းများ၏ အရေးပါပုံကို ပြည်သူတစ်ရပ်လုံးပိုမိုသိရှိနားလည်လာစေရန် ဟူသည့်ရည်ရွယ်ချက်များဖြင့် ကျင်းပပြုလုပ်သွားမည်ဖြစ်သည်။

၂၀၂၆ ခုနှစ် ကမ္ဘာ့ MSMEနေ့(World MSME Day) အခမ်းအနားကို ဇွန် ၂၇ ရက် မှ ၂၈ ရက်ထိ နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန(၁)(MICC – 1) ၌ ကျင်းပသွားမည်ဖြစ်ပြီး ဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး၊ ပြည်နယ်၊ ပြည်ထောင်စုနယ်မြေ MSME အေဂျင်စီများ၏ MSME ဖွံ့ဖြိုးရေးဆိုင်ရာပြခန်းများ၊ စကားဝိုင်းဆွေးနွေးပွဲများ၊ အသိပညာပေးဆွေးနွေးပွဲများလည်းပါဝင်မည်ဖြစ်ရာ ပြည်သူများပါဝင်ဆင်နွှဲနိုင်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ပြည်တွင်းမီဒီယာများ၏ တွေ့ဆုံမေးမြန်းမှုများ ပြန်လည်ဖြေကြား

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာ ရှီကျင့်ဖျင်၏ ဖိတ်ကြားချက်အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၌ နိုင်ငံတော်အဆင့် ချစ်ကြည်ရေးခရီးစဉ်ရောက်ရှိနေစဉ်အတွင်း မြန်မာနိုင်ငံမှ ပြည်တွင်းမီဒီယာများ၏ တွေ့ဆုံမေးမြန်းမှုများကို လက်ခံဖြေကြားခဲ့သည်။ ထိုသို့ ပြည်တွင်းမီဒီယာများ၏မေးမြန်းမှုအပေါ် နိုင်ငံတော်သမ္မတက ပြန်လည် ရှင်းလင်းဖြေကြားခဲ့သည်များကို ဖော်ပြအပ်ပါသည် -



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ပြည်တွင်းမီဒီယာများ၏ တွေ့ဆုံမေးမြန်းမှုများကို ဖြေကြားစဉ်။

**Eleven Media Group အယ်ဒီတာချုပ် ဦးကျော်ဇောလင်း။** သမ္မတကြီးတို့ သမ္မတအဖြစ် ပြောင်းလဲတာဝန်ထမ်းဆောင်တဲ့ ရက် ၁၀၀ မပြည့်မီမှာ အိန္ဒိယ၊ အခု တရုတ် နိုင်ငံကြီးနှစ်နိုင်ငံက ခေါင်းဆောင်တွေနဲ့ သမ္မတကြီးတွေ့ခွင့်ရတယ်။ ပြီးတော့ ဒါမတိုင်ခင်လည်း နိုင်ငံငါးနိုင်ငံက နိုင်ငံခြားရေးဝန်ကြီးတွေက နေပြည်တော်မှာ သမ္မတကြီးကို လာရောက်တွေ့ဆုံကြတယ်။ သိထားတဲ့အချက်အလက်တွေအရလည်း နိုင်ငံခြားရေးဝန်ကြီးတွေ၊ အခြားသံတမန်တွေက သမ္မတကြီးကိုတွေ့ဆုံဖို့ ရှိနေတာတွေ ထပ်ပြီးရှိတယ်။ အဲဒီတော့ ပြီးခဲ့တဲ့ ငါးနှစ်တာ သံတမန်ရေးဆိုင်ရာ အထီးကျန်မှုကနေ အခုလို ပြောင်းလဲလာတဲ့အနေအထားက မြန်မာနိုင်ငံအတွက် မြန်မာပြည်သူတွေအတွက် ဘယ်လို အပေါင်းလက္ခဏာဆောင်တဲ့အရာတွေ ဖြစ်မယ် ထင်ပါသလဲခင်ဗျာ။

**နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်။** နိုင်ငံအချင်းချင်း သံတမန်ဆက်ဆံရေးကတော့ သက်ဆိုင်ရာနိုင်ငံတွေအတွက် အရေးပါတဲ့ကဏ္ဍမှာရှိတယ်။ သံတမန်ဆက်ဆံရေးပါ။ ခေါင်းဆောင်တွေရဲ့ဆက်ဆံရေးရှိမယ်၊ ပြီးတော့ အစိုးရချင်းဆက်ဆံရေးရှိမယ်၊ သံတမန်ရေးရာဆက်ဆံမှုရှိမယ်၊ စီးပွားရေးအရ ဆက်ဆံမှုတွေရှိမယ်၊ ကဏ္ဍပေါင်းစုံရှိတယ်။ ခုနက ခင်ဗျားမေးတဲ့ ငါးနှစ်တာကာလအတွင်းမှာ အထီးကျန်ခဲ့တယ်။ တကယ်တော့ ကျွန်တော်တို့က ကြိုးစားပါတယ်။ တကယ်တော့ နိုင်ငံရေးအရ လုပ်တာပါ။ ကျွန်တော်တို့က ကျွန်တော်တို့ လက်ခံကျင့်သုံးနေတဲ့ နိုင်ငံရေးစနစ်ကို ခိုင်ခိုင်မာမာကျင့်သုံးမယ်ဆိုပြီး ဆုံးဖြတ်ပြီးလုပ်လာခဲ့တာပါ။ အဲဒီနိုင်ငံရေးစနစ်ကို ကောင်းကောင်းမွန်မွန် လုပ်တဲ့အတွက်ကြောင့် ကျွန်တော်တို့က ဒီလိုအခြေအနေတွေ ဖြစ်လာခဲ့တာပါ။ ကျွန်တော်တို့ အခုရအောင်ပြောင်းလဲခဲ့ပြီ။ ကျွန်တော်တို့ ဒီဟာကို ခိုင်ခိုင်မာမာဖြစ်အောင် လုပ်သွားမယ်။ အဲဒါဆိုရင် နိုင်ငံတကာဆက်ဆံရေးမှာ မြန်မာနိုင်ငံရဲ့ပါဝင်မှုဟာ မူလအခြေအနေထက် ပိုကောင်းအောင် လုပ်နိုင်မယ်လို့ ကျွန်တော်ယူဆတယ်။ ခင်ဗျားခုနကမေးလိုက်တဲ့ အခြားနိုင်ငံတွေလည်း လာကြလိမ့်မယ်ဆိုတာ မှန်ပါတယ်။ လာကြဖို့လည်း ကမ်းလှမ်းထားတာရှိသလို ကျွန်တော့်ကိုလည်း လာဖို့ဖိတ်ထားတဲ့နိုင်ငံတွေလည်းရှိတယ်။ ထို့အတူပဲ နိုင်ငံခြားရေးဝန်ကြီးတို့၊ သက်ဆိုင်ရာ Counter Part ဝန်ကြီးတွေ၊ ဝန်ကြီးဌာန ဝန်ကြီးတွေ အတူတူပဲဖြစ်ကြတယ်။ နောက်တစ်ခါ အဖွဲ့အစည်းတွေ လူငယ်တွေကစပြီးတော့ ကျန်တဲ့ Institution တွေနဲ့ အမျိုးစုံပဲ ဖိတ်ကြတယ်။ ကျွန်တော်တို့ဆီလည်း လာကြတယ်။ ဒါက ဘာလဲဆိုတော့ တိုင်းပြည်အတွက် အခွင့်အလမ်းတွေချည်းပဲဖြစ်မယ်။ ဒါကို ကျွန်တော်တို့က ကောင်းကောင်းအသုံးချရမယ်၊ မှန်မှန်ကန်ကန်လည်း အသုံးချဖို့လိုတယ်။ အဲဒီအပေါ်မှာ ရိုးရိုးသားသားလည်း အသုံးချဖို့လိုတယ်။ အမြတ်ထုတ်ဖို့တော့ သွားလုပ်လို့မရဘူး။ အမြတ်ထုတ်မယ့် ရည်ရွယ်ချက်ရှိရင် ဘယ်တော့မှမခိုင်မာဘူး။ ရိုးရိုးသားသားနဲ့ မှန်မှန်ကန်ကန်လုပ်မယ်ဆိုရင် ခိုင်ခိုင်မာမာဖြစ်မယ်။ အခု ကျွန်တော်တို့သွားတဲ့ နိုင်ငံရေးစနစ်ရော၊ စီးပွားရေးစနစ်ရော တကယ် ရိုးရိုးသားသားနဲ့ တိုင်းပြည်ကောင်းအောင်လုပ်ဖို့ ရည်ရွယ်ချက်နဲ့လုပ်တာပါ။ နိုင်ငံတကာဆက်ဆံရေးမှာလည်း တကယ်ရိုးရိုးသားသားနဲ့ ဆက်ဆံတယ်။ ကျွန်တော်တို့က နိုင်ငံအားလုံးနဲ့ နိုင်ငံရေးမှာ လွတ်လပ်ပြီးတက်ကြွတဲ့ နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးတယ်။ ဒါကတကယ့် အခိုင်မာဆုံးပဲ။ နောက်တစ်ခါ အိန္ဒိယနဲ့ တရုတ်ဆိုလို့ရှိရင် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူကြီးငါးရပ်နဲ့ ကျွန်တော်တို့ ထိတွေ့ဆက်ဆံထားတဲ့ နိုင်ငံတွေဖြစ်တယ်။ ဒါကြောင့် ဒီအပေါ်မှာအခြေခံပြီး လုပ်မယ်ဆိုရင်တော့ မြန်မာနိုင်ငံရဲ့ အနာဂတ်ဟာ အင်မတန်ကောင်းတယ်လို့ ကျွန်တော်ပြောချင်တယ်။

**မြန်မာ့ပုံရိပ်ဖော်ညွှန်းရေးအဖွဲ့ဥက္ကဋ္ဌ ဦးကိုကို (ကိုကို-စက်မှုတက္ကသိုလ်)။** တရုတ်နိုင်ငံရဲ့ Belt and Road Initiative နဲ့ မြန်မာနိုင်ငံရဲ့ ဒေသတွင်းချိတ်ဆက်မှု အလားအလာတွေကို ပေါင်းစပ်ကြည့်မယ်ဆိုရင် မြန်မာနိုင်ငံဟာ တရုတ်၊ အာဆီယံနဲ့ အိန္ဒိယသမုဒ္ဒရာ ချိတ်ဆက်ပေးတဲ့ မဟာဗျူဟာမြောက် Land Bridge ကျွန်တော်တို့ ကုန်းတွင်းတံတားနိုင်ငံအဖြစ်နဲ့ ရှိမယ်လို့လည်းပြောကြပါတယ်။ အဲဒီတော့ ကုန်းတွင်း Land Bridge နိုင်ငံဖြစ်တဲ့ မြန်မာနိုင်ငံကို သမ္မတကြီး အနေနဲ့ ပိုမိုဆောင်ရွက်သွားဖို့အစီအစဉ်များ ရှိပါသလားခင်ဗျား။

**နိုင်ငံတော်သမ္မတ။** တကယ်တော့ မြန်မာနိုင်ငံက ခုန Land Bridge နိုင်ငံတင်မဟုတ်ဘူး။ တကယ့် ဆုံချက်နိုင်ငံဖြစ်နေတာပါ။ ဆုံချက်ဆိုတာမှာ တော်တော်ကိုကြီးမားတဲ့ Impact ရှိပါတယ်။ ဥပမာအားဖြင့် အိန္ဒိယသမုဒ္ဒရာဘက် သွားမယ်ဆိုရင်လည်း အိန္ဒိယနိုင်ငံ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ အနောက်ဘက်က နိုင်ငံတွေ၊ အခုဆိုရင် အရှေ့အလယ်ပိုင်းဒေသ ငြိမ်းချမ်းရေးအတွက် လမ်းစတွေပေါ်လာပြီဆိုတော့ အဲဒီအခွင့်အလမ်းတွေအများကြီးကို ကျွန်တော်တို့ အသုံးချလို့ရပါတယ်။ ဒါကတစ်ခု၊ တရုတ်နိုင်ငံအတွက်ပါ။ နောက်တစ်ခါ အိန္ဒိယနိုင်ငံဘက်က ပြန်ကြည့်ရင် အိန္ဒိယကလည်း သူတို့ဘက်က အခြေအနေပေးရင် တရုတ်ဘက်ဆက်သွယ်မှု၊ သူတို့လည်း သူတို့နယ်နိမိတ်ချိတ်ဆက်နေတဲ့ အပိုင်းတွေ ရှိတယ်။ သို့သော် ကျွန်တော်တို့နိုင်ငံတွေ တရုတ်နိုင်ငံဘက်သွားမယ်ဆိုရင် competition လုပ်လို့ရတဲ့ နယ်ပယ်တွေမှာ သူတို့လုပ်ခွင့်ရှိမှာပါ။ ဒီလိုပဲအာဆီယံနိုင်ငံဆိုလည်း သူတို့သွားလို့ရမယ်။ အိန္ဒိယနဲ့ တရုတ်နိုင်ငံတင်မကဘူး။ တခြားနိုင်ငံတွေကလည်း မြန်မာနိုင်ငံကိုအခြေပြုပြီးတော့ အိန္ဒိယနိုင်ငံသွားမလား၊ တရုတ်နိုင်ငံသွားမလား၊ အာဆီယံသွားမလား။ ဒါကို ကျွန်တော်တို့က အသုံးချနိုင်ဖို့လိုတယ်။ အဲဒီလို အသုံးချနိုင်ဖို့ဆိုရင် တည်ငြိမ်အေးချမ်းရေးက အရေးကြီးတယ်။ နိုင်ငံရေးတည်ငြိမ်အေးချမ်းမှု၊ လုံခြုံရေးတည်ငြိမ်အေးချမ်းမှု၊ ပြည်သူလူထုရဲ့ဘဝတွေ တည်ငြိမ်အေးချမ်းမှု၊ ဘဝတည်ငြိမ်အေးချမ်းမှုရှိဖို့ လိုတယ်။ နိုင်ငံရေးကတစ်ပိုင်း၊ ပြည်သူလူထုရဲ့ဘဝက တစ်ပိုင်း၊ မတူဘူး၊ ကွဲပြားခြားနားပါတယ်။ ဒီလိုသာ လုပ်မယ်ဆိုရင်၊ အသုံးချနိုင်မယ်ဆိုရင် တိုင်းပြည်က အခြေအနေကောင်းတွေ အများကြီးရှိတယ်လို့ ကျွန်တော်ပြောချင်ပါတယ်။

**ဦးကျော်ဇောလင်း။** သမ္မတကြီး ဒီကာလအတွင်းမှာ တွေ့ဆုံခဲ့တဲ့ နိုင်ငံကြီးနှစ်နိုင်ငံ တရုတ်ရယ်၊ အိန္ဒိယရယ်ပါ၊ သူတို့ရဲ့ purchasing power parity အရ ကျွန်တော်တို့ တရုတ်ဆိုရင် အဆင့် ကမ္ဘာ့အဆင့်တစ်၊ အိန္ဒိယဆို အဆင့်သုံးရှိပါတယ်။ သူတို့ရဲ့ ဝယ်ယူနိုင်စွမ်းအားကောင်းတဲ့ နိုင်ငံတွေ၊ အိန္ဒိယဆိုရင် အိန္ဒိယ-မြန်မာ-ထိုင်း လမ်းကြောင်းကို သူတို့ကအဓိကထားတယ်။ တရုတ်ဆိုရင် BRI ပါ။ အဲဒီတော့ ဒီလမ်းတွေ အမြန်ဆုံးဖြစ်လာဖို့ သမ္မတကြီးအနေနဲ့ ဘယ်လို အစီအစဉ်ရှိပါသလဲ။ ဒါနဲ့ဆက်စပ်ပြီးတော့ သမ္မတကြီး ရှီကျင့်ဖျင်နဲ့ တွေ့တဲ့အချိန်၊ မိုဒီနဲ့တွေ့တဲ့ အချိန်မှာ ကျွန်တော်တို့ ဒီစီမံကိန်းကြီးတွေနဲ့ လုံခြုံရေးကိုအလေးထားဖို့ အိန္ဒိယရော တရုတ်ရော ပြောတာကို တွေ့ရပါတယ်။ အဲဒီတော့ သမ္မတကြီးတို့ အစိုးရသစ်အနေနဲ့ ဒီလုံခြုံရေးပိုင်းဆိုင်ရာကို ဘယ်လိုကိုင်တွယ်ဖြေရှင်းဖို့ ရှိပါသလဲ။

**နိုင်ငံတော်သမ္မတ။** လုံခြုံရေးပိုင်းဆိုင်ရာ ကိုင်တွယ်မှုဆိုတာမှာ တရားဥပဒေစိုးမိုးရေးရှိရမှာပါ။ တရားဥပဒေစိုးမိုးရေးရှိရင် လုံခြုံရေးဆိုတာ သူ့ဟာသူ ဖြစ်လာမှာပါ။ တရားဥပဒေ စိုးမိုးရေးနဲ့ လုံခြုံရေးနဲ့ ဆက်စပ်သလိုပဲ တစ်ဖက်က နိုင်ငံရေးကလည်း တည်ငြိမ်အေးချမ်းမှု ရှိရတယ်။ နိုင်ငံရေးလမ်းကြောင်း မှန်ကန်လို့ရှိရင် တရားဥပဒေစိုးမိုးရေးနဲ့ လုံခြုံရေးက သူ့ဟာသူ အလိုလိုပါလာလိမ့်မယ်။ နိုင်ငံရေး တည်ငြိမ်အေးချမ်းမှုမရှိလို့ရှိရင်၊ မမျှတဘူးဖြစ်နေပြီဆိုရင် တည်ငြိမ်အေးချမ်းမှုက ပြဿနာရှိမယ်။ ဖြတ်သန်းခဲ့တဲ့သမိုင်းကြောင်းပြန်ကြည့်ပါ။ နိုင်ငံရေးကြောင့် ဖြစ်လာတဲ့ ပြဿနာတွေရှိတယ်။ ထွက်ပေါက်တွေပါ။ ကျွန်တော်တို့ အခုက ပါတီစုံဒီမိုကရေစီသွားနေတဲ့ အချိန်ပါ။ ကျွန်တော်တို့ ဒါကိုမှန်မှန်ကန်ကန်အသုံးချပြီး လုပ်မယ်ဆိုရင် စောစောကပြောတဲ့ အင်အားကြီး နှစ်နိုင်ငံရဲ့ ပူးပေါင်းဆောင်ရွက်တဲ့ အခွင့်အလမ်းတွေက မြန်မာနိုင်ငံကနေ Cross-border တွေပါ။ ကျွန်တော်တို့ ခုနကပြောတဲ့ သုံးနိုင်ငံ အိန္ဒိယကနေ မြန်မာ၊ မြန်မာကနေ ထိုင်း၊ အဲဒါတင်မကဘူး။ အိန္ဒိယကနေပြီးတော့ တရုတ်ကိုသွားလို့ရတယ်၊ တရုတ်ကလည်း ဒီလိုပဲ၊ ကျွန်တော်တို့ဆီကလာမယ်၊ ကျွန်တော်တို့ဆီကနေ အရှေ့တောင်အာရှနိုင်ငံတွေနဲ့ အာဆီယံ သွားမယ်။ ပြီးတော့ အိန္ဒိယသမုဒ္ဒရာ ထွက်ပေါက်ကနေပြီးတော့ အနောက်ဘက်ကနိုင်ငံတွေ အကုန်လုံး သွားလို့ရတယ်။ နည်းတဲ့ ကြီးမားတဲ့အခွင့်အရေး မဟုတ်ဘူး။ နှစ်နိုင်ငံပဲကြည့်လိုက်ရင် လူဦးရေ သန်းပေါင်း ၁၂၀၀ ကျော်ရှိတဲ့ ဈေးကွက်ကြီးပါ။ သူတို့အတွက်က မြန်မာနိုင်ငံက ဈေးကွက် သေးပါတယ်။ သို့သော် မြန်မာနိုင်ငံကတော့ တကယ့် ကြီးမားတဲ့ ဈေးကွက်ကြီးပါ။ ပြောရရင်တော့ ရေကန်နဲ့သမုဒ္ဒရာ ကွာသလို ကွာခြားမှုရှိတယ်။ ကျွန်တော်တို့က အသုံးချနိုင်ဖို့လိုတယ်။ ခုနက ပြောတဲ့ တည်ငြိမ်အေးချမ်းမှုက ဘာအထောက်အကူရမလဲ၊ တည်ငြိမ်အေးချမ်းမှုရှိမှ အထောက်အကူရမှာပါ။ တည်ငြိမ်အေးချမ်းမှုမရှိရင် အထောက်အကူမရဘူး။ အဲဒီတော့ တည်ငြိမ်အေးချမ်းမှုရှိဖို့ဆိုရင် နိုင်ငံရေးက အရေးကြီးဆုံးပဲ။ နိုင်ငံရေးကို ကျွန်တော်တို့က တကယ်ခိုင်မာအောင် လုပ်ဖို့လိုတယ်။ ဒါကို ယုံကြည်မှုရှိရှိနဲ့ ပူးပေါင်းဆောင်ရွက်မှုရှိဖို့လိုတယ်။ ဒါပေမဲ့ နိုင်ငံရေးကို ဘယ်လောက်ပဲ ကျွန်တော်တို့က ယုံကြည်မှုရှိအောင်လုပ်ပေးပေး၊ ပြည်သူလူထုရဲ့ Concept လည်းလိုတယ်။ သူတို့ရဲ့အတွေးအခေါ်တွေ လိုက်ပါနိုင်အောင် ကျွန်တော်တို့ဆောင်ရွက်ပေးရမှာပါ။ ဒါက ပြုပြင်ပြောင်းလဲမှုလုပ်ငန်းတွေ အများကြီး ရှိတယ်။ ဒါကတစ်နှစ်၊ နှစ်နှစ်နဲ့မရောက်ဘူး။ လေး၊ ငါးနှစ်နဲ့လည်းမရောက်ဘူး။ ၁၀ နှစ်လောက်၊ ၁၅ နှစ်လောက် ကျွန်တော်တို့ကြိုးစားရမယ်။ အရေးကြီးတာကတော့ တိုင်းပြည်ပေါ်မှာ ကောင်းစေချင်တဲ့စိတ်ရှိတယ်ဆိုတဲ့ နိုင်ငံသားတွေရဲ့ စိတ်ဓာတ်ပဲ။ တိုင်းပြည်ကိုကောင်းအောင်လုပ်မယ်ဆိုတဲ့ နိုင်ငံသားတိုင်း၊ ပြည်သူလူထုအားလုံးပါတယ်။ ဟိုတစ်ကွက် ဒီတစ်ကွက်၊ ဟိုလူချန်ခဲ့ ဒီလူချန်ခဲ့ လုပ်လို့မရဘူး။ အကုန်လုံးပါရမယ်။ တစ်ခုခု ပြဿနာရှိရင်၊ ခံစားချက်ရှိရင် သူတို့က ပြဿနာရှာနေမှာပါပဲ။ ပြဿနာရှာလို့ အခုလို နိုင်ငံရေး မတည်မငြိမ်မှုတွေဖြစ်တာပါ။ ပြဿနာမရှာအောင် လုပ်ဖို့ဆိုတာ ဥပဒေနဲ့ စည်းကမ်းနဲ့အညီပဲ သွားလို့ရတယ်။ လူဆိုတာ မျိုးစုံဆန္ဒရှိမယ်၊ မတူနိုင်ဘူး။ အဲဒီတော့ ကျွန်တော်တို့က စည်းမျဉ်းစည်းကမ်း ဥပဒေနဲ့ပဲသွားရမယ်။ ဥပဒေနဲ့လုပ်ရာမှာလဲ တောင့်တောင့်တင်းတင်းကြီး လုပ်ဖို့မဟုတ်ဘူး။ Relax ဖြစ်ရမှာပါ။ ဒါကို ကျွန်တော်တို့က ပြည်သူတွေ စိတ်ချမ်းသာအောင်လုပ်ပေးရမယ်။ ပြောရမယ်ဆိုရင် ဒါကအဖြေပဲ။ ပြည်သူစိတ်ချမ်းသာအောင် လုပ်ပေးရမယ်။

**ဦးကိုကို။** ကျွန်တော်တို့ ဒီနေ့ကမ္ဘာ့အခြေအနေကို ကြည့်မယ်ဆိုရင် Multipolar world လို့ခေါ်တဲ့ ဝင်ရိုးစွန်း ဝင်ရိုးစွန်းအပွားအစုံများ ပိုမိုပြီးတော့ ပေါ်လွင်လာတာ တွေ့ရပါတယ်။ အဲဒီ Multipolar world ကြောင့်လည်း နိုင်ငံငယ်လေးတွေက မိတ်ဖက်ဆက်ဆံရေးတွေ အခြားနိုင်ငံတွေနဲ့ ပိုပြီးတိုးမြှင့်ဆောင်ရွက်နိုင်တဲ့ အခွင့်အလမ်းတွေရှိပါတယ်။ အဲဒီတော့ ကျွန်တော်တို့ သမ္မတကြီးဆီကနေ သိချင်တာကတော့ မြန်မာနိုင်ငံအနေနဲ့ အခုလို တရုတ်ပြည်သူ့သမ္မတနိုင်ငံ ချစ်ကြည်ရေးခရီးလာတယ်။ နှစ်နိုင်ငံရဲ့ဆက်ဆံရေးကလည်း တိုးမြှင့်လာတယ်၊ မြှင့်တင်လာတယ်။ အဲဒီ ချစ်ကြည်ရင်းနှီးမှု ဆက်ဆံရေးကို အခြေခံပြီးတော့ ဒီထွန်းသစ်စပြုလာတဲ့ ကျွန်တော်တို့ Multipolar world အစီအစဉ်မှာ အခွင့်အလမ်းတွေ ဘယ်လိုမျိုး ယူရနိုင်မလဲခင်ဗျာ။

**နိုင်ငံတော်သမ္မတ။** အများကြီးရှိတယ်။ ကမ္ဘာ့နိုင်ငံတွေကြည့်လိုက်ပါ၊ အကုန်လုံးကတော့ သူတို့က လိုလားချက် အကုန်ရှိကြတာချည်းပဲ။ အရင်ကတော့ Unipolar၊ Bipolar ဒီလို သွားကြတာကိုး။ Unipolar နဲ့ ဖြစ်ကြတယ်။ Unipolar မှာလည်း ခံရတယ်၊ Bipolar မှာလည်း ပြိုင်ဘက်တွေရှိတော့ ပိုပြီးတော့ ပါလာတယ်၊ ဒီပြဿနာရှိတယ်။ Multipolar ဆိုတာကတော့ ဖြစ်နိုင်လို့ရှိရင် နိုင်ငံအားလုံး နိုင်ငံနဲ့လည်း ရှိမယ်၊ Region လိုက်လည်းရှိမယ်၊ Group လိုက်လည်း ရှိမယ်။ ဒီကနေယှဉ်ပြိုင်ပြီးတော့ လုပ်လာမယ်ဆိုရင် နိုင်ငံအားလုံးတူညီတဲ့ အကျိုးခံစားရမယ်။ ဘာမှခွဲခြားမှု မရှိဘူး။ လူမျိုးရေးအရခွဲခြားမှု၊ အသားအရောင်အရ ခွဲခြားမှု၊ ဘာသာရေးအရခွဲခြားမှု၊ ဒေသအရခွဲခြားမှု ဒါတွေမရှိအောင် ကျွန်တော်တို့လုပ်ရမယ်။ ဒီလိုသာ လုပ်မယ်ဆိုရင် ကမ္ဘာကြီးက တည်ငြိမ်အေးချမ်းမှုနဲ့ တိုးတက်မှုရှိသွားလိမ့်မယ်။ ဒါကို ကျွန်တော်တို့ အသုံးချနိုင်ဖို့လိုတယ်။

# တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၁၃ ရက်မြောက်နေ့ ကျင်းပ

**နေပြည်တော် ဇွန် ၂၃**

တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၁၃ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်းနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။



အစည်းအဝေးတွင် လမ်းများအဆင့်မြှင့်တင်ဆောင်ရွက်ပေးနိုင်ရေး၊ ချောင်းကူးနှင့်မြစ်ကူးတံတားများ တည်ဆောက်ပေးနိုင်ရေးတို့နှင့်စပ်လျဉ်း၍ မေးခွန်း ရှစ်ခု မေးမြန်းဖြေကြားခြင်းတို့ကို ဆောင်ရွက်ကြသည်။

ဦးစွာ ကော့မှူးမဲဆန္ဒနယ်မှ ဦးအောင်မျိုးသန်း၏ **ကော့မှူးမြို့နယ် တလုတ္တော်၊ ကရင်စု၊ အုတ်ကျင်းကျေးရွာချင်းဆက်လမ်းသည် ပေ ၄၆၂၀ ရှည်လျားပြီး ၎င်းလမ်းကို ၂၂ ပေ မြေသားတာပေါင်တိုးချဲ့ရန်နှင့် ကွန်ကရစ်လမ်းခင်းပေးရန် အစီအစဉ်ရှိ၊ မရှိမေးခွန်း**နှင့်စပ်လျဉ်း၍ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိုက်စိုးက အဆိုပါလမ်းအရှည် ခုနစ်ဖာလုံကို ကွန်ကရစ်လမ်းခင်းပေးမည်ဆိုပါက ခန့်မှန်းငွေကျပ် ၁၂၃၄ ဒသမ ၅၆၄ သန်း ကုန်ကျမည်ဖြစ်ပြီး ကျေးရွာသုံးရွာ အိမ်ခြေ ၃၆၆ အိမ် လူဦးရေ ၂၇၁၄ ဦးကို အကျိုးပြုမည်ဖြစ်ပါကြောင်း။

သို့ဖြစ်ပါ၍ ကျေးလက်လမ်းဖွံ့ဖြိုးရေးမဟာဗျူဟာအပေါ်အခြေခံပြီး သက်ဆိုင်ရာ တိုင်းဒေသကြီးအစိုးရအဖွဲ့ တာဝန်ရှိသူများနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများ ပူးပေါင်း၍ ကျေးရွာ၊ အိမ်ခြေ၊ ဦးရေ၊ ကျေးလက်နေပြည်သူလူထု၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်မှု အကျိုးပြုနှုန်း၊ လက်ရှိလိုအပ်မှုတို့ကို ဦးစားပေးရွေးချယ်မှုအပေါ် ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ်တွင် ရန်ပုံငွေ လျာထားတင်ပြသွားမည်ဖြစ်ပြီး ပြည်ထောင်စု သို့မဟုတ် တိုင်းဒေသကြီး ရရှိရန်ပုံငွေအပေါ်မူတည်၍ လမ်းလွှာအဆင့်ဆင့်အလိုက် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

သာစည်မဲဆန္ဒနယ်မှ ဒေါ်ကြူကြူမော်၏ **သာစည်မြို့မြောက်ဘက် ရှစ်မိုင်ခန့်ရှိ ဝမ်းသာ-ဟံဇား-သာဂရကျေးရွာချင်းဆက်ကျောက်ချောလမ်းကို ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင် ဆောင်ရွက်ပေးနိုင်ပါရန် အစီအစဉ်ရှိ၊ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးသိုက်စိုးက သာစည်မြို့နယ် ဝမ်းသာ-ဟံဇား-သာဂရလမ်းသည် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနပိုင် Class(A) အဆင့်လမ်းဖြစ်ပြီး တိုင်းဒေသကြီးက စီမံခန့်ခွဲသောလမ်းဖြစ်ပါကြောင်း၊ လက်ရှိအခြေအနေတွင် ကတ္တရာလမ်း ၂ မိုင် ၂ ဒသမ ၅၇ ဖာလုံ၊ ကျောက်ချောလမ်း ၆ မိုင် သုည ဒသမ ၉၇ ဖာလုံ၊ အမာခံလမ်း ၁ မိုင် သုည ဒသမ ၄၆ ဖာလုံ စုစုပေါင်းလမ်းအရှည် ၉ မိုင် ၄ ဖာလုံရှိပါကြောင်း၊ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် တိုင်းဒေသကြီးငွေလုံးငွေရင်းရန်ပုံငွေဖြင့် ဝမ်းသာရွာနှင့် ဟံဇားရွာကြားရှိ လေးဖာလုံကို ကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်တင်ခြင်း ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

ကျေးလက်လမ်းဖွံ့ဖြိုးရေးမဟာဗျူဟာအပေါ်အခြေခံပြီး ကျေးလက်နေပြည်သူလူထု၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်မှု အကျိုးပြုနှုန်း၊ လက်ရှိလိုအပ်မှုတို့ကို ဦးစားပေးရွေးချယ်မှုအပေါ် ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ်တွင် ကျန်ရှိနေသော အမာခံလမ်းပိုင်း ၄ ဒသမ ၄၆ ဖာလုံကို ကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်တင်နိုင်ရန် တိုင်းဒေသကြီးရန်ပုံငွေတွင် လျာထားတင်ပြသွားမည်ဖြစ်ပြီး ရရှိရန်ပုံငွေအပေါ်မူတည်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

မတ္တရာမဲဆန္ဒနယ်မှ ဦးလှမြင့်၏ **မတ္တရာမြို့နယ် ရွှေချောင်းကျေးရွာအုပ်စု နေပူရွာမှ ရွှေတချောင်းမြောင်းပေါင်လမ်းသည် မြေသားလမ်းဖြစ်ပြီး မိုးရာသီကာလအတွင်း သွားလာမှုအတွက် အခက်အခဲများစွာဖြစ်ရပါသဖြင့် ပြုပြင်ပေးမည့် အစီအစဉ်ရှိ၊ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးသိုက်စိုးက မတ္တရာမြို့နယ် နေပူကျေးရွာနှင့် ရွှေတချောင်းမြောင်းပေါင်လမ်း လမ်းအရှည် ၁ မိုင် ၂ ဖာလုံကို ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်မည်ဆိုပါက ခန့်မှန်းငွေကျပ် ၁၃၆၁ ဒသမ ၀၄ သန်း ကုန်ကျမည်ဖြစ်ပြီး ကျေးရွာ ခြောက်ရွာ အိမ်ခြေ ၁၂၅၃ အိမ် လူဦးရေ ၅၇၆၀ ကို အကျိုးပြုမည်ဖြစ်ပါကြောင်း။

အဆိုပါလမ်းသည် လက်ရှိတွင် ကျောက်ချောလမ်းအဆင့်ဖြစ်ပြီး လမ်းပြတ်တောက်မှုမရှိဘဲ ရာသီမရွေးသွားလာနိုင်သောလမ်းဖြစ်ပါကြောင်း၊ ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ်တွင် ရရှိရန်ပုံငွေအပေါ်မူတည်၍ ကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်တင်ပြင်ဆင်ခြင်းလုပ်ငန်းကို ဦးစားပေးလျာထား ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ကြာအင်းဆိပ်ကြီး မဲဆန္ဒနယ်မှ ဦးမြင့်ထွန်း၏ **ကြာအင်းဆိပ်ကြီးမြို့ အရှေ့ဘက်ကမ်းနှင့် အနောက်ဘက်ကမ်းကို ဆက်သွယ်သွားလာနိုင်မည့် ကူးတို့လှေငယ်များဖြင့် သွားလာနေကြရသောနေရာတွင် ဇမိမြစ်ကူးတံတား (ကြာအင်းဆိပ်ကြီး)ကို ၂၀၂၆ ခုနှစ်မှ ၂၀၃၀ ပြည့်နှစ်မတိုင်မီ ကာလအတွင်း သင့်လျော်မည့်ဘဏ္ဍာနှစ်တွင် ဆောက်လုပ်ပေးနိုင်ခြင်းရှိ၊ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးမြင့်က ဇမိမြစ်ကူးတံတား (ကြာအင်းဆိပ်ကြီး) တည်ဆောက်မည်ဆိုပါက Google map တွင် တိုင်းတာချက်အရ မြစ်ကမ်းပါးနှစ်ဖက်အကွာအဝေးမှာ ပေ ၆၀၀ ခန့်ရှိပြီး ချဉ်းကပ်တံတားအပါအဝင် စုစုပေါင်းတံတားအရှည်မှာ ပေ ၂၅၀၀ ခန့်ရှိမည်ဖြစ်ပါကြောင်း၊ သင်္ဘောကြီးများ ဖြတ်သန်းသွားလာသည့်မြစ်ဖြစ်၍ ရေလမ်းကင်းလွတ်အကျယ် ပေ ၂၄၀ နှင့် ရေလမ်းကင်းလွတ်အမြင့်မှာ အမြင့်ဆုံးရေ level မှ ပေ ၃၀ ခန့် အနည်းဆုံးရှိရန် လိုအပ်မည်ဖြစ်ပါကြောင်း။

ကြာအင်းဆိပ်ကြီးမြို့ အရှေ့ဘက်ကမ်းနှင့် အနောက်ဘက်ကမ်း ဆက်သွယ်သွားလာနိုင်မည့် ဇမိမြစ်ကူးတံတား (ကြာအင်းဆိပ်ကြီး)ကို လတ်တလော နယ်မြေအခြေအနေအရ တံတား မတည်ဆောက်မီ လိုအပ်သော ပဏာမကြိုတင်ဖြစ်မြောက်နိုင်စွမ်း လေ့လာဆန်းစစ်မှုလုပ်ငန်းများဖြစ်သည့် တံတားအူကြောင်းရွေးချယ်ခြင်း၊ မြေစမ်းသပ်ခြင်းနှင့် တံတားပုံစံထုတ်ခြင်းတို့ကို ဆောင်ရွက်နိုင်ခြင်းမရှိပါကြောင်းနှင့် နယ်မြေအေးချမ်းတည်ငြိမ်လာသည့် အချိန်မှသာလျှင် ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

တန့်ယန်းမဲဆန္ဒနယ်မှ ဦးစိုင်းဆန်စိန်၏ **ဟိုယ-တန့်ယန်းလမ်း မိုင်းရယ်မြို့နယ်အပိုင်း လွယ်ပန်တောင်ကြောအတက်အဆင်းမှ လမ်းကွေ့ငါးခုကို ကွန်ကရစ်လမ်းဖြင့် အစားထိုးပေးရန်၊ တန့်ယန်းမြို့နယ် ကတ္တရာလမ်းကို ၁၂ ပေမှ ၁၈ ပေတိုးချဲ့ခြင်းကို လေးမိုင်ခန့် ဆက်လက်လုပ်ဆောင်ပေးရန်နှင့် မြို့အဝင်မုခ်ဦးအနီး အောင်တော်မူစေတီမှ မြို့အတွင်း မိုင်းကောင်လမ်းပိုင်းရှိ "ပတ္တမြား" စက်သုံးဆီဆိုင်ထိနှင့် နောင်ဖောလမ်းအပိုင်းရှိ "ပြည့်ဝ" စက်သုံးဆီဆိုင်အနီးထိ ၂၄ ပေအကျယ် ကတ္တရာလမ်းအဖြစ် ဆောင်ရွက်ပေးရန်အစီအစဉ် ရှိ၊ မရှိမေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးမျိုးမြင့်က ဟိုယ-တန့်ယန်းလမ်းနှင့်စပ်လျဉ်းပြီး ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် ရှမ်းပြည်နယ်ရန်ပုံငွေဖြင့် ကတ္တရာမျက်နှာပြင်လွှာညှိခြင်း ၇ ဒသမ ၅ ဖာလုံ၊ ကတ္တရာလမ်းများ ပြုပြင်ခြင်း ၅ ဒသမ ၇၅ ဖာလုံနှင့် သာမန်ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ လွယ်ပန်တောင်ကြောအပိုင်း မတ်စောက်သောလမ်းကွေ့နေရာ ငါးကွေ့ကို ၂၄ ပေအကျယ် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နိုင်ရေးအတွက် ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ်မှစတင်၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့သို့ ရှမ်းပြည်နယ်လမ်းဦးစီးဌာနမှ ရန်ပုံငွေ လျာထားတင်ပြပြီး ရန်ပုံငွေခွဲဝေရရှိမှုအပေါ်မူတည်၍ အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း။

ဟိုယ-တန့်ယန်းလမ်း၏ တန့်ယန်းမြို့နယ်အပိုင်း ကတ္တရာလမ်းချဲ့ရန် ၇ မိုင် ၅ ဖာလုံကို ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ်မှစတင်၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့သို့ ရှမ်းပြည်နယ်လမ်းဦးစီးဌာနက ရန်ပုံငွေ လျာထားတင်ပြပြီး ရန်ပုံငွေခွဲဝေရရှိမှုအပေါ်မူတည်၍ အကောင်အထည်ဖော်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း။

ဟိုယ-တန့်ယန်းလမ်း မိုင် ၃၀ (တန့်ယန်းမြို့အဝင် အောင်တော်မူစေတီ) မှ ၃၂ မိုင် ၂ ဒသမ ၅ ဖာလုံအထိ ၂ မိုင် ၂ ဒသမ ၅ ဖာလုံသည် ၁၈ ပေအကျယ် ကတ္တရာလမ်းဖြစ်ပြီး ၃၂ မိုင် ၂ ဒသမ ၅ ဖာလုံမှ ၃၃ မိုင် (ထွန်းခမ်းဟော်တယ်ရှေ့)ထိ ၅ ဒသမ ၅ ဖာလုံကို ၂၄ ပေအကျယ် ကတ္တရာလမ်းခင်းပြီးဖြစ်ပါကြောင်း။

တန့်ယန်း-မိုင်းကောင်-တာမဆွန်လမ်း၏ တန့်ယန်းမြို့တွင်း လမ်းအပိုင်းဖြစ်သည့် သုညမိုင်(ထွန်းခမ်းဟော်တယ်ရှေ့)မှ (ပတ္တမြားဆီဆိုင်)ရှေ့ထိ ခုနစ်ဖာလုံမှာ ၁၈ ပေအကျယ် လမ်းပိုင်းပေါ်တွင် ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ ရန်ပုံငွေဖြင့် တစ်ဖာလုံနှင့် နှစ်ဖာလုံကြား၊ ခြောက်ဖာလုံနှင့် ခုနစ်ဖာလုံကြား ကတ္တရာမျက်နှာပြင်လွှာညှိခြင်းလုပ်ငန်း၊ နှစ်ဖာလုံနှင့် သုံးဖာလုံအတွင်း ရေလည်ဘုရားရှေ့နေရာ ပေ ၅၅၀ ကို ၁၈ ပေအကျယ် ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

တန့်ယန်းမြို့တွင်း လမ်းပိုင်းများကို ၂၄ ပေအကျယ် တစ်စပ်တစ်ဆက်တည်းဖြစ်စေရန် ၂၄ ပေအကျယ် ကတ္တရာလမ်းချဲ့ခြင်းလုပ်ငန်းဆောင်ရွက်ရန် ရှမ်းပြည်နယ်အစိုးရအဖွဲ့သို့ ရှမ်းပြည်နယ်လမ်းဦးစီးဌာနက ရန်ပုံငွေလျာထားတင်ပြပြီး ရန်ပုံငွေခွဲဝေရရှိမှုအပေါ်မူတည်၍ အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း။

တန့်ယန်း-နောင်ဖလမ်း၏ မြို့တွင်းလမ်းပိုင်း ၁ မိုင် ၄ ဖာလုံမှ ၁ မိုင် ၇ ဖာလုံထိ သုံးဖာလုံကို ပထမအဆင့်အနေဖြင့် ၁၂ ပေအကျယ်မှ ၁၈ ပေအကျယ်သို့ ကတ္တရာလမ်းချဲ့ခြင်းလုပ်ငန်း ဆောင်ရွက်ရန်နှင့် သုညမိုင်မှ ၁ မိုင် ၇ ဖာလုံထိ ၁ မိုင် ၇ ဖာလုံကို ၂၄ ပေအကျယ် ကတ္တရာလမ်းချဲ့ခြင်း လုပ်ငန်းဆောင်ရွက်ရန် ရှမ်းပြည်နယ်အစိုးရအဖွဲ့သို့ ရှမ်းပြည်နယ်လမ်းဦးစီးဌာနက လျာထားတင်ပြပြီး ရန်ပုံငွေခွဲဝေရရှိမှုအပေါ်မူတည်၍ အကောင်အထည်ဖော်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ကျောက်တန်းမဲဆန္ဒနယ်မှ ဦးနိုင်ဝင်း၏ **ကျောက်တန်းမြို့နယ် သီတာမြိုင်ရပ်ကွက်နှင့် သနပ္ပင်ချင်းကျေးရွာအုပ်စုတို့ကို ဆက်သွယ်မည့် မော်ဝန်းချောင်းကူးတံတား အမြန်ဆုံးတည်ဆောက်ပေးရန် အစီအစဉ်ရှိ၊ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးမျိုးမြင့်က ကျောက်တန်းမြို့နယ် သီတာမြိုင်ရပ်ကွက်နှင့် သနပ္ပင်ချင်းကျေးရွာတို့ကို ဆက်သွယ်သွားလာနိုင်မည့် မော်ဝန်းချောင်းတံတား တည်ဆောက်ပေးနိုင်ရေးနှင့်စပ်လျဉ်း၍ မန္တလေးလျှင်ကြီးကြောင့် ပျက်စီးသွားသည့် တံတားများ ပြုပြင်ခြင်းနှင့် အကြမ်းဖက်မှုဖြစ်စဉ်များကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့် တံတားများ ဆက်လက်ဆောင်ရွက်ရမည်ဖြစ်သည့်အတွက် လတ်တလောအနေဖြင့် မော်ဝန်းချောင်းတံတားကို မဆောင်ရွက်သင့်သေးပါကြောင်း၊ တိုးတက်လာသည့် ခရီးသွား၊ ယာဉ်စီးရေတို့အပေါ် မူတည်ပြီးမှသာ စီမံကိန်းဖြစ်မြောက် နိုင်စွမ်းလေ့လာမှုကိုလည်း ရန်ပုံငွေတင်ပြတောင်းခံပြီး ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

မိုးညိုမဲဆန္ဒနယ်မှ ဒေါ်ဇာခြည်လွင်၏ **ရှမ်းတော - မင်းလှ - အင်းဘုတ်ကုန်း - မိုးညိုလမ်း(မိုးညိုမြို့နယ်အပိုင်)ကို ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် ၁၈ ပေအကျယ် ကွန်ကရစ်လမ်းခင်းရန်အတွက် ကျန်ရှိသော ၅ မိုင် ၁ ဖာလုံကို ဆက်လက်ဆောင်ရွက်ရန်အစီအစဉ်ရှိ၊ မရှိနှင့် မည်သည့်ဘဏ္ဍာနှစ်တွင် ဆောင်ရွက်မည်ကို သိရှိလိုခြင်းမေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးမျိုးမြင့်က ရှမ်းတော-မင်းလှ-အင်းဘုတ်ကုန်း-မိုးညိုလမ်း၏ မိုးညိုမြို့နယ်အပိုင်းသည် ၁၈ ပေအကျယ်ဖြစ်ပြီး ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် ပဲခူးတိုင်းဒေသကြီးအစိုးရခွင့်ပြုရန်ပုံငွေဖြင့် သတ်မှတ်အပိုင်းလိုက် ကွန်ကရစ်လမ်းခင်းခြင်း၊ ကတ္တရာလမ်းချိုင့်ခွက်များ၊ လမ်းအနိမ့်အမြင့်ဖြစ်ပေါ်နေသည့် နေရာများကို ကျောက်ဖြည့်ခင်း၍ ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ၁၈ ပေအကျယ် ကွန်ကရစ်လမ်းအဖြစ် **စာမျက်နှာ ၂၀ သို့**

# အမရပူရခရိုင် အမရပူရမြို့နယ်တွင် ဆောင်ရွက်လျက်ရှိသည့် အမရပူရမြို့ပြဖွံ့ဖြိုးရေးစီမံကိန်းဆိုင်ရာလုပ်ငန်းဆောင်ရွက်နေမှုများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြခြင်း အခမ်းအနားကျင်းပ



**မန္တလေး ဇွန် ၂၃**

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ဇွန် ၂၂ ရက် မွန်းလွဲပိုင်းက အမရပူရခရိုင် အမရပူရမြို့နယ်တွင် ဆောင်ရွက်လျက်ရှိသည့် အမရပူရမြို့ပြဖွံ့ဖြိုးရေး စီမံကိန်းဆိုင်ရာ လုပ်ငန်း ဆောင်ရွက်နေမှုများနှင့် ပတ်သက်၍ အမရပူရမြို့ပြဖွံ့ဖြိုးရေး စီမံကိန်းမှ တာဝန်ရှိသူများက ရှင်းလင်း တင်ပြခြင်းအခမ်းအနားကို ကျင်းပခဲ့သည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများ၊ အမရပူရမြို့ပြဖွံ့ဖြိုးရေးစီမံကိန်းမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး အမရပူရမြို့ပြဖွံ့ဖြိုးရေးစီမံကိန်းမှ တာဝန်ရှိသူက စီမံကိန်းစတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့မှု၊ ဆက်လက်ဆောင်ရွက်မည့် အစီအမံများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြခဲ့သည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အမရပူရခရိုင် အမရပူရမြို့နယ်တွင် ဆောင်ရွက်လျက်ရှိသည့် အမရပူရမြို့ပြဖွံ့ဖြိုးရေးစီမံကိန်းဆိုင်ရာ လုပ်ငန်းဆောင်ရွက်နေမှုများနှင့် ရှင်းလင်းတင်ပြမှုများအပေါ် အမှာစကားများပြောကြားပြီး တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများက အကြံပြုဖြည့်စွက်ပြောကြားကာ တိုင်းဒေသကြီးဝန်ကြီးချုပ်က နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**မျိုးကျော်**

# ကချင်ပြည်နယ်ဝန်ကြီးချုပ် မိုးညှင်းခရိုင်အတွင်း ရထားလမ်းပိုင်းများနှင့် ဘူတာများပြုပြင်ဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး



**မြစ်ကြီးနား ဇွန် ၂၃**

ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်သည် ယနေ့နံနက်ပိုင်းတွင် မြစ်ကြီးနား-မိုးညှင်း ရထားလမ်းပိုင်း ပြန်လည်ပြေးဆွဲနိုင်ရန် မိုးညှင်းခရိုင် မိုးညှင်းမြို့နယ်ရှိ နန်းမားဘူတာပြုပြင်ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် နန်းမားနှင့် မြို့သစ်ကလေး ဘူတာကြား မိုင်တိုင် ၆၄၂/၁၇-၁၈ ရှိ တံတားအမှတ်(၆၁၁)၊ မိုင်တိုင် ၆၄၅/ ၁၀-၁၁ ရှိ တံတားအမှတ်(၆၁၅) နှင့် တံတားအမှတ်(၆၂၇)တို့တွင် သံဘောင်ထည့်သွင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု၊ ဇလီဖားလဲလှယ်မှုနှင့် သံလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကိုလည်းကောင်း၊ ဟိုပင်ဘူတာ၊ ဆားမော်ဘူတာတို့ ပြုပြင်ဆောင်ရွက်ထားရှိမှု၊ သံလမ်းများကျောက်ဖြည့်ခြင်း၊ ဇလီဖားများမြှင့်တင်ခြင်းလုပ်ငန်းများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများနှင့် လုပ်အားပေးအဖွဲ့များအတွက် ချီးမြှင့်ငွေများ ပေးအပ်သည်။

ယင်းနောက် မိုးသည်းထန်စွာရွာသွန်းခဲ့မှုကြောင့် လူနေအိမ်များအတွင်း ချောင်းရေများ ဝင်ရောက်ခဲ့သဖြင့် ရေဘေးကယ်ဆယ်ရေးစခန်းများတွင် ရောက်ရှိသည့် ရေဘေးသင့်ပြည်သူများကို မိုးကောင်းမြို့ မြို့နယ်ဓမ္မာရုံ၌ တွေ့ဆုံအားပေးစကားပြောကြားပြီး ရေဘေးသင့်အိမ်ထောင်စု ၃၂ စုတို့အတွက် ဆန်၊ ဆီ၊ ကြက်ဥနှင့် ခေါက်ဆွဲခြောက်များ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **ပြည်နယ်(ပြန်/ဆက်)**

# ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် အစားထိုးဖြည့်စွက်ကြောင်း ကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
ကြေညာချက်အမှတ် (၄၆ /၂၀၂၆)
၁၃၈၈ ခုနှစ် ပထမဝါဆိုလဆန်း ၉ ရက်
(၂၀၂၆ ခုနှစ် ဇွန်လ ၂၃ ရက်)

**ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် အစားထိုးဖြည့်စွက်ကြောင်း ကြေညာခြင်း**

၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်မှစတင်၍ အပိုင်းလိုက်ကျင်းပခဲ့သည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် အချိုးကျကိုယ်စားပြုစနစ်မဲဆန္ဒနယ်များ၌ ရွေးကောက်တင်မြှောက်ခံရသည့် လွှတ်တော်ကိုယ်စားလှယ်များကို သတ်မှတ်ကြေညာခဲ့ပြီးဖြစ်ပါသည်။ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲနည်းဥပဒေ ၁၃၂ အရ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် အချိုးကျကိုယ်စားပြုစနစ်မဲဆန္ဒနယ်များမှ လစ်လပ်သွားသည့် လွှတ်တော်ကိုယ်စားလှယ်များနေရာ၌ သက်ဆိုင်ရာ နိုင်ငံရေးပါတီ၏ ဦးစားပေးအစီအစဉ်အတိုင်း တင်ပြထားသည့် လွှတ်တော်ကိုယ်စားလှယ်လောင်းများအနက် ဦးစားပေးအစီအစဉ်အရ အောက်ဖော်ပြပါပုဂ္ဂိုလ်ကို ယှဉ်တွဲပါအတိုင်း အစားထိုးဖြည့်စွက်ကြောင်း ကြေညာလိုက်သည်-

**ရှမ်းပြည်နယ်လွှတ်တော်(အချိုးကျကိုယ်စားပြုစနစ်) မဲဆန္ဒနယ်အမှတ်(၁)**

| | | |
|---|---|---|
| စဝ်သာဦး | အစား | ဦးထွန်းမြင့်ဦး |
| ၁၃/တကန(နိုင်)၀၁၈၈၉၇ | | ၁၃/တကန(နိုင်)၀၄၈၀၂၇ |
| မိုင်းပန်မြို့နယ် | | မိုင်းပန်မြို့နယ် |
| ကိုယ်စားလှယ်အမှတ်(၂) | | ကိုယ်စားလှယ်အမှတ်(၂) |
| ရှမ်းနှင့်တိုင်းရင်းသားများ | | ရှမ်းနှင့်တိုင်းရင်းသားများ |
| ဒီမိုကရက်တစ်ပါတီ | | ဒီမိုကရက်တစ်ပါတီ |
| (ကျားဖြူပါတီ) | | (ကျားဖြူပါတီ) |

(ပုံ) သန်းစိုး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

# နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် ဇွန် ၂၃**

ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့် အရှေ့ပိုင်း)တွင် နေရာကွက်ကျား၊ မကွေးတိုင်းဒေသကြီး၊ ကယားပြည်နယ်တို့တွင် နေရာကျဲကျဲ၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ချင်းပြည်နယ်တို့တွင် နေရာစိပ်စိပ်၊ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်တို့တွင် နေရာကွက်၍မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ **(မိုး/ဇလ)**

# နန့်ယင်း၊ နန့်ကောင်းချောင်းရေ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်

**နေပြည်တော် ဇွန် ၂၃**

ယနေ့ နံနက် ၆ နာရီခွဲအချိန် တိုင်းထွာချက်အရ နန့်ယင်းချောင်းရေသည် မိုးကောင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ပေဝက်ကျော် ကျော်လွန်ရောက်ရှိနေပြီး နောက်တစ်ရက်အတွင်း သုံးလက်မခန့်ကျဆင်းနိုင်ကာ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

အလားတူ နန့်ကောင်းချောင်းရေသည် မိုးကောင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ တစ်ပေခန့်ကျော်လွန်ရောက်ရှိနေပြီး နောက်တစ်ရက်အတွင်း သုံးလက်မခန့်ကျဆင်းနိုင်ကာ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ မိုးကောင်းမြို့နယ်အတွင်းရှိ ချောင်းကမ်းအနီးနှင့်မြေနိမ့်ပိုင်း နေထိုင်သူများအနေဖြင့် ရေဘေးလွတ်ရာနေရာများသို့ ရှောင်ရှားနိုင်ရန် သတိပေးနှိုးဆော်အပ်ပါသည်။ **(မိုး/ဇလ)**

**စာမျက်နှာ ၁၉ မှအဆက်**

အဆင့်မြှင့်တင်ရန် လိုအပ်သည့်အပိုင်းကို ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ်တွင် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့သို့ ပဲခူးတိုင်းဒေသကြီး လမ်းဦးစီးဌာနက ရန်ပုံငွေလျာထားတင်ပြတောင်းခံ၍ ရန်ပုံငွေရရှိမှုအပေါ်မူတည်ပြီး ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ဝမ်းတွင်းမဲဆန္ဒနယ်မှ ဦးမျိုးမြင့်သိန်း၏ **ဝမ်းတွင်းမြို့နယ် ရွာဝေအုပ်စုရှိ ကျေးရွာလေးရွာနှင့် မြစ်သားမြို့နယ် ကျေးရွာတို့မှ ပြည်သူများ သွားလာနေသည့် ကင်းတားလက်ဝဲမြောင်းမကြီးသည် DY-16 မှ ရွာဝေသွားသင်ပုန်းဆိုင်ဖွန်ထိ ယာဉ်နှစ်စီး ရှောင်၍မရဘဲ သွားလာနေကြရပါသဖြင့် အကျယ်ပေ ၃၀ ကွန်ကရစ်လမ်း ဖောက်လုပ်ပေးရန်နှင့် ဝမ်းတွင်း-ပင်းတလဲလမ်း ၁၄/၀ မိုင်မှာ နှစ်စဉ်ပျက်စီးမှုဖြစ်ပေါ်နေသဖြင့် ကတ္တရာလမ်းအဖြစ် ဆောင်ရွက်ပေးနိုင်ရန်အစီအစဉ်ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးမျိုးမြင့်က ကင်းတားလက်ဝဲမြောင်းမကြီးကို ပေ ၃၀ အကျယ် ကွန်ကရစ်လမ်းအဖြစ် ဖောက်လုပ်နိုင်ရန်အတွက် လမ်းနယ်နိမိတ်အဖြစ် ရရှိနိုင်ရေး သက်ဆိုင်ရာအဖွဲ့အစည်းများ၊ ဒေသခံတောင်သူများနှင့် ဦးစွာညှိနှိုင်းဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ညှိနှိုင်းမှုများ ဆောင်ရွက်ပြီးပါက ကုန်ကျစရိတ်တွက်ချက်ပြီး ဘဏ္ဍာနှစ်အလိုက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုရန်ပုံငွေ သို့မဟုတ် သင့်လျော်ရာရန်ပုံငွေတွင် လျာထားတင်ပြကာ ရန်ပုံငွေရရှိမှုအခြေအနေပေါ်မူတည်၍ အကောင်အထည်ဖော်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ ဝမ်းတွင်း-ပင်းတလဲလမ်း၏ ပြုပြင်ထိန်းသိမ်းရန်လိုအပ်သည့် ကတ္တရာလမ်းပိုင်း ပြင်ဆင်ထိန်းသိမ်းခြင်းနှင့် ကျောက်လမ်း ၈ မိုင် ၅ ဒသမ ၇ ဖာလုံကို ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ရန်အတွက် ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ်မှစတင်ပြီး မန္တလေးတိုင်းဒေသကြီး လမ်းဦးစီးဌာနက ပြည်ထောင်စုရန်ပုံငွေတွင် လျာထားတင်ပြပြီး ရရှိရန်ပုံငွေအပေါ်မူတည်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၁၃ ရက်မြောက်နေ့ကို ရပ်နားလိုက်ပြီး အစည်းအဝေး ၁၄ ရက်မြောက်နေ့ကို ဇွန် ၂၅ ရက်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**■ ဂုဏ်ပြုကြိုဆိုမှု**

နယ်မြေခံတပ်ရင်း၌ပြုလုပ်ရာ လွိုင်ကော်တပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဒေသခံတိုင်းရင်းသားပြည်သူများ၊ ဆရာ၊ဆရာမများ၊ ကျောင်းသား၊ကျောင်းသူများနှင့် တိုင်းရင်းသားရိုးရာ အကအဖွဲ့များက ဂုဏ်ပြုကြိုဆိုကြသည်။

ဒေသခံ တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာ နေထိုင်လုပ်ကိုင်စားသောက်နိုင်ရေးနှင့် အသက်အိုးအိမ် စည်းစိမ်ဥစ္စာလုံခြုံမှုရှိစေရေး၊ နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းရေးအတွက် ရှေ့တန်းစစ်မျက်နှာများတွင် အသက်ကိုပဓာနမထားဘဲ စစ်ဆင်ရေးတာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်ခဲ့သော ရှေ့တန်းပြန်တပ်မတော်သားများကို တက်ရောက်လာကြသူများက အောင်သပြေခက်များ၊ အောင်ပန်းကုံးများဖြင့်လည်းကောင်း၊ အိုးစည်ဒိုးပတ် အတီး၊ အမှုတ်၊ အက၊ အခုန်များဖြင့်လည်းကောင်း ဂုဏ်ယူဝမ်းမြောက်စွာ သောင်းသောင်းဖြဖြ ကြိုဆိုခဲ့ကြကြောင်း သတင်းရရှိသည်။ **(၅၀၁)**




ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီးကျော်စွာလင်း ဘုတ်ပြင်းတပ်နယ်ရှိ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များကို တွေ့ဆုံအမှာစကားပြောကြားစဉ်။

☆ ကျောဖုံးမှအဆက်

အမှာစကားပြောကြားရာတွင် ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် အာဏာရပါတီအနေဖြင့် မဲမသမာမှုများဆောင်ရွက်ပြီး နိုင်ငံတော်၏အာဏာကို အဓမ္မရယူရန် ဆောင်ရွက်ခဲ့ခြင်းကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်) နှင့်အညီ နိုင်ငံတော်၏ တာဝန်အရပ်ရပ်ကို တပ်မတော်က တာဝန်ယူထိန်းသိမ်းဆောင်ရွက်ခဲ့ရကြောင်း။

ထိုသို့ နိုင်ငံတော်၏တာဝန်ကို တပ်မတော်က ဆောင်ရွက်ခဲ့ရမှုအပေါ် မသမာသူများ၏ သွေးထိုးမြှောက်ပင့်မှုများကြောင့် ဆူပူမှုမှတစ်ဆင့် အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်လာသည်ထိ ဖြစ်ပေါ်ခဲ့ရကြောင်း၊ တပ်မတော်အနေဖြင့် အဆိုပါအကြမ်းဖက်လုပ်ရပ်များကို ဥပဒေနှင့်အညီ ထိန်းထိန်းသိမ်းသိမ်း ဆောင်ရွက်ခဲ့ရကြောင်း၊ နိုင်ငံတော်မပြိုကွဲရန်နှင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာ မထိပါးစေရန်အတွက် အသက်ကိုပဓာနမထားဘဲ ကိုယ်စွမ်းရှိသရွေ့ ဉာဏ်စွမ်းရှိသရွေ့ ရဲရဲဝံ့ဝံ့ဆောင်ရွက်ခဲ့ကြသည့် အရာရှိ၊ စစ်သည်၊ မိသားစုများကို အသိအမှတ်ပြုဂုဏ်ယူပါကြောင်း။

နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် အဖွဲ့အစည်းများက နိုင်ငံရေးအကြောင်းပြ၍ ဆူပူအကြမ်းဖက်မှုလုပ်ငန်းများကို လုပ်ဆောင်နေခြင်းကြောင့် တပ်မတော်အနေဖြင့် တည်ငြိမ်အေးချမ်းရေးအတွက် နိုင်ငံအနှံ့လုံခြုံရေးဆိုင်ရာကိစ္စရပ်များကို ဆောင်ရွက်ပေးနေရခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်ကို အပြည့်အဝ ကာကွယ်စောင့်ရှောက်နိုင်ရန်အတွက် တပ်မတော်သည် အင်အားတောင့်တင်းခိုင်မာရန်လိုကြောင်း၊ ထိုသို့ အင်အားတောင့်တင်း ခိုင်မာရန်အတွက် တပ်မတော်သားများအနေဖြင့် ခြေလျင်၊ ခြေမြန်၊ လက်ရုံးတပ်ဖွဲ့ဟူ၍ မခွဲခြားဘဲ ပေးအပ်သည့် တာဝန်များကို ကျေပွန်စွာ ထမ်းဆောင်နိုင်ရေးအတွက် အမြဲအသင့်ဖြစ်နေအောင် လေ့ကျင့်နေကြရမည်ဖြစ်ကြောင်း၊ တပ်မတော်သားများအနေဖြင့် သင်တန်းကျောင်းများမှ အဆင့်အလိုက် သင်ကြားပေးလိုက်သည့် စစ်အတတ်ပညာများ၊ စစ်နည်းဗျူဟာများကို




ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီးကျော်စွာလင်း တပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် စားသောက်ဖွယ်ရာများပေးအပ်ရာ တာဝန်ရှိသူတစ်ဦးက လက်ခံရယူစဉ်။



ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီးကျော်စွာလင်း၏ ဇနီး ဒေါ်နန်းကူးကူ တပ်နယ်ရှိ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအတွက် ချီးမြှင့်ငွေများပေးအပ်ရာ တာဝန်ရှိသူတစ်ဦးက လက်ခံရယူစဉ်။

**စစ်အတတ်ပညာများ၊ စစ်နည်းဗျူဟာများကို လက်တွေ့နယ်ပယ်တွင် ကြုံတွေ့ရသည့် အတွေ့အကြုံများနှင့်ပေါင်းစပ်၍ စစ်ဆင်ရေးတာဝန်များတွင် အောင်မြင်အောင် ထမ်းဆောင်ကြရန်လို၊ တိုးတက်ပြောင်းလဲလျက်ရှိသည့် စစ်အတတ်ပညာများကိုလည်း စဉ်ဆက်မပြတ် လေ့လာနေကြရန်လို . . .**

လက်တွေ့နယ်ပယ်တွင် ကြုံတွေ့ရသည့် အတွေ့အကြုံများနှင့် ပေါင်းစပ်၍ စစ်ဆင်ရေးတာဝန်များတွင် အောင်မြင်အောင် ထမ်းဆောင်ကြရန်လိုကြောင်း၊ အလားတူ တိုးတက်ပြောင်းလဲလျက်ရှိသည့် စစ်အတတ်ပညာများကိုလည်း စဉ်ဆက်မပြတ် လေ့လာနေကြရန်လိုကြောင်း။

တပ်မတော်သားများ ဖြစ်သည့်အတွက် စည်းကမ်းစနစ်တကျဖြင့် ကျင့်ကြံနေထိုင်ကြရန်လိုကြောင်း၊ သို့မှသာ ပေးအပ်လာသည့် အမိန့်နှင့်တာဝန်များကို တစ်ဦးတစ်ယောက်ချင်းမှစ၍ အဖွဲ့အစည်းအလိုက် ကျေပွန်စွာ ထမ်းဆောင်နိုင်မည် ဖြစ်ကြောင်း၊ တပ်မတော်သားများအနေဖြင့် တစ်ဦးချင်း၏ တိုက်စွမ်းရည်များတိုးတက်နေစေရန် အမြဲမပြတ်လေ့ကျင့်ဆောင်ရွက်နေရန်လိုကြောင်း၊ စွမ်းရည်ထက်မြက်သော တပ်မတော်ဖြစ်စေရေးအတွက် တပ်မတော်သားတိုင်း အမိန့်နာခံတတ်မှုရှိပြီး ရဲဘော်စိတ်ဖြင့် ကိုယ်စီတာဝန်များကို ကျေပွန်အောင်ထမ်းဆောင်ကြရန် လိုကြောင်း။

စစ်သည်တစ်ဦးချင်းအလိုက် မိမိတတ်ကျွမ်းရမည့် စစ်အတတ်ပညာများကို ကျွမ်းကျွမ်းကျင်ကျင် တတ်ကျွမ်းအောင် လေ့ကျင့်နေရမည်ဖြစ်ကြောင်း၊ သင်တန်းကျောင်းများက သင်ကြားပေးသည့် စစ်အတတ်ပညာများကို မိမိစစ်ဆင်ရေးတာဝန်ထမ်းဆောင်ရမည့် နယ်မြေ၊ ရန်သူအပေါ်မူတည်ပြီး မြေပြင်အခြေအနေနှင့်အညီ ကိုက်ညီအောင်အသုံးချရမည်ဖြစ်ကြောင်း၊ နိုင်ငံ့တာဝန်များကို ကျေပွန်စွာ ထမ်းဆောင်ရန်အတွက် တပ်မတော်သားများအနေဖြင့် ကျန်းမာကြံ့ခိုင်ရန်လိုကြောင်း၊ ကိုယ်ခန္ဓာကျန်းမာကြံ့ခိုင်နေရန် ကိုယ်လက်လှုပ်ရှားမှုများကို နေ့စဉ်ဆောင်ရွက်နေရမည်ဖြစ်ကြောင်း၊ ကျန်းမာရေးကိုထိခိုက်စေသည့် အနေအထိုင်အစားအသောက်များကို ရှောင်ကြဉ်ကြရန်လိုကြောင်း။

အကြမ်းဖက် သောင်းကျန်းသူများအနေဖြင့် ကိုယ်ကျိုးအတွက်သာကြည့်ပြီး နိုင်ငံတော်၏ အဖိုးတန်သယံဇာတများ တရားမဝင် တူးဖော်ရောင်းချခြင်း၊ မူးယစ်ဆေးဝါး သယ်ဆောင်ရောင်းချခြင်းများ၊ အွန်လိုင်း လိမ်လည်လောင်းကစားမှုများကို လုပ်ဆောင်နေကြသဖြင့် နိုင်ငံတော်၏ ဂုဏ်သိက္ခာကျဆင်းရကြောင်း၊ ထို့ကြောင့် နိုင်ငံတော်အစိုးရအနေဖြင့် အဆိုပါလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်နိုင်ခြင်း မရှိစေရေးအတွက် အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို ထိခိုက်အောင်ဆောင်ရွက်နေမှုများကို တပ်မတော်အနေဖြင့် ထိထိရောက်ရောက် ကာကွယ်စောင့်ရှောက်လျက်ရှိကြောင်း။

တပ်မတော်သားများ၏ ပါရမီဖြည့်ဖက် မိသားစုဝင်များအနေဖြင့် ပါရမီဖြည့်ဖက်ကောင်းပီသစွာ ကျင့်ကြံနေထိုင်ကြရန်လိုကြောင်း၊ တပ်မတော်သား မိသားစုဝင်များ၏ ပညာရေးနှင့်ပတ်သက်၍လည်း ပညာရည်မြှင့်တင်ရေးပိုင်းဆိုင်ရာများကို အစဉ်မပြတ်မြှင့်တင်ပေးလျက်ရှိပြီး မိမိတို့၏ သားသမီးများ၊ မိသားစုဝင်များကို ပညာတတ်များဖြစ်အောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း။

တပ်ရင်း၊ တပ်ဖွဲ့များကို ဦးစီး၊ ဦးဆောင်ပြုလုပ်ရသည့် ခေါင်းဆောင်များသည် မိဘသဖွယ်စိတ်ဓာတ်၊ တပ်မှူးကောင်းသဖွယ် စိတ်ဓာတ်တို့ဖြင့် ကိုယ်စွမ်း၊ ဉာဏ်စွမ်းရှိသမျှကြိုးစားကာ စေတနာထားပြီး လက်အောက်ငယ်သားများအပေါ် အမြဲစည်းလုံးညီညွတ်မှုရှိအောင် ညီညွတ်မျှတစွာ ကွပ်ကဲအုပ်ချုပ်ရမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

တွေ့ဆုံပွဲအပြီးတွင် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီးကျော်စွာလင်းက တပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် စားသောက်ဖွယ်ရာများ ပေးအပ်ရာ တပ်နယ်မှ တာဝန်ရှိသူတစ်ဦးက လက်ခံရယူသည်။ အလားတူ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)၏ ဇနီးက တပ်နယ်ရှိ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအတွက် ချီးမြှင့်ငွေများကို ပေးအပ်ရာ တပ်နယ်မှ တာဝန်ရှိသူတစ်ဦးက လက်ခံရယူသည်။

ထို့နောက် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီးကျော်စွာလင်းနှင့် အဖွဲ့ဝင်များသည် တွေ့ဆုံပွဲသို့ တက်ရောက်လာကြသည့် အရာရှိ၊ စစ်သည်၊ မိသားစုဝင်များကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။ (၅၀၁)

# ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဒိုင်း သေနတ်ပစ်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကျင်းပ



ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်တင်မင်းလတ် ဒိုင်းဆုရရှိသော အသင်းကို ဒိုင်းဆုပေးအပ်ချီးမြှင့်စဉ်။

နေပြည်တော် ဇွန် ၂၃

ရန်ကုန်တိုင်းစစ်ဌာနချုပ် ၂၀၂၆ ခုနှစ် တိုင်းမှူးဒိုင်း သေနတ်ပစ်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကို ယနေ့နံနက်ပိုင်းတွင် တိုက်ကြီးမြို့နယ်ရှိ နယ်မြေခံသင်တန်းကျောင်း၌ပြုလုပ်ရာ တိုင်းမှူး ဗိုလ်မှူးချုပ်တင်မင်းလတ်နှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့် ပြိုင်ပွဲဝင်အသင်းသားများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့်တက်ရောက်လာကြသူများက ဗိုလ်လုပွဲ ပွဲစဉ် အမျိုးသား၊ အမျိုးသမီး ပစ္စတို ထိလဲပစ်ခတ်စဉ် ယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေးကြသည်။ ထို့နောက် ဆုပေးပွဲကိုဆက်လက်ပြုလုပ်ရာ တစ်ဦးချင်းဆုရရှိကြသူများ၊ အသင်းလိုက် ဆုရရှိကြသူများနှင့် ဒိုင်းဆုရရှိသော တိုက်ကြီးတပ်နယ်အသင်းကို တိုင်းမှူးနှင့်တာဝန်ရှိသူများက ဒိုင်းဆုနှင့် ဂုဏ်ပြုဆုများအသီးသီး ပေးအပ်ချီးမြှင့်ကြသည်။

အဆိုပါ တိုင်းမှူးဒိုင်း သေနတ်ပစ်ပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက် တပ်နယ်များမှ ပြိုင်ပွဲဝင်အသင်း ၁၀ သင်းဖြင့် ဇွန် ၁၅ ရက်မှ ယနေ့ထိ ယှဉ်ပြိုင်ကစားခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။ (၅၀၁)

# တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဒိုင်း လက်ဝှေ့ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကျင်းပ

နေပြည်တော် ဇွန် ၂၃

တောင်ပိုင်းတိုင်းစစ်ဌာနချုပ် ၂၀၂၆ ခုနှစ် တိုင်းမှူးဒိုင်းလက်ဝှေ့ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကို ယနေ့နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ်ရှိ အေးချမ်းဖြိုးခန်းမ၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်စိုးကျော်ထက်နှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဒိုင်အဖွဲ့ဝင်များနှင့် ပြိုင်ပွဲဝင်အားကစားသမားများ တက်ရောက်ကြသည်။



တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဒိုင်း လက်ဝှေ့ပြိုင်ပွဲ ဗိုလ်လုပွဲ ပွဲစဉ်ယှဉ်ပြိုင်ကစားနေမှုကို တွေ့ရစဉ်။

ဦးစွာ တိုင်းမှူးနှင့်တက်ရောက်လာကြသူများက ဗိုလ်လုပွဲ ပွဲစဉ်ယှဉ်ပြိုင်ကစားမှုများကို ကြည့်ရှုအားပေးကြသည်။ ထို့နောက် ဆုပေးပွဲကိုဆက်လက်ပြုလုပ်ရာ ဒိုင်းဆုရရှိသော ပန်းတောင်းတပ်နယ်အသင်းနှင့် တစ်ဦးချင်းဆုရရှိကြသူတို့ကို တိုင်းမှူးနှင့် တာဝန်ရှိသူများက ဒိုင်းဆုနှင့် ဂုဏ်ပြုဆုများ အသီးသီးပေးအပ်ချီးမြှင့်ကြသည်။

အဆိုပါ တိုင်းမှူးဒိုင်း လက်ဝှေ့ပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက် တပ်နယ်များမှ ပြိုင်ပွဲဝင်အသင်း ကိုးသင်းဖြင့် ဇွန် ၁၅ ရက်မှ ယနေ့ထိ ယှဉ်ပြိုင်ကစားခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။(၅၀၁)

**ဇီဝမျိုးစုံမျိုးကွဲတွေ ကြွယ်စေဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့။**




● **ဖမ်းဆီးရမိမှု**

ရဲရင့်အောင် ၂၂ နှစ်လိုက်ပါလာသော NIS-SAN ၁၂ ဘီး မော်တော်ယာဉ်ကို ရပ်တန့်စစ်ဆေးရာဖွေရာ ဘိန်းဖြူ ၂၂ ကီလို (တစ်ကီလိုလျှင် ငွေကျပ်သိန်း ၄၀၀ နှုန်းဖြင့် ၎င်းဒေသ တန်ဖိုးငွေကျပ်သိန်း ၈၈၀၀၊ မြန်မာငွေကျပ် တစ်သိန်းတို့ကို ဖမ်းဆီးရမိပြီး ကွင်းဆက်အရ ယင်းနေ့ ည ၈ နာရီတွင် မူးယစ်ဆေးဝါးများ သယ်ဆောင်ရောင်းဝယ်ရာတွင် ပူးပေါင်းပါဝင်သူ ကလေးမြို့ တာဟန်းရပ်ကွက်နေ မလဲင့်ဆွေဗုန် ခေါ် ဗွီးသဲ ၄၄ နှစ်ကို ကလေးမြို့ သဇင်ရပ်ကွက်တွင် ဆိုင်ကယ်တစ်စီးနှင့်အတူဆက်လက် ဖမ်းဆီးရမိသဖြင့် ဒါးလ်ဆွင်းခွါလ် ခေါ် ခွါလ်ပီး၊ ရဲရင့်အောင်၊ မလဲင့်ဆွေဗုန် ခေါ် ဗွီးသဲတို့ကို မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားသည်။

ထို့ပြင် ဇွန် ၁၉ ရက် ည ၇ နာရီခွဲတွင် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ လားရှိုးမြို့နယ် မယ်ဟန်ကျေးရွာအနီးတွင် လားရှိုးမြို့နယ် ပန်ဆက်ကျေးရွာနေ ဘရန်နန် ၃၀ နှစ် မောင်းနှင်လာသော TOYOTA CROWN အမျိုးအစား မော်တော်ယာဉ်ကို ရပ်တန့်စစ်ဆေးရာဖွေရာ စိတ်ကြွဆေးပြား ၇၂၀၀၀ (တစ်ပြားလျှင် ငွေကျပ် ၅၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုး ငွေကျပ် သိန်း ၃၆၀) ဖမ်းဆီးရမိသဖြင့် ဘရန်နန်ကို မူးယစ်ဆေးဝါးနှင့်စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

❖ **ဓာတ်အားပိတ်ဆောင်ရွက်မည်မှု**

၃၃ ကေဗွီ ဓာတ်အားလိုင်းများတစ်လျှောက် သစ်ပင်သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်း၊ ချို့ယွင်းကြွေသီးတွဲများ လဲလှယ်ခြင်းလုပ်ငန်းများကို ဇွန် ၂၅ ရက် မွန်းတည့် ၁၂ နာရီမှ ညနေ ၃ နာရီထိ ဓာတ်အားပိတ်၍ ဆောင်ရွက်သွားမည်ဖြစ်သည်။

ထိုသို့ လုပ်ငန်းဆောင်ရွက်စဉ်အတွင်း မန္တလေးတိုင်းဒေသကြီးအတွင်းရှိ အောင်မြေသာစံမြို့နယ်၊ ချမ်းအေးသာစံမြို့နယ်၊ မဟာအောင်မြေမြို့နယ်နှင့် ပုသိမ်ကြီးမြို့နယ်တို့တွင် ယာယီဓာတ်အား ပြတ်တောက်နေမည်ဖြစ်ပြီး ဓာတ်အားပြတ်ဧရိယာများရှိ ဓာတ်အားသုံးစွဲသူ မိဘပြည်သူများကို သက်ဆိုင်ရာ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံးများမှတစ်ဆင့် ကြိုတင်အသိပေးထားပြီးဖြစ်ကြောင်း လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနမှ သတင်းရရှိသည်။ (သတင်းစဉ်)

## လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်းတို့ ဖြစ်ပေါ်နိုင်

နေပြည်တော် ဇွန် ၂၃

နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် မိုးတိမ်တောင်များဖြစ်ထွန်းလျက်ရှိပြီး အဆိုပါမိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း စသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်သဖြင့် ကြိုတင်သတိပြုနိုင်ရန် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက အကြံပြုထားကြောင်း သိရသည်။

## ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ရသူများ

**ကင်းလွတ်ခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ-၂၂ တွင် အောက်ပါပုဂ္ဂိုလ်များသည် ပြည်သူ့စစ်မှုထမ်းတာဝန်မှ ကင်းလွတ်စေရမည်ဟု ပြဋ္ဌာန်းထားပါသည်-

(က) သာသနာ့ဝန်ထမ်းများ။

(ခ) အိမ်ထောင်သည် အမျိုးသမီးများ(အိမ်ထောင်ပျက်သော်လည်း သားသမီးရှိသူ အမျိုးသမီးလည်းပါဝင်သည်)။

(ဂ) ကိုယ်လက်အင်္ဂါတစ်ခုခု အမြဲတမ်းမသန်စွမ်းသူများ။

(ဃ) တပ်မတော်ဆေးစစ်ဆေးရေးဘုတ်အဖွဲ့က ပြည်သူ့စစ်မှုထမ်းရန် အမြဲတမ်းမသင့်လျော်သူဖြစ်ကြောင်း သတ်မှတ်ထားသူများ။

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က အမိန့်ထုတ်ပြန်၍ ကင်းလွတ်ခွင့်ပြုထားသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ပြုသူများ

(က) ဉာဏ်အရည်အသွေးမမီခြင်းနှင့် အကျင့်စာရိတ္တပျက်ပြားခြင်းတို့ကြောင့် စစ်မှုထမ်းရန် မသင့်လျော်သူများ။

(ခ) ဆေးစစ်ဆေးခြင်းသတ်မှတ်ချက်အရ စိတ်ပေါ့သွပ်သူဖြစ်ခြင်း (သို့မဟုတ်) စိတ်ပေါ့သွပ်နေသည်ဟု သက်ဆိုင်ရာဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခံရသူများ။

(ဂ) နိုင်ငံ့အတွက် တာဝန်ထမ်းဆောင်နေပြီး အစားထိုးရန်မဖြစ်နိုင်သေးသော အသိပညာရှင်(သို့မဟုတ်) အတတ်ပညာရှင်များ။

(ဃ) တိုက်ပွဲတွင်ကျဆုံးခဲ့သည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်အဖွဲ့ဝင်များ၏ သားသမီးအရင်းအချာများ (ကိတ္တိမသားသမီးများ၊ မွေးစားသားသမီးများမပါ)။

**မှတ်ချက်။** အကယ်၍ ၎င်းသားသမီးအရင်းများသည် ပြည်သူ့စစ်မှုထမ်းဆောင်ရန် သဘောဆန္ဒအလျောက် ဆန္ဒပြုပါက စစ်မှုထမ်းဆောင်ရန် ခွင့်ပြုနိုင်သည်။

(င) အာဆီယံအဆင့်၊ အာရှအဆင့်၊ ကမ္ဘာ့အဆင့် အားကစားပြိုင်ပွဲများတွင် နိုင်ငံ့ဂုဏ်ဆောင် ရွှေတံဆိပ်၊ ငွေတံဆိပ်၊ ကြေးတံဆိပ် တစ်ခုခုရရှိသော အားကစားသမားများ။

(စ) နိုင်ငံ့ဝန်ထမ်းတာဝန်ထမ်းဆောင်နေသော တစ်ဆက်စပ်တည်း လုပ်သက် နှစ်နှစ်နှင့်အထက်ရှိသော ဆရာဝန်နှင့် သူနာပြုများ။

(ဆ) တစ်ဆက်စပ်တည်း လုပ်သက် နှစ်နှစ်နှင့်အထက်ရှိသော တပ်မတော်စစ်သည် အစားခန့်အရပ်သားဝန်ထမ်းများ။

(ဇ) ကင်းလွတ်ခွင့်ပြုရန် မဖြစ်မနေလိုအပ်နေသူများအဖြစ် ကျိုးကြောင်းခိုင်လုံစွာ တင်ပြနိုင်သူများ။




World drug problem: persisting issues, new challenges, innovative responses

စိန်ခေါ်မှု(အသစ်တွေ)ကြားက မူးယစ်ဆေးဝါးပြဿနာ၊ ဆန်းသစ်တီထွင်နည်းလမ်းရှာ၊ စုပေါင်းကာကွယ်တိုက်ဖျက်ပါ။





# မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဒေါက်တာခင်နိုင်ဦး မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီးနှင့်အဖွဲ့ကို လက်ခံတွေ့ဆုံ



**နေပြည်တော် ဇွန် ၂၃**

မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌ ဒေါက်တာခင်နိုင်ဦးသည် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီး H. E. Mr. Abhay Thakur နှင့်အဖွဲ့ကို ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ မြန်မာနိုင်ငံတော်ဗဟိုဘဏ် အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများတွင် လက်ရှိဆောင်ရွက်နေသော အိန္ဒိယရူပီး၊ မြန်မာကျပ်တိုက်ရိုက်ငွေပေးချေမှုနည်းလမ်းကို ပိုမိုအကျိုးရှိနိုင်သောကိစ္စရပ်များ၊ အိန္ဒိယဗဟိုဘဏ် (Reserve Bank of India)၊ အိန္ဒိယအမျိုးသားငွေပေးချေမှု ကော်ပိုရေးရှင်း (National Payments Corporation of India– NPCI)၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် MMQR Consortium နှင့် Myanmar Payment Union (MPU) တို့ကြား UPI QR နှင့် RuPay စနစ်များကို မြန်မာ၏ MMQR အခြေခံအဆောက်အအုံနှင့် အပြန်အလှန်အသုံးပြုနိုင်ရေး (Inter–operability) ဖော်ဆောင်ရန် ဆောင်ရွက်နေသည့် ပူးပေါင်းဆောင်ရွက်မှုအခြေအနေ၊ အိန္ဒိယရူပီး၊ မြန်မာကျပ် နှစ်နိုင်ငံငွေလဲလှယ်ရေး (Bilateral Currency Swap Arrangement)ကို နှစ်နိုင်ငံဗဟိုဘဏ်များကြား တည်ထောင်ရန်တို့နှင့်စပ်လျဉ်း၍ သဘောတူညီချက်မူကြမ်း ရေးဆွဲနေမှုနှင့် အပြန်အလှန်အကျိုးရှိသော ဘဏ်လုပ်ငန်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုအားကောင်းစေရန် ဆောင်ရွက်သွားရေးတို့ကို ရင်းနှီးပွင့်လင်းစွာဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ဒုတိယဥက္ကဋ္ဌများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ၂၃-၆-၂၀၂၆ တွင် နိုင်ငံခြားငွေကြေးဈေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏနှင့် ငွေလဲလှယ်နှုန်းများ

| | အမေရိကန်ဒေါ်လာ | တရုတ်ယွမ် | ထိုင်းဘတ် | အိန္ဒိယရူပီး |
|---|---|---|---|---|
| ငွေလဲလှယ်နှုန်း | ၃၆၆၄.၈ ~ ၃၆၆၅ | ၅၅၈.၂ – ၅၅၈.၃ | ၁၂၅.၅ ~ ၁၂၅.၆ | ၄၃.၆ |
| ဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏ | ၂၄,၉၄၃,၇၉၅.၆၄ | ၂၅,၇၄၂,၆၂၀.၄၁ | ၁၃၇,၇၈၂,၃၂၅.၉၆ | |
| ဗဟိုဘဏ်မှ ဈေးကွက်အတွင်း ရောင်းချပေးသည့် ပမာဏ | | | | |

– ဈေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏမှာ စားသုံးဆီ၊ စက်သုံးဆီ၊ စက်မှုကုန်ကြမ်း၊ စားသုံးကုန်စည်၊ ထုပ်ပိုးမှုပစ္စည်း၊ ဆေးနှင့်ဆေးဝါးကုန်ကြမ်းပစ္စည်း၊ ကား၊ဆိုင်ကယ်အပိုပစ္စည်း၊ ဆက်သွယ်ရေးလုပ်ငန်းသုံးပစ္စည်း၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်း၊ စက္ကူတင်သွင်းခြင်းတို့အတွက် ရောင်းချပေးခဲ့ခြင်းဖြစ်ပါသည်။ CMP ကဏ္ဍ ဝင်ရောက်ငွေမှ စားသုံးဆီကဏ္ဍသို့ အမေရိကန်ဒေါ်လာ ၂ ဒသမ ၆၀ သန်းကို ရောင်းချပေးခဲ့ပါသည်။

**လျှပ်စစ်မီတာခ သက်သာဖို့ LED ပစ္စည်း သုံးကြစို့။**

## မြန်မာနိုင်ငံပြန်တမ်း

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ အတည်ပြုခန့်ထားခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများကို အစမ်းခန့်ကာလ တစ်နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်–

| | အမည် | ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူး၊ဌာန |
|---|---|---|
| (၁) | ဒေါက်တာကြည်ကြည်သန်းအောင် | ညွှန်ကြားရေးမှူးချုပ်<br>ဥပဒေအကြံဉာဏ်ပေးရေးဦးစီးဌာန<br>ဥပဒေရေးရာဝန်ကြီးဌာန |
| (၂) | ဦးဇော်ဇော်အေး | ညွှန်ကြားရေးမှူးချုပ်<br>အဆောက်အအုံဦးစီးဌာန<br>ဆောက်လုပ်ရေးဝန်ကြီးဌာန |

## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

| | | |
|---|---|---|
| ၁။ | ကာကွယ်ရေးဝန်ကြီးဌာန | (https://www.mod.gov.mm) |
| ၂။ | ဥပဒေရေးရာဝန်ကြီးဌာန | (https://www.mlis.gov.mm) |
| ၃။ | ပြန်ကြားရေးဝန်ကြီးဌာန | (https://www.moi.gov.mm) |
| ၄။ | Myawady Webportal | (https://myawady.net.mm) |
| ၅။ | Myanmar National Portal | (https://myanmar.gov.mm) |

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကိုလျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## “ပြည်သူ့ကြားက ပြည်သူ့စကား”အစီအစဉ်


မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများကို သဇင် FM ၏ **“ပြည်သူ့ကြားက ပြည်သူ့စကား”**အစီအစဉ်မှ **“နိုင်ငံရဲ့ဖွံ့ဖြိုးမှု ရုပ်ပိုင်းဆိုင်ရာတိုးတက်မှုတွေကို ဖျက်ဆီးနေတဲ့ ပညာမတတ်အကြမ်းဖက် PDF”**ခေါင်းစဉ်ဖြင့် ၂၄–၆–၂၀၂၆ ရက် **(ယနေ့)**မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။လာမည့် အပတ် ၁–၇–၂၀၂၆ ရက် မွန်းလွဲ ၁ နာရီတွင် **“ပိုမိုတိုးတက်လာသော သံတမန်လမ်းကြောင်းနှင့် မြန်မာနိုင်ငံရဲ့ ငြိမ်းချမ်းတိုးတက်ရေးအနာဂတ်”**ခေါင်းစဉ်ဖြင့် ဆက်လက်ဆွေးနွေးတင်ဆက်မည်ဖြစ်ပါသည်။ အထက်ပါအစီအစဉ်အား အပတ်စဉ်ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့တိုင်း နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉–၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့်ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်းအသိပေးကြေညာအပ်ပါသည်။

# ရွှေကုက္ကိုလ်နယ်မြေအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် တရားမဝင် ခုနစ်ထပ် လူနေအဆောက်အအုံ တစ်လုံးကို စနစ်တကျထပ်မံဖောက်ခွဲဖြို့ချဖျက်ဆီး၊ တရားမဝင်လူနေအဆောက်အအုံ ၆၃ လုံး ဖြို့ချဖျက်ဆီးပြီးဖြစ်




ကရင်ပြည်နယ် မြဝတီခရိုင် ရွှေကုက္ကိုလ်နယ်မြေရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုများလုပ်ကိုင်ခဲ့သည့် တရားမဝင် အဆောက်အအုံများ ဖောက်ခွဲဖျက်ဆီးမှုပြမြေပုံ။





ကရင်ပြည်နယ် မြဝတီခရိုင် ရွှေကုက္ကိုလ်နယ်မြေရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ကိုင်ခဲ့သည့် တရားမဝင် ခုနစ်ထပ် လူနေအဆောက်အအုံကို ယမ်းဖြင့် ဖောက်ခွဲဖျက်ဆီးရန် ပြင်ဆင်နေမှု တွေ့ရစဉ်။





ကရင်ပြည်နယ် မြဝတီခရိုင် ရွှေကုက္ကိုလ်နယ်မြေရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ကိုင်ခဲ့သည့် တရားမဝင် ခုနစ်ထပ် လူနေအဆောက်အအုံ မဖြို့ဖျက်မီကို တွေ့ရစဉ်။





ကရင်ပြည်နယ် မြဝတီခရိုင် ရွှေကုက္ကိုလ်နယ်မြေရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ကိုင်ခဲ့သည့် တရားမဝင် ခုနစ်ထပ် လူနေအဆောက်အအုံ ယမ်းဖြင့် ဖောက်ခွဲဖျက်ဆီးပြီး မှတ်တမ်းဓာတ်ပုံ။

**နေပြည်တော် ဇွန် ၂၃**

အွန်လိုင်းလိမ်လည် လောင်းကစားမှုများကို အခြေချလုပ်ကိုင်ခဲ့ကြသည့် ကရင်ပြည်နယ် မြဝတီခရိုင် ရွှေကုက္ကိုလ်နယ်မြေနှင့် KK Park နယ်မြေများရှိ တရားမဝင် အဆောက်အအုံများကို အပြီးတိုင်ဖြို့ချ ဖျက်ဆီးခြင်းများနှင့် လုပ်ငန်းလုပ်ဆောင်ရာတွင် အသုံးပြုခဲ့သည့် ပစ္စည်းများကို စနစ်တကျဖျက်ဆီးခြင်းများကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရွှေကုက္ကိုလ်နယ်မြေအတွင်းရှိ တရားမဝင် ခုနစ်ထပ် လူနေအဆောက်အအုံ တစ်လုံးကိုထပ်မံ၍ စနစ်တကျဖောက်ခွဲဖြို့ချဖျက်ဆီးခဲ့ကြောင်း သိရသည်။

ရွှေကုက္ကိုလ် နယ်မြေအတွင်း၌ အွန်လိုင်းလိမ်လည်လောင်းကစားလုပ်ငန်းများ ကျူးလွန်ရာတွင်အသုံးပြုခဲ့သည့် အဆောက်အအုံ ၇၇ လုံးအနက် ယာဉ်ယန္တရားများဖြင့် ဖြို့ချဖျက်ဆီးမည့် အဆောက်အအုံ ၅၇ လုံးနှင့် ဖောက်ခွဲ၍ ဖျက်ဆီးမည့် အဆောက်အအုံ အလုံး ၂၀ ဟူ၍အဆောက်အအုံအမျိုးအစားအလိုက် ခွဲခြားသတ်မှတ်ပြီး စနစ်တကျဖြို့ချဖျက်ဆီးလျက်ရှိရာ ယနေ့တွင် ဖောက်ခွဲ၍ ဖြို့ချဖျက်ဆီးရန် သတ်မှတ်ထားသည့် အဆောက်အအုံ အလုံး၂၀ အနက် ခုနစ်ထပ် လူနေအဆောက်အအုံ တစ်လုံးကို စနစ်တကျ ထပ်မံဖောက်ခွဲဖျက်ဆီးခဲ့ကြောင်း သိရသည်။

ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များအနေဖြင့် ယနေ့ထိ အွန်လိုင်းလိမ်လည်လောင်းကစားလုပ်ငန်းများ ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် တရားမဝင်အဆောက်အအုံ စုစုပေါင်း ၆၃ လုံးကို စနစ်တကျဖြို့ချဖျက်ဆီးပြီးဖြစ်ကြောင်းနှင့် ဖျက်ဆီးရန်ကျန်ရှိသည့် တရားမဝင်အဆောက်အအုံ ၁၄ လုံးကိုလည်း ဆက်လက်၍ စနစ်တကျဖျက်ဆီးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (၅၀၁)

# အွန်လိုင်းလိမ်လည်မှု(Telecom Fraud)နှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် အိန္ဒိယနိုင်ငံသား သုံးဦးကို မြန်မာ-ထိုင်း အမှတ်(၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံသို့ ထပ်မံလွှဲပြောင်းပေးအပ်

**နေပြည်တော် ဇွန် ၂၃**

ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တရားမဝင် ဝင်ရောက်လာပြီး ကရင်ပြည်နယ် မြဝတီ-ရွှေကုက္ကိုလ်နယ်မြေတွင် တရားမဝင် အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ၊ ဒုစရိုက်မှုများ ကျူးလွန်ခဲ့ကြသည့် အိန္ဒိယနိုင်ငံသား သုံးဦးကို မြန်မာ-ထိုင်း အမှတ်(၂)ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံသို့ လူသားချင်း စာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကို ရှေးရှု၍ ဥပဒေ လုပ်ထုံးလုပ်နည်းများနှင့်အညီ ထပ်မံလွှဲပြောင်းပေးသည်။

အဆိုပါ ပြည်နှင်လွှဲပြောင်းပေးမှုလုပ်ငန်းများ စနစ်တကျရှိစေရေးနှင့် အဆင်ပြေချောမွေ့စေရေးအတွက် မြဝတီခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးရဲလင်းမောင်နှင့် တာဝန်ရှိသူများက ဌာနဆိုင်ရာများနှင့်တွေ့ဆုံကာ စာရင်းဇယား၊ အချက်အလက်များကိုက်ညီမှုရှိရေးနှင့် ပြည့်စုံမှန်ကန်မှုရှိရေးတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထိုသို့ ပြည်နှင်လွှဲပြောင်းပေးအပ်ရာတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ခရိုင်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးကျော်ကျော်သန်းနှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံရုံးမှ Assistant Attache Mr. Jesse Elhanan Warbah နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံ တာ့ခ်ခရိုင် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံမှ တာဝန်ရှိသူတို့က သက်ဆိုင်ရာနိုင်ငံမှ တာဝန်ရှိသူများထံသို့ ပြည်နှင်လွှဲပြောင်းလက်ခံရေးဆိုင်ရာ အထောက်အထား စာရွက်စာတမ်းများကို စနစ်တကျ လွှဲပြောင်းပေးအပ်သည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ ၂၀၂၆ ခုနှစ် ဇွန် ၂၃ ရက်ထိ မြဝတီမြို့နယ်အတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၁၄၇၁၈ ဦး ထိန်းသိမ်းနိုင်ခဲ့ကြောင်းနှင့် ယင်းနိုင်ငံသားအားလုံးကို စစ်ဆေးပြီးစီးခဲ့ပြီး ၎င်းတို့အနက်မှ ၁၃၅၅၃ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေ လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျပြည်နှင်လွှဲပြောင်းပေးခဲ့သည်။

လွှဲပြောင်းပေးအပ်ရန် ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၁၁၆၅ ဦးတွင် မြန်မာနိုင်ငံ လူဝင်မှုကြီးကြပ်ရေး (လတ်တလော) ပြဋ္ဌာန်းချက်များ အက်ဥပဒေပုဒ်မ ၃(၁)/ ၁၃(၁)နှင့် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အပြစ်ပေးအရေးယူခဲ့သည့် ပြည်ပနိုင်ငံသား ၆၆၂ ဦးရှိသည့်အတွက် ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၅၀၃ ဦးတို့ကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှကြိုးကိုင်သော နိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန် အရေးယူနိုင်ရေး အိမ်နီးချင်းနှင့် ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြည်နှင်လွှဲပြောင်းပေးနိုင်ရေး ထိရောက်စွာညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (၅၀၁)

# ခင်ဦးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်းနှင့်ဖူးစားပြောင်း စုစုပေါင်း ၃၁၇၂ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်



ခင်ဦး ဇွန် ၂၃

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်း စုစုပေါင်း ၃၁၇၂ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ခင်ဦးမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ခင်ဦးမြို့နယ်တွင် အစေ့ထုတ်ပြောင်း ၁၀၀၅ ဧကနှင့် ဖူးစားပြောင်း ၅၆၄၃ ဧက စုစုပေါင်း ၆၆၄၈ ဧက စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် မေလမှစတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင်အစေ့ထုတ်ပြောင်း ဧက ၁၂၀၊ ဖူးစားပြောင်း ၃၀၅၂ ဧက စုစုပေါင်း ၃၁၇၂ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ခင်ဦးမြို့နယ်မှာ အစေ့ထုတ်ပြောင်းနဲ့ဖူးစားပြောင်း စုစုပေါင်း ဧက ၆၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ဧက ၃၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီ အောင်စိုက်ပျိုးနိုင်ဖို့၊ ပိုးမွှားရောဂါ ကျရောက်မှုမရှိဖို့ အသိပညာပေး ဆောင်ရွက်ပေးနေပါတယ်" ဟု ခင်ဦးမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနေဝင်းနိုင်က ပြောပြသည်။

ခင်ဦးမြို့နယ်တွင် ပြောင်းစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ကွင်းသရုပ်ပြပွဲများဆောင်ရွက်ခြင်း၊ ဖောင်မြောင်းတောင်ပိုး ကြိုတင်ကာကွယ်ခြင်း၊ ဘက်စုံသီးနှံ ကာကွယ်ရေးစနစ်ဖြစ်သည့် တမာပိုးသတ်ဆေး ပြုလုပ်သုံးစွဲခြင်း စသည့်စိုက်ပျိုးရေးဆိုင်ရာများ အသိပညာပေးလျက်ရှိကြောင်း သိရသည်။

ပြောင်းကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေသည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ပြောင်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း မြို့နယ်ဦးစီးမှူး ဦးနေဝင်းနိုင်က ပြောပြ၍ သိရသည်။ (၂၀၆)

## စာကြည့်တိုက်သို့

- ဖြစ်တည်ရာ ဘဝသစ်ကို
အလှစစ် ပျိုးထောင်စေ၊
ပွင့်လင်းပြီ အတွေးတစ်စု
သုတစုံဝေ၊
အားမာန်တို့ ဖြည့်ဆည်းပေ
ခွန်အားသစ်တွေ မွေးဖွား၊
အခြေခံ အသိရှိဖို့
စာကြည့်စို့လား။

- စာပေသည် မိတ်ဆွေမခြား
အခက်ခဲများ ဖြေရှင်းကာ၊
ပညာဥာဏ် အဆုံးအဖြတ်
ဖြောင့်မတ်လမ်းသာ၊
စာပေ၏ စွမ်းအားပါ
လမ်းမှန်ရာ ညွှန်ပြ၊
သွားကြမယ် စာကြည့်တိုက်
နှစ်ခြိုက်ပေလှ။

- အောင်မြင်ရေး လမ်းတစ်စ
အပြည့်အဝ အလင်းထိန်၊
လူကြီးလူငယ် သတိကပ်
မီးအပ်စာအိမ်၊
လူငယ်များ အကြိမ်ကြိမ်
စာဖတ်ရှိန် မြင့်တင်ရေး၊
အသိစုံ ဝမ်းစာပြည့်အောင်
ဖြည့်စွမ်းလို့ပေး။ ။

အလင်္ကာ(ပွင့်ဖြူ)

# မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မေလအတွင်း ရက် ၉၀ စပါးတင်းရေ အများအပြားတင်ပို့ရောင်းချနိုင်ခဲ့

မော်လမြိုင်ကျွန်း ဇွန် ၂၃

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာခရိုင် မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မေလအတွင်း ရက် ၉၀ စပါးတင်းရေအများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း မော်လမြိုင်ကျွန်းမြို့နယ် ဆန်စပါးနှင့်ပဲမျိုးစုံရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်သီတာက ပြောပြသည်။

မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ယခုနှစ် ဧပြီလအတွင်းက ရက် ၉၀ စပါးတင်းရေ ၄၀၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး မေလအတွင်း ရက် ၉၀ စပါးတင်းရေ ၅၅၀၀၀ ထိ တင်ပို့ ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ပြီးခဲ့တဲ့ တစ်လအတွင်း ရက် ၉၀ စပါးတင်းရေ အများအပြား ရန်ကုန်ဈေးကွက်ကို တင်ပို့ ရောင်းချနိုင်ခဲ့ပါတယ်။ မော်လမြိုင်ကျွန်းမြို့ကနေ လယ်ယာထွက်ကုန်တွေကို ရန်ကုန်



ဈေးကွက်ကို အများဆုံးတင်ပို့ရောင်းချနေပါတယ်။ ရက် ၉၀ စပါးအမျိုးအစားကို ရန်ကုန်ဈေးကွက်က အခုလထဲမှာလဲ အများအပြားဝယ်ယူဖို့ ချိတ်ဆက်မှုတွေရှိနေပါတယ်"ဟု မော်လမြိုင်ကျွန်းမြို့နယ် ဆန်စပါးနှင့်ပဲမျိုးစုံရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်သီတာက ပြောပြသည်။

မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့် ရက်၉၀ စပါးအမျိုးအစားတင်းရေ ၁၀၀ လျှင် ငွေကျပ် ၁၅၅၀၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

ကျော်ကျော်လင်း

# မော်လမြိုင်မြို့နယ် မင်းရွာ(ပွတ္တလူးကုန်း)ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

မော်လမြိုင် ဇွန် ၂၃

မွန်ပြည်နယ် မော်လမြိုင်ခရိုင် မော်လမြိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မင်းရွာ(ပွတ္တလူးကုန်း)ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ဇွန် ၂၂ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မော်လမြိုင်ခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမြင့်နိုင်ဦးက မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝ တိုးတက်လာစေရန်နှင့် တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ထုတ်ချေးပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မော်လမြိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဇင်မာသင်းက ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေပါ အကြောင်းအရာများ၊ ကျေးလက်နေပြည်သူများ လိုက်နာရမည့် တာဝန်များ၊ ရပိုင်ခွင့်များ၊ ပြစ်မှုနှင့် ပြစ်ဒဏ်များကို အသေးစိတ် ရှင်းလင်းပြောကြားပြီး ခရိုင်ဦးစီးမှူးနှင့် တာဝန်ရှိသူများက မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၆၁ ဒသမ ၆ သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက မင်းရွာ(ပွတ္တလူးကုန်း) ကျေးရွာရှိစိုက်ပျိုးရေး၊ မွေးမြူရေး အရောင်းအဝယ်လုပ်ငန်း၊ ရေလုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား အသင်းသူ ၈၂ ဦးကို ရန်ပုံငွေကျပ် ၆၁ ဒသမ ၆ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ သုတ

# ပြင်ဦးလွင်မြို့နယ် လက်ပံကုန်းတောင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း စစ်ဆေး

ပြင်ဦးလွင် ဇွန် ၂၃

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် ပြင်ဦးလွင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက လက်ပံကုန်းကျေးရွာအုပ်စု လက်ပံကုန်းတောင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ဇွန် ၂၂ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပြင်ဦးလွင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဆက်နိုင်ထွန်း၊ မြို့နယ်ဦးစီးမှူး ဒေါ်ခင်မွန်ကျော်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များနှင့် အတူ လက်ပံကုန်းတောင် ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်း ရန်ပုံငွေများဖြင့် တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေးလုပ်ငန်း ဆောင်ရွက်ထားရှိမှု၊ ချေးငွေစာချုပ်ပါအတိုင်း အမှန်တကယ် လုပ်ငန်းဆောင်ရွက်မှု ရှိ မရှိ၊ လအလိုက်စာရင်းဇယားများ ပုံမှန်ရေးသားဖြည့်သွင်းမှု ရှိ မရှိ အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ လက်ပံကုန်းတောင်ကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ စုစုပေါင်း အသင်းသား အသင်းသူ ၆၃ ဦးကို မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၅၄၄ သိန်း ထုတ်ချေးပေးထားပြီး စီမံကိန်းလုပ်ငန်းများ လည်ပတ် ဆောင်ရွက်လျက်ရှိကြောင်း ပြင်ဦးလွင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

မောင်နိုင်

# သိမှတ်ဖွယ်ရာ ဥပဒေများ

စိန်လှိုင်ဗိုလ်

တရားမဥပဒေ၏ ကျယ်ပြောလှသောဥပဒေပြဋ္ဌာန်းချက်များတွင် သီးခြားသက်သာခွင့်ဥပဒေသည်လည်း ပြဋ္ဌာန်းဥပဒေဖြစ်သည်။ သီးခြားသက်သာခွင့်ဥပဒေပုဒ်မ(၄၂)အရ တရားရုံးတော်သို့ မြွက်ဟဒီကရီများချမှတ်ပေးပါရန် စွဲဆိုလျှောက်ထားခွင့်ရှိပါသည်။ တရားဝင်အခြေအနေတစ်စုံတစ်ရာကိုလည်းကောင်း၊ ဥစ္စာပစ္စည်းတစ်စုံတစ်ရာတွင် ဆိုင်ရာဆိုင်ခွင့်တစ်စုံတစ်ရာကိုသော်လည်းကောင်း၊ ရထိုက်ရပိုင်ခွင့်ရှိသူ ခုခံငြင်းဆန်သူကို တရားစွဲဆိုခွင့်ရှိသည်။ ဆိုင်ရာရုံးကလည်း သင့်ရာချင့်ချိန်ပြီးလျှင် "ယင်းကဲ့သို့ တရားစွဲဆိုသူသည် ဆိုခဲ့သည့်အတိုင်း ရထိုက်ရခွင့်ရှိကြောင်း၊ ၎င်းတရားမှုတွင် တရားရုံးက မြွက်ဆိုပြဋ္ဌာန်းခွင့်ရကြောင်း သီးခြားသက်သာခွင့်ဥပဒေ အခန်း(၆) တရားရုံး၏ မြွက်ဟဒီကရီများ၌ ပြဋ္ဌာန်းထားပါသည်။

ဥပဒေပြဋ္ဌာန်းချက်ပါ စကားလုံးအသုံးအနှုန်းဖြစ်၍ ဥပဒေနှင့်စိမ်းနေသူများအဖို့ အနည်းငယ်ရှုပ်ထွေးကောင်းရှုပ်ထွေးနိုင်ပါသည်။ သီးခြားသက်သာခွင့်ဥပဒေသည် တရားမျှတမှုနှင့်စပ်လျဉ်းသည့် အခြေခံသဘောတရားများပေါ်တွင် အခြေခံထားရာ ထိုအခြေခံသဘောတရားများအရ **"တရားမျှတမှုသက်သာခွင့်ကို လိုလားသူသည် မိမိကိုယ်တိုင်အပြစ်ကင်းမဲ့ သန့်ရှင်းမှုရှိရန်လိုသည်။"** ထို့ပြင် သီးခြားသက်သာခွင့်ဥပဒေပုဒ်မ(၄၂)အရ တရားစွဲသည့်အမှုများ၌ **"တရားရုံးသည် ဆင်ခြင်တုံတရားကိုအသုံးပြု၍ သင့်တော်သည်ဟု ထင်မြင်မှသာလျှင် သက်သာခွင့်ပေးသည်။ အခါခပ်သိမ်းတရားလိုတောင်းဆိုသည့်သက်သာခွင့်ကိုပေးရမည်ဟု ဥပဒေပြဋ္ဌာန်းချက်မရှိကြောင်း"**ဖြင့် စီရင်ဆုံးဖြတ်ထုံးဖွဲ့ခဲ့သောအမှုတစ်ခုရှိခဲ့ဖူးပါသည်။

**အမှုဖြစ်စဉ်အကျဉ်း**

ဗဟိုတရားရုံးသို့ အယူခံတင်သွင်းလာသောအယူခံတရားလိုသည် မူလရုံးတရားလိုပင်ဖြစ်သည်။ မူလအစက ၎င်းသည် တိုင်းရင်းသားမှတ်ပုံတင်လက်မှတ်ကိုင်ဆောင်သူတစ်ဦးဖြစ်သည်။ အမည်မှာ ဦးချစ်မောင် ခေါ် မူရုဂေဆန်းဖြစ်သည်။ ၁၉၆၀ ပြည့်နှစ်တွင် ၎င်း၏ပုံသဏ္ဌာန်သည် လူမျိုးခြားဟု ထင်မြင်စရာအကြောင်းရှိသည်ဆိုပြီး နိုင်ငံသားဖြစ်မှုဥပဒေပုဒ်မ(၆၁)အရ လျှောက်ထားခဲ့သည်။ လုပ်ငန်းများ နိုင်ငံပိုင်ပြုလုပ်ပြီးနောက် ၁၉၆၄ ခုနှစ်တွင် အယူခံတရားလိုသည် စီးပွားရေးကျဆင်းသဖြင့် အိန္ဒိယနိုင်ငံသို့သွားပြီး အခြေစိုက်ရန်ကြံရွယ်ချက်ဖြင့် နိုင်ငံခြားသားလက်မှတ်ကို ထုတ်ယူခဲ့သည်။

ထို့နောက် ၎င်းသည် နိုင်ငံခြားငွေလဲလှယ်မှုကြီးကြပ်ရေးဥပဒေအရ အပြစ်ထင်ရှားစီရင်ခြင်းခံခဲ့ရသည်။ ထိုကဲ့သို့အပြစ်ချမှတ်ခြင်းခံရသည့်အတွက် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ဌာနက ၎င်းကို ၁၉၆၆ ခုနှစ် ဧပြီ ၃၀ ရက် နောက်ဆုံးထား၍ မြန်မာပြည်မှထွက်ခွာသွားရန် **ပြည်နှင်ဒဏ်အမိန့်တစ်ရပ်**ကို ချမှတ်ခဲ့သည်။

အယူခံတရားလို ဦးချစ်မောင် ခေါ် မူရုဂေဆန်းကသူသည် မြန်မာနိုင်ငံတွင်မွေးဖွားပြီး ဘိုးဘွားစဉ်ဆက်မှစ၍ မြန်မာနိုင်ငံတွင် နေထိုင်ခဲ့ကြသူများဖြစ်သဖြင့် **တိုင်းရင်းသားဖြစ်မှုဥပဒေပုဒ်မ ၄(၂)အရ ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်ကြောင်းနှင့် မိမိအပေါ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ဌာနက ချမှတ်ထားသည့် ပြည်နှင်ဒဏ်အမိန့်သည် တရားမဝင်ကြောင်း မြွက်ဟကြေညာသည့်ဒီကရီကို ချမှတ်ပေးရန် သီးခြားသက်သာခွင့်ဥပဒေပုဒ်မ (၄၂) အရ ယခင်တရားရုံးချုပ်မူလဘက်ဌာနခွဲ (၁)တွင် တရားစွဲဆိုခဲ့သည်။** မူလရုံးက အမှုကို စစ်ဆေးကြားနာပြီး ပလပ်လိုက်သည်။ ၎င်းအမိန့်ကို မကျေနပ်၍ ဗဟိုတရားရုံးသို့ အယူခံဝင်ခဲ့ခြင်းဖြစ်သည်။

**ဗဟိုတရားရုံး၏ စိစစ်သုံးသပ်ဆုံးဖြတ်ချက်**

မူလရုံးက အမှုကိုစစ်ဆေးပြီး အကြောင်းခြင်းရာအချက်အလက်များအပေါ် အဆုံးအဖြတ်မပေးဘဲ အယူခံတရားလိုသည် ၎င်းတရားစွဲဆိုတောင်းခံသည့် သက်သာခွင့်ကိုမရသင့်ဟု ဆုံးဖြတ်ပေးခဲ့ခြင်းကို တွေ့ရကြောင်း အယူခံရုံးတော်က ဦးစွာစိစစ်ခဲ့သည်။ မူလရုံးက တရားစွဲဆိုသည့်အမှုသီးခြားသက်သာခွင့် ဥပဒေပုဒ်မ(၄၂)အရ စွဲဆိုသည့်အမှုဖြစ်သည်။ သီးခြားသက်သာခွင့်ဥပဒေပုဒ်မ(၄၂)အရ တရားရုံးမှ သက်သာခွင့်ပေးခြင်းမှာ တရားမျှတမှုအပေါ်အခြေတည်၍ ပေးခြင်းဖြစ်သည်။ **အယူခံတရားလိုသည် အမှုကိုစွဲဆိုရာ၌ မိမိအနေဖြင့် အပြစ်ကင်းသန့်ရှင်းစွာဖြင့် စွဲဆိုခဲ့ခြင်းမဟုတ်၊ ထို့ကြောင့် သီးခြားသက်သာခွင့်ဥပဒေပုဒ်မ(၄၂)အရ ဒီကရီကိုမရထိုက်ဟု ဆုံးဖြတ်ခဲ့ကြောင်း** စိစစ်ဖော်ထုတ်ခဲ့သည်။

တရားလိုသည် သီးခြားသက်သာခွင့်ဥပဒေပုဒ်မ(၄၂)အရ တရားစွဲဆိုခဲ့ခြင်းဖြစ်သည်။ သီးခြားသက်သာခွင့်ဥပဒေသည် တရားမျှတမှုနှင့်စပ်လျဉ်းသည့်အခြေခံသဘောတရားများပေါ်တွင် အခြေခံထားရာ ထိုအခြေခံသဘောတရားများအရ **တရားမျှတမှုသက်သာခွင့်ကို လိုလားသူသည် မိမိကိုယ်တိုင်အပြစ်ကင်းမဲ့သန့်ရှင်းမှုရှိရန်လိုသည်။** ထို့ပြင် **သီးခြားသက်သာခွင့်ဥပဒေပုဒ်မ(၄၂)အရ တရားစွဲဆိုသည့်အမှုများ၌ တရားရုံးသည် ဆင်ခြင်တုံတရားကိုအသုံးပြု၍ သင့်လျော်သည်ဟုထင်မြင်မှသာလျှင် သက်သာခွင့်ပေးသည်။ အခါခပ်သိမ်းတရားလိုတောင်းဆိုသည့် သက်သာခွင့်ကိုပေးရမည်ဟု ဥပဒေပြဋ္ဌာန်းထားချက်မရှိကြောင်း** အယူခံရုံးတော်က စိစစ်ဝေဖန်သုံးသပ်ခဲ့ပါသည်။

တရားလိုသည် အစက အမျိုးသားမှတ်ပုံတင်လက်မှတ်ကိုင်ဆောင်ထားခဲ့သူဖြစ်သည်။ မိမိသဘောဖြင့် မိမိအကျိုးစီးပွားအခြေစိုက်မည်ဟု ကြံစည်ပြီး နိုင်ငံခြားသားမှတ်ပုံတင်လက်မှတ်ကို ထုတ်ယူခဲ့ခြင်းဖြစ်သည်။ ထို့နောက်တွင်မှ ပြစ်မှုစီရင်ခြင်းခံရသည့်အတွက် ပြည်နှင်ဒဏ်အမိန့်ချမှတ်ခြင်းခံရမှသာလျှင် တရားရုံးသို့လာရောက်၍ သက်သာခွင့်တောင်းဆိုခြင်းဖြစ်သည်။ ဤကဲ့သို့ အပြုအမူများမှာ သဘောရိုးဖြင့်ဆောင်ရွက်ခြင်း၊ အပြစ်ကင်းမဲ့သန့်ရှင်းမှုရှိခြင်းဖြစ်သည်ဟု မဆိုနိုင်ကြောင်း ဗဟိုတရားရုံးက ဆင်ခြင်သုံးသပ်ခဲ့သည်။ သို့ဖြစ်၍ မူလရုံး၏ အဆုံးအဖြတ်မှန်ကန်သည်။ ထို့ကြောင့် အယူခံမှုကိုပလပ်လိုက်ကြောင်း သီးခြားသက်သာခွင့်ဥပဒေပုဒ်မ(၄၂)နှင့်ပတ်သက်၍ ဦးချစ်မောင် ခေါ် မူရုဂေဆန်းနှင့် အတွင်းဝန်(လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရုံး) ၁၉၇၀ ပြည့်နှစ် တရားမပထမအယူခံမှုအမှတ်(၅) စီရင်ထုံးကို ရည်ညွှန်းကိုးကား ရေးသားတင်ပြလိုက်ရပါသည်။



နောက်ထပ်တစ်ဖန် ရေးသားတင်ပြပါဦးမည်။ မြို့တိုင်း၊ ရပ်ကွက်တိုင်း၊ လမ်းတိုင်းတွင် အုန်းသီးခူးသည့်ကြိုးကိုလွယ်၍ ဓားကိုခါးထိုးကာ အုန်းပင်အငှားတက်အုန်းသီးခူးသည့် အလုပ်ကို လုပ်ကိုင်စားသောက်နေကြသူများကို တွေ့မြင်ကြရမည်ဖြစ်သည်။ အုန်းသီးခူးရန်ငှားရမ်းသူမှာ အုန်းပင်ပိုင်ရှင်ဖြစ်သည်။ အဖိုးအခစား၍ အုန်းသီးခူးပေးသည်မှာ အုန်းတက်လုပ်သားဖြစ်သည်။ မတော်တဆမှုဖြင့် အုန်းပင်ပေါ်မှလိမ့်ကျ၍ အုန်းတက်သူသေဆုံးသွားရာတွင် ငှားရမ်းသူနှင့် အုန်းသီးတက်ခူးသူတို့ နှစ်ဦးကြား အလုပ်ရှင်၊ အလုပ်သမား လျော်ကြေးကိစ္စအငြင်းပွားမှုတစ်ခုရှိခဲ့ဖူးသည်။ ထိုသည်မှာလည်း ရပ်ထဲရွာထဲတွင် ဖြစ်လေ့ဖြစ်ထရှိနိုင်သဖြင့် အမှုတစ်ခုကိုအကြောင်းပြု၍ လျော်ကြေးကိစ္စရေးသားတင်ပြပါဦးမည်။

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် ပြင်ခရိုင်ကျေးရွာတွင် ဦးငွေးတင်နှင့် ဇနီး မကြည်ကြည်သန်းတို့ နေထိုင်သည်။ မကြည်ကြည်သန်းက မောင်ကြည်ဝင်းဆိုသူကို အုန်းပင်တစ်ပင်လျှင် တစ်ကျပ်နှုန်းဖြင့် အုန်းသီးတက်ခူးခိုင်းရာ မောင်ကြည်ဝင်းသည် အုန်းပင်ပေါ်မှကျ၍ သေဆုံးခဲ့သည်။ မောင်ကြည်ဝင်း၏ဖခင်က အလုပ်သမားလျော်ကြေးကော်မတီထံ လျော်ကြေးအတွက် လျှောက်ထားရာ ၎င်းကော်မတီက ဦးငွေးတင်ကို မောင်ကြည်ဝင်း၏ဖခင် ဦးဘစိန်ထံ အလုပ်သမားလျော်ကြေးငွေကျပ် ၂၁၆၀ ပေးရန် အမိန့်ချမှတ်ခဲ့သည်။ ၎င်းအမိန့်ကို ဦးငွေးတင်က မကျေနပ်၍ အလုပ်သမားလျော်ကြေးဥပဒေပုဒ်မ (၃၀) အရ အယူခံဝင်သည်။

ဦးငွေးတင်ဘက်မှ အုန်းပင်တက်သူ မောင်ကြည်ဝင်းကို ဇနီးဖြစ်သူ မကြည်ကြည်သန်းကသာလျှင် အုန်းပင်တက်ခိုင်းခြင်းဖြစ်၍ ဦးငွေးတင်မှာ လျော်ကြေးပေးရန်တာဝန်မရှိဟု အယူခံအကြောင်းပြချက်တစ်ချက်အနေဖြင့် တင်ပြခဲ့သည်။ ဦးငွေးတင်နှင့် ဇနီး မကြည်ကြည်သန်းတို့သည် ဈေးရောင်းသည့်အလုပ်ဖြင့် လုပ်ကိုင်စားသောက်လျက်ရှိသည်။ အုန်းသီးများကို မောင်ကြည်ဝင်းအား အခူးခိုင်းခြင်းမှာလည်း ၎င်းအုန်းသီးများကို ရောင်းချရန်အတွက်ဖြစ်သည်။ လင်မယားနှစ်ယောက်စလုံး၏ လုပ်ငန်းအတွက် အုန်းသီးများကို ခူးခဲ့ရခြင်းဖြစ်သဖြင့် **မောင်ကြည်ဝင်းကို မကြည်ကြည်သန်းတစ်ဦးတည်းက ခိုင်းခဲ့သော်လည်း ခင်ပွန်းဖြစ်သည့် ဦးငွေးတင်၌လည်း တာဝန်ရှိကြောင်း** ရုံးတော်က စိစစ်ဝေဖန်ခဲ့ပါသည်။

မောင်ကြည်ဝင်းသည် အလုပ်သမားလျော်ကြေးဥပဒေပုဒ်မ ၂(၁)(စ)တွင် ဖော်ပြထားသည့် ပြင်ပအလုပ်သမားတစ်ဦးသာဖြစ်သဖြင့် လျော်ကြေးပေးရန်တာဝန်မရှိဟု အယူခံအကြောင်းပြချက် ဒုတိယအချက်ကို တင်ပြခဲ့သည်။ **"ပြင်ပအလုပ်သမား"** ဆိုသည်မှာ ပစ္စည်းများယူ၍ ပြင်ပတွင် လုပ်ကိုင်ပေးပြီးနောက် ပြန်အပ်သည်ကိုဆိုလိုသည်။ ထို့ကြောင့် အုန်းပင်တက်စားသူတစ်ဦးသည် ပြင်ပအလုပ်သမားဟု မခေါ်နိုင်ကြောင်း ရုံးတော်က သုံးသပ်ဝေဖန်ခဲ့သည်။

ထို့ပြင် ၁၉၆၄ ခုနှစ် အလုပ်သမားများ၏ အခြေခံရပိုင်ခွင့်နှင့်တာဝန်များပြဋ္ဌာန်းသည့် ဥပဒေပုဒ်မ ၄(က)အရ **"အလုပ်သမား"**ဆိုသည်မှာ မိမိ၏ကာယအား၊ ဉာဏအားကိုအသုံးပြု၍ လုပ်ကိုင်၍ရရှိသောလုပ်ခနှင့် အသက်မွေးဝမ်းကျောင်းမှု ပြုနေရသူကိုဆိုသည်။ ပုဒ်မ ၄(ခ)အရ **"အလုပ်ရှင်"** ဆိုသည်မှာ အလုပ်သမားအား လုပ်ခကိုပေးရန် တာဝန်ရှိသည်ကိုဆိုသည်။ မောင်ကြည်ဝင်းသည် မိမိ၏ ကာယအားကိုအသုံးပြု၍ အုန်းပင်တက်ခဲ့ခြင်းဖြစ်သည်။ အုန်းပင်တက်ပေးသည့်လုပ်ခကို အယူခံတရားလို ဦးငွေးတင်က ပေးရန်တာဝန်ရှိခဲ့သည်။ ထို့ကြောင့် **"မောင်ကြည်ဝင်းသည် အလုပ်သမားဖြစ်ပြီး အယူခံတရားလို ဦးငွေးတင်သည် မောင်ကြည်ဝင်း၏ အလုပ်ရှင်ဖြစ်သည်"**ဟု အယူခံရုံးတော်က စိစစ်ဝေဖန်သုံးသပ်ခဲ့ပါသည်။

မောင်ကြည်ဝင်း မသေခင်က ၎င်းအတွက် ဆေးဖိုးဝါးခနှင့် အခြားစရိတ်များအတွက် အယူခံတရားလို ဦးငွေးတင်က ငွေကျပ် ၁၃၀၀ အကုန်ခံခဲ့သည်။ ထိုငွေကို လျော်ကြေးပဏာမမှ နုတ်သင့်သည်ဟု အယူခံတရားလိုက တင်ပြထားသည်။ အလုပ်သမားလျော်ကြေး ဥပဒေပုဒ်မ ၈(၁)၏ ခြွင်းချက်အရ အလုပ်သမားတစ်ဦးသေဆုံးလျှင် အလုပ်ရှင်က ၎င်းအလုပ်သမားမသေမီက စိုက်ထုတ်ပေးကမ်းကုန်ကျသည့်ငွေများရှိလျှင် လျော်ကြေးငွေပမာဏထဲမှ ငွေကျပ် ၁၀၀ ထိ ထုတ်နုတ်ခွင့်ရှိရာ အထက်ဖော်ပြပါအကြောင်းများကြောင့် ဤအယူခံမှုကို ပလပ်ပြီး အလုပ်သမားလျော်ကြေးပမာဏမှာ ငွေကျပ် ၂၀၆၀ ဖြစ်သည်ဟု အယူခံရုံးတော်က ပြင်ဆင်သတ်မှတ်လိုက်ပါကြောင်း **ဦးငွေးတင်နှင့် မြို့နယ်အလုပ်သမားလျော်ကြေးစိစစ်ရေးကော်မတီ ငပုတောမြို့ ပါ ၂ ဦး ၁၉၇၅ ခုနှစ် တရားမအထွေထွေ အယူခံမှုအမှတ်(၆)**စီရင်ထုံးကို ရည်ညွှန်းကိုးကား ရေးသားတင်ပြလိုက်ရပါသည်။

# ကျောက်မြောင်းမြို့နယ်ခွဲတွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၁၇၅၈ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ကျောက်မြောင်း ဇွန် ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ကျောက်မြောင်းမြို့နယ်ခွဲတွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၁၇၅၈ ဧကထိ စိုက်ပျိုးမည်ဖြစ်ကြောင်း ကျောက်မြောင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကျောက်မြောင်းမြို့နယ်ခွဲတွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၄၉၀၃ ဧက စိုက်ပျိုးရန် အတွက်လျာထားပြီး အဆိုပါ ဟင်းသီးဟင်းရွက် စိုက်ပျိုးမှုကို ယခုနှစ် မေလဒုတိယပတ်မှစတင် စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၁၇၅၈ ဧက စိုက်ပျိုးပြီးစီးပြီ ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ကျောက်မြောင်း မြို့နယ်ခွဲမှာ ဟင်းသီးဟင်းရွက် ဧက ၄၀၀၀ ကျော် စိုက်ပျိုးဖို့လျာထားပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးသွားပါမယ်။ မုန်ညင်း၊ ငရုတ်၊ နံနံ၊ အာလူး၊ ပန်းဂေါ်ဖီထုပ်၊ ခရမ်း၊ မုန်လာထုပ် စတဲ့သီးနှံတွေဖြစ်ပါတယ်။ စိုက်ပျိုးတဲ့ ဟင်းသီးဟင်းရွက်အားလုံးကို GAPစနစ်နဲ့ စိုက်ပျိုးနိုင်အောင်၊ ဓာတုဓာတ်ကြွင်း အနည်းဆုံးဖြစ်အောင်၊ ကျန်းမာရေးနဲ့ ကိုက်ညီအောင် စိုက်ပျိုးဖို့ နည်းပညာတွေပေးပါမယ်"ဟု ကျောက်မြောင်းမြို့နယ်ခွဲ စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ပိုက ပြောပြသည်။

ဟင်းသီးဟင်းရွက်ကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ဟင်းသီးဟင်းရွက်ကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း ကျောက်မြောင်းမြို့နယ်ခွဲ စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ပိုက ပြောပြ၍ သိရသည်။ (၂၀၆)

# ရေကြည်မြို့နယ်တွင် ဒေသထွက်စိန်တလုံးသရက်သီးများ ဝယ်လိုအားကောင်းပြီး အရောင်းအဝယ်ကောင်းမွန်နေ

**ရေကြည် ဇွန် ၂၃**

ဧရာဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ်တွင် ဒေသထွက် စိန်တလုံးသရက်သီးများ ဝယ်လိုအားကောင်းပြီး အရောင်းအဝယ် ကောင်းမွန်နေကြောင်း ရေကြည်မြို့နယ်မှ သစ်သီးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ချိုချိုလွင်က ပြောပြ၍ သိရသည်။

ရေကြည်မြို့နယ်တွင် ဒေသထွက် စိန်တလုံးသရက်သီးများ ယခုနှစ် ဇွန်လပထမပတ်မှ စတင်ပြီး ယနေ့တိုင် အရောင်းအဝယ် ကောင်းမွန်နေကာ တစ်ရက်လျှင် သရက်သီးအလုံးရေ ၃၅၀၀၀ မှ ၅၅၀၀၀ ထိ အရောင်းအဝယ်ဖြစ်နေကြောင်း၊ အဆိုပါ သရက်သီး အလုံးရေ ၁၀၀ လျှင် ငွေကျပ် ၄၅၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

''အရောင်းအဝယ်ကောင်းလာတာက ဒီဒေသကနေထွက်တဲ့ စိန်တလုံးသရက်သီးတွေကို အခြားမြို့နယ်တွေက ဝယ်ယူအား ကောင်းနေတာကြောင့်ပါ။ သရက်သီးတွေက အရည်အသွေးလဲကောင်းပါတယ်။ အခုလို ဒေသထွက်သရက်သီးတွေ ဝယ်ယူအားကောင်းလာတော့ သရက်စိုက်ပျိုးတဲ့တောင်သူတွေ ပိုမိုအဆင်ပြေလာပါတယ်''ဟု ရေကြည်မြို့နယ်မှ သစ်သီးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ချိုချိုလွင်က ပြောပြသည်။



ရေကြည်မြို့နယ်တွင် စိန်တလုံးသရက်သီး အပါအဝင် ဒေသထွက်သရက်သီးများပေါ်နေသည့်အချိန်ဖြစ်ကြောင်း၊ အဆိုပါ သရက်သီးများ အရောင်းသွက်လာခြင်း၊ ဒေသထွက်ကုန်များကို သာအရောင်းအဝယ်ပြုလုပ်ရခြင်းကြောင့် ကုန်စည်များ သယ်ယူရသည့် ကုန်ကျစရိတ်သက်သာခြင်း၊ ကုန်ပစ္စည်း လတ်ဆတ်ခြင်းစသည့် အကျိုးကျေးဇူးများ ရှိနေကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# လေးမျက်နှာမြို့နယ် ရေနောက်ကျေးရွာ၌ ဗို့ ၄၀၀ ဓာတ်အားလိုင်းသွယ်တန်းခြင်းပြီးစီးမှု စစ်ဆေး

**လေးမျက်နှာ ဇွန် ၂၃**

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် လေးမျက်နှာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရေနောက်ကျေးရွာအုပ်စု ရေနောက်ကျေးရွာ၌ ဗို့ ၄၀၀ ဓာတ်အားလိုင်း သွယ်တန်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ဇွန် ၂၂ ရက်က တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် လေးမျက်နှာမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးယဉ်မင်းဦးနှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက ရေနောက်ကျေးရွာ၌ ဗို့ ၄၀၀ ဓာတ်အားလိုင်း သွယ်တန်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ကျေးရွာရပ်မိရပ်ဖများ၊ စီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များနှင့်အတူ ကြည့်ရှုစစ်ဆေးခဲ့ပြီး မြို့နယ်ဦးစီးမှူးက ဆောင်ရွက်ပြီး ဖွံ့ဖြိုးရေးလုပ်ငန်းများ ရေရှည်တည်တံ့ခိုင်မြဲအောင် ဝိုင်းဝန်းထိန်းသိမ်း ဆောင်ရွက်သွားကြရန် မှာကြားခဲ့သည်။

အဆိုပါ ရေနောက်ကျေးရွာတွင် ဗို့ ၄၀၀ ဓာတ်အားလိုင်း ၁၇၃၀ ပေ သွယ်တန်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း (VDP) ရန်ပုံငွေကျပ် ၁၅ သန်း၊ ကျေးရွာနေပြည်သူထည့်ဝင်ငွေကျပ် ၁၅ ဒသမ ၅၈ သန်းအသုံးပြု၍ ဦးစီးဌာနဝန်ထမ်းများ၏ အနီးကပ်ကြီးကြပ်မှု၊ နည်းပညာပံ့ပိုးမှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် မေလဒုတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံး ရာနှုန်းပြည့် ဆောင်ရွက် ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**သံသာ**

# ညောင်ဦးမြို့နယ် မြင်းကပါကျေးရွာ၌ ရေရရှိရေးလုပ်ငန်းများဆောင်ရွက်ပြီးစီးမှု စစ်ဆေး

**ညောင်ဦး ဇွန် ၂၃**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ညောင်ဦးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြင်းကပါကျေးရွာ၌ ရေရရှိရေးလုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ဇွန် ၂၂ ရက်က တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန (ရုံးချုပ်)မှ ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဦးစိုးသန်း၊ ညောင်ဦးခရိုင်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဟန်မြင့်ထွန်း၊ ညောင်ဦးမြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးညီညီဦးနှင့် အင်ဂျင်နီယာဝန်ထမ်းများက မြင်းကပါကျေးရွာ၌ ကျေးလက်နေပြည်သူများ သောက်သုံးရေ ဖူလုံစွာသုံးစွဲနိုင်ရန်အတွက် ဂါလန် ၂၀၀၀ ဆံ့ အုတ်ရေကန်တည်ဆောက်ခြင်း၊ 2 KW ဆိုလာတပ်ဆင်ခြင်း၊ ခြံစည်းရိုးကာရံခြင်း လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူး ဦးဟန်မြင့်ထွန်းက ဆောင်ရွက်ပြီး လုပ်ငန်းများကို ရေရှည်တည်တံ့ကောင်းမွန်အောင် ထိန်းသိမ်းဆောင်ရွက်ကြရန် မှာကြားကာ ကျေးရွာတာဝန်ရှိသူများ၏ ဆွေးနွေးတင်ပြချက်များအပေါ် လိုအပ်သည်များကို ပေါင်းစပ်ဖြည့်ဆည်းပေးခဲ့သည်။

အဆိုပါ မြင်းကပါကျေးရွာ၌ ကျေးရွာနေပြည်သူများ သောက်သုံးရေ ဖူလုံစေရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်သည့် ဂါလန် ၂၀၀၀ ဆံ့ အုတ်ရေကန် တည်ဆောက်ခြင်း၊ 2 KW ဆိုလာတပ်ဆင်ခြင်းနှင့် အကျယ်အဝန်း (၅၆ ပေx ၆ ပေ) ခြံစည်းရိုးကာရံခြင်းလုပ်ငန်း ဆောင်ရွက်ခြင်းကို ၂၀၂၆ - ၂၀၂၇ ဘဏ္ဍာနှစ် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၁၃ သန်းဖြင့်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တာဝန်ယူ၍ ယခုနှစ် မေ ၅ ရက်က စတင် ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်၍ ကျေးရွာနေပြည်သူများ သောက်သုံးရေ ဖူလုံစွာ ရယူသုံးစွဲနေပြီဖြစ်ကြောင်း ညောင်ဦးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးညီညီဦးက ပြောပြ၍ သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

# ရေတာရှည်မြို့နယ် သိုင်းဝကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ရေတာရှည် ဇွန် ၂၃**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ရေတာရှည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက သိုင်းဝကျေးရွာအုပ်စု သိုင်းဝကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေများ ထုတ်ချေးပေးခြင်းအခမ်းအနားကို ဇွန် ၂၂ ရက်နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့သည်။

ရှေးဦးစွာ ရေတာရှည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ရီရီပြုံးက ကျေးလက်နေပြည်သူများ မိသားစုဝင်ငွေတိုးလုပ်ငန်းများ တိုးချဲ့လုပ်ကိုင်နိုင်ရန်နှင့် တိုးပွားလာသော ရန်ပုံငွေများဖြင့် ကျေးရွာတွင်း ဖွံ့ဖြိုးရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် စသည့် ရည်ရွယ်ချက်များဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေများ ထုတ်ချေး ပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်း တာဝန်ခံနှင့် ဝန်ထမ်းများက စီမံကိန်း အကြောင်းအရာများ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ရန်ပုံငွေထုတ်ချေးရာတွင် လိုက်နာရမည့်စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် သိန်း ၄၀၀ ကို လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက မြစိမ်းရောင်ကျေးရွာစီမံကိန်း ဒသမအကြိမ်အဖြစ် သိုင်းဝကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၈၂ ဦးကို ငွေကျပ်သိန်း ၂၈၀ နှင့် မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၅၆ ဦးကို ငွေကျပ် သိန်း ၁၂၀ စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၃၈ ဦးကို အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် သိန်း ၄၀၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**မောင်ခိုင်**

ဝတ္ထုတိုကဏ္ဍ

# ထိုနေ့က ရေလျှံသည်

## မစန္ဒာ



ဆရာမကြီး မစန္ဒာ၏ ထိုနေ့က ဝတ္ထုတိုများကို လေးစားချစ်ခင်ရပါသော ရတနာပုံသတင်းစာ စာဖတ်ပရိသတ်များအတွက် ယခုတစ်ပတ်မှ စတင်၍ တင်ဆက်ပေးသွားမည်ဖြစ်ပါကြောင်း လေးစားစွာ တင်ပြအပ်ပါသည်။

မိုးကလေး တစ်ဖြိုက်နှစ်ဖြိုက်လောက် ရွာလျှင်ပင် မြောင်းရေက အရင်လျှံနှင့်ပြီဖြစ်သည်။ မြောင်းရေလျှံသည်ဟု ပြောရသော်လည်း သူတို့လျှောက်လှမ်းရာ မြေသားလမ်းကလေး၏ဘေးတွင် မြောင်းဟူ၍ မည်မည်ရရ ရှိသည်တော့ မဟုတ်ပါ။ တစ်ယောက်တစ်လက် ပေါက်တူးနှင့် ခြစ်ဆွဲထားသော မြေသားမြောင်းတိမ်တိမ်ကလေးထဲတွင်လည်း ကြွပ်ကြွပ်အိတ်စုတ်များနှင့် ဖော့ဘူးအပုံအရွှံများက အုပ်စိုးမင်းမူနေလေသည်။

"စိတ်ညစ်လို့ မြောင်းကို ဖောက်တယ်။ မြောင်းဖောက်တော့ စိတ်ပိုညစ်တယ်၊ အကြောင်းရှာတော့ အမှိုက်တွေ ချာချာလည်... တစ်ခုပဲ သိတယ်၊ လောကကြီးမှာလေ... အမှိုက်တွေမရှိရင် တကယ့်ကို အိုကေမယ်" ဘကြီးသာဖြိုးက အသက်ခြောက်ဆယ်ကျော်နေပြီဖြစ်သော်လည်း သန်ဆဲ၊ မြန်ဆဲ၊ လက်သမားအလုပ်ကိုလည်း လုပ်နိုင်ဆဲဖြစ်လေသည်။ ထို့ပြင် နေညိုလျှင် လေပြိုတတ်သည့်အတွက် တစ်ခွက်တစ်ဖလားလည်း မော့နေဆဲဖြစ်သည်။ ညနေမှောင်ရီပျိုးပြီဆိုလျှင် ရွှံ့တွေတင်ကာ ချော်ကျိုကျိုဖြစ်နေသော လမ်းပေါ်တွင် ခပ်ယိုင်ယိုင်လျှောက်ရင်း ထိုသီချင်းကို ဆိုလာလေ့ရှိသည်။ ထို့ပြင် သုံးရက်တစ်ခါ၊ လေးရက်တစ်ခါလောက်လည်း ချော်လဲတတ်လေသည်။ အသက်ကြီးလာလျှင် အရိုးတွေပွပြီး ကြွပ်ဆတ်လာသည်။ ကျိုးလွယ်၊ ပဲ့လွယ်သည်ဟု ပြောကြသော်လည်း ဒီလောက်တဖိုင်းဖိုင်းလဲနေသော ဘကြီးသာဖြိုးတစ်ယောက်ကတော့ တစ်ခါမျှ မကျိုးဖူးသေးချေ။

"မိုးရွာလို့ ရေလျှံသဟေ့၊ ရေလျှံလို့ရွှံ့ထူသဟေ့... ရွှံ့ထူလို့ ချော်လဲသဟေ့... အခုတော့ မကျိုးသေးဘူးဟေ့၊ မကြာခင် ကျိုးတော့မှာပဲဟေ့... အဲဒါသေချာတယ်ဟေ့"

တစ်ခါတစ်ရံတော့လည်း မကျေမနပ်နှင့် တဖျစ်တောက်တောက်ပြောလာသည်မှာ ဟစ်ဟော့ပ်သီချင်းဆိုနေသည်နှင့်ပင် တူနေသဖြင့် ကြားရသူများက ကျိတ်ပြီး ပြုံးကြရသည်။ စိတ်ပေါက်လာလျှင်တော့ သူ့ခြေထောက်အောက်ကရေကို တဖွမ်းဖွမ်းမြည်အောင် ခြေနင့်ခတ်ကာ "ငါ ရှီးမသားရေ သောက်သုံးမကျတဲ့ရေ"ဟု ဆဲနေတတ်သည်။

ရေလျှံလျှင် သွားရလာရ ခက်ခဲလှသဖြင့် အနီးအနားပတ်လည်ရှိ ကျူးကျော်ရပ်ကွက်သူ ရပ်ကွက်သားများက စိတ်ညစ်ကြသော်လည်း "အဘ"တစ်ယောက်ကတော့ အလွန်ပျော်လေသည်။ ရေချိုးသော ဒန်ဖလားပိန်ကလေးကို ပြေးဆွဲပြီး ရွှံ့ထဲသို့ ဆင်းတတ်သည်။

အဘဟုဆိုသောကြောင့် ဘကြီးသာဖြိုးလို အသက်ခုနစ်ဆယ်နီးပါး အဘိုးကြီး မဟုတ်ပါ။ အသက်ငါးနှစ်ပင် မပြည့်တတ်သေးသော ပေစုတ်စုတ်ကောင်ကလေးဖြစ်သည်။ ဘကြီးသာဖြိုးနှင့် အမျိုးစပ်ရလျှင်ကား သမီးအရင်းခေါက်ခေါက်က မွေးထားသော မြေးအရင်းခေါက်ခေါက်ဖြစ်လေသည်။

ဒီအရွယ်ကလေးကို "အဘ"ခေါ်နေတော့ ကြားရသူတိုင်းက အထူးအဆန်းဖြစ်ရသည်။ ထိုအခေါ်အဝေါ်နှင့်ပတ်သက်ပြီး သူ့အမေ "ဒေါ်စပွန်ဆာ"ကို ဗျူးကြသူတွေလည်း အတော်ပင် များလေသည်။

"ကသိုလ်ကံကမကြီးတော့လဲ အဘလောင်းလျာနဲ့ မနီးခဲ့ရဘူးပေါ့နော်။ ဒါကြောင့်မလို့ သားလေး မွေးလာတော့ "အဘ"လို့ နာမည်ပေးလိုက်တာ၊ တစ်ခါတည်းတန်းပြီး အဘရဲ့ အမေဖြစ်သွားတာပေါ့နော်။ ကျွန်မ ပိုင်တယ်မဟုတ်လားဟင်" ဟု ဒေါ်စပွန်ဆာက ဖြေသည်။

ဗျူးဆရာ၊ ဆရာမများခမျာ "ပိုင်ချက်ကတော့ ပြောင်မြောက်လှပါပေတယ်"ဟု ထောမနာပြုရင်း နှုတ်ပိတ်သွားကြလေသည်။

သူ၏ရည်ရွယ်ချက် ပေါက်မြောက်အောင်မြင်သည်ကတော့ အတိုင်းထက်အလွန်ပင်။ သူတို့၏ တဲရှေ့ခုနစ်တဲ၊ တဲနောက် ခုနစ်တဲသာမက လက်ဝဲ၊ လက်ယာတဲနီးချင်းများကပါ ထိုကလေးကို ပိစိကွေးလေးဘဝကတည်းက သူ့အမေခေါ်သလို "အဘ"ဟူ၍ လိုက်ခေါ်သောကြောင့်ဖြစ်သည်။ ရွှေကိုယ်တော်ဘကလေးကလည်း သူ့ကိုများ "သားလေးရေ"ဟု ခေါ်လေလျှင် တုတ်တုတ်ပင်မလှုပ်။ မော့၍ပင် မကြည့်ချေ။ "အဘရေ" ဟုခေါ်မှ သိတော်မူတော့သည်။ သူ၏ မိဘနှစ်ပါးကလည်း တစ်ဦးကိုတစ်ဦး "အဘတို့အဖေ"၊ "အဘတို့ အမေ"ဟုပြောင်ချော်ချော်ခေါ်ကြရင်းက တကယ်နှုတ်ကျိုးနေကြပြီဖြစ်သည်။ ဘကြီးသာဖြိုးကတော့ "အဘတို့အဘိုး" ဟူသော နာမ်စားကို ရရှိထားလေသည်။ ဒီတော့လည်း အဘခမျာ ကျောင်းအပ်လျှင်ပင် ဘာနာမည်နှင့် အအပ်ခံရမည်နည်း၊ သူ့ကိုယ်သူလည်း မသိရှာသေးပေ။

အဘလိုပင် ကျောင်းအပ်နာမည်မရှိသေးသူ နောက်တစ်ယောက်ကတော့ သူ၏ ချစ်လှစွာသော သူငယ်ချင်း ဗိုလ်ရှုံးဖြစ်သည်။ ဗိုလ်ရှုံး၏ အမေက အဘ၏အမေကို အားကျသူဖြစ်သည်။ ထို့ကြောင့် သူ့သားကို ဗိုလ်ချုပ်ဟု အမည်တွင်ရန် ကြိုးစားခဲ့လေသည်။ သို့သော် သူ့ကျတော့ ကံကခေရှာသည်။ အစဉ်အမြဲ နာစေးကာ၊ နှပ်ချေး တရွှပ်ရွှပ်လုပ်နေတတ်သော "နှပ်ချေးသေးထူ" ကလေးကို မည်သူကမျှ "ဗိုလ်ချုပ်"ဟု မခေါ်ခဲ့ကြပေ။ တစ်ယောက်ကအစ အများကပါ "ဗိုလ်ရှုံး"ဟု တညီတညာတည်း ခေါ်ခဲ့ကြသည်။ စကားမပီသေးသော အဘကတော့ သူ၏ သူငယ်ချင်းကို ဗိုလ်ချုံ့ဟုခေါ်သည်။ ဗိုလ်ချုံ့ဟူသော အသံထွက်မှာ ဗိုလ်ချုပ်နှင့် ခပ်ဆင်ဆင်မို့ ဗိုလ်ရှုံးကတော့ ကျေနပ်ဟန်ရှိလေသည်။

"အဘရေ... မရာတေးဘူးရား"

ရေလျှံပြီဆိုရင် သူကလည်း ဒန်ဖလားစုတ်ကလေး တစ်လုံးကိုင်ကာ တဲအောက်သို့ ရောက်နေပြီဖြစ်သည်။ အဘ ဆင်းမလာသေးလျှင်လည်း တကြော်ကြော် အော်ခေါ်နေတတ်သည်။

တဲနားပတ်လည်တွင် တဖြည်းဖြည်းပြည့်လျှံတက်လာသော မြောင်းရေပုပ်ပုပ်ထဲတွင် မြူးခုန်ပြီး ပါလာတတ်သော ငါးသေး၊ ငါးမွှားကလေးကို တွေ့လျှင် သူတို့နှစ်ယောက်လည်း မြူးခုန်တတ်လေသည်။

"ဟာ... ရွှတ်တွားရယ်ကွာ"

"ဟ... ဘယ်ရောက်တွားတာရဲ့"

"ဗိုလ်ချုံ့ရ... မမင်ဘူးလား၊ မင်းခြေထောက်နားမှာရေကွာ"

"မီပီ... မီပီ...တုံးကောင်တောင် မီပီ"

သူတို့နှစ်ယောက်မို့ ပေါင်းမိလျှင် အာမေဍိတ်အမျိုးမျိုးနှင့် ဆူညံနေတတ်ကြသည်။ တစ်ခါတစ်ရံလည်း တစ်ယောက်ကိုတစ်ယောက် "တော်တော်ကန်းတဲ့ သောက်ကန်း"ဟု ဆဲကြသေးသည်။ သူတို့၏ ဘာသာစကားနှင့်မူ "တော်ရော်ကန်းရဲ့ တောက်ကန်း" ဟူ၍ ဖြစ်လေသည်။ ထို မစားလောက်၊ မသောက်လောက် ငါးပေါက်စကလေးများကို သူတို့က အလုမွှေးရန်ဖမ်းဆီးနေကြခြင်းဖြစ်လေသည်။ တစ်ခါကတော့ ပုဇွန်ဆိတ်ကလေးနှစ်ကောင်ပင် ရခဲ့ဖူးသည်ဟု ဆိုသည်။ ငါးလုလုလေးများကို မွေးထားပြီး တစ်မှိန်မှိန်ကြည့်နေချင်သော အာသီသကသူတို့နှစ်ယောက်စလုံးတွင် အတော်ပြင်းပြင်းပြပြ ဖြစ်နေကြလေသည်။

အဘဖမ်းလာသော ငါးကလေးများကို အဖေဖြစ်သူ ကိုကျောက်ဒိုးက "ဒါက ငါးသလဲထိုးကလေးထင်တယ်။ ဒါကတော့ ဒေါင်းငါးလေးများလား မသိ။ အမြီးပြာပြာလေးနဲ့ လှတယ်ကွ။ ဒီငါးလေးကတော့ ပြားပြားကလေး ဘာငါးလဲဆိုတာ ငါလဲမသိ။ ဒါကတော့ ငါးမှမဟုတ်တာ အဘရာ၊ ဖားလောင်းလေးဟ၊ ဖားလောင်းဆိုတာ ဖားဖြစ်မဲ့ အကောင်ကို ပြောတာ" စသည်စသည်ဖြင့် အမျိုးအမည်ခွဲခြားပြတတ်သည်။

မြောင်းထဲက ငါးကိုဖမ်းမဲ့သာ ဖမ်းနေရသော်လည်း တကယ့်တကယ် အဘလိုချင်သည်က ရွှေရောင်တောက်နေသော အမြီးတဖွားဖွားနှင့် ရွှေငါးလေးများဖြစ်သည်။

အဘရော၊ ဗိုလ်ရှုံးပါ ဗဟိုဈေးကြီးရှေ့မှာ ရွှေငါးရောင်းသောဆိုင်ကို ရောက်ဖူးကြသည်။ အဆင့်ဆင့် စီထားသော မှန်ကန်များကို ရေတွက်၍ပင် မနိုင်။ ကန်ထဲမှ ရေများကလည်း ကြည်ပြီး သန့်နေသည်။ ထိုအထဲတွင် ရွှေရောင်၊ ငွေရောင် တောက်နေသော ငါးကလေးများကို တွေ့သောအခါ ပါးစပ်အဟောင်းသားနှင့် မျက်စိပင် မလွှဲနိုင်။ အမြီးဖွားဖွားလေးများကို လှုပ်ခါရင်း ဝှေ့ခနဲ ဝိုက်ခနဲ ကူးနေကြသော ငါးကလေးများသည် သူတို့၏အာရုံတွင် ငြိပြီးပါလာလိုက်သည်မှာ အိပ်မက်ထဲထိ ရောက်လာကြလေသည်။

"အမေရာ၊ ရွှေငါးရေးသွေ့ ရှိချင်ရိုက်တာ"

အဘက ပူဆာသောအခါ သူ့အမေက နားလေးသောရောဂါကို ကောက်ကာငင်ကာ ရသွားသည်။

"နော်... အမေ နော်၊ ရွှေငါးရေး ဝယ်ပေးနော်"

ထိုသို့များ ဆက်တိုက်ပူဆာလျှင်တော့ "အမယ်လေး အဘရယ်၊ နင်က ရွှေငါးမွေးချင်ရအောင် နင့်မှာ စပွန်ဆာရှိလို့လား"ဟု တဲရှေ့ ခုနစ်တဲ၊ တဲနောက် ခုနစ်တဲကြားအောင် ခပ်ကျယ်ကျယ်အော်တတ်လေသည်။

"ရွှေငါး၊ ရွှေငါးနဲ့၊ ရွှေငါးနဲ့တင်ပြီးမှာမှ မဟုတ်" ဟူ၍လည်း စိတ်ထဲက ဆက်၍တွေးတတ်သည်။ ငါးရလျှင် ကန်လိုဦးမည်။ ကန်ရလျှင် ကန်ထဲထည့်ရန် ရေညှိရေမှော် လိုဦးမည်။ ဗလုံစီလေးတွေ ထနေအောင် အောက်ဆီဂျင်ပိုက် ဝယ်ရမည်။ ပိုက်နှင့် ဆက်လျက်ရှိရမည်က စက်၊ ထိုစက်နှင့် ဆက်ရမည်က မီးခလုတ်၊ မီးခလုတ်နှင့်အတူ လှုပ်လာမည်က မီတာခ၊ သို့သော် မီတာခကိုတော့ ပူစရာမလိုပါ။ သူတို့က လမ်းခဲတ်ကြိုးမှ လျှပ်စစ်မီးကို ခိုး၍ သွယ်ယူထားခြင်းဖြစ်သည်။

မည်သို့ပင်ဆိုစေ ငါးနှင့်မှန်ကန်၊ မှန်ကန်နှင့် ရေညှိ၊ ရေညှိနှင့် ဗလုံစီ၊ ဗလုံစီနှင့် အောက်ဆီဂျင်၊ အောက်ဆီဂျင်နှင့်စက် စသောကရိကထများကား နည်းနည်းနောနော မဟုတ်။ ထို့အတွက် လူလည်းမစိုက်နိုင်၊ ငွေလည်း မစိုက်နိုင်။ ကြားမှနေပြီး စိုက်ထုတ်အကုန်အကျခံပေးမည့် စပွန်ဆာလည်း မရှိ။ ဒေါ်စပွန်ဆာက ခြောက်တန်းထိကျောင်းနေဖူး၍ အင်္ဂလိပ်စာသင်ခဲ့ဖူးသော်လည်း အခုတော့ အေ၊ ဘီ၊ စီ၊ ဒီကိုပင် သိပ်ပြီးမမှတ်မိချင်တော့ပေ။ သို့ပါသော်လည်း စပွန်ဆာဟူသော စကားကတော့ သူနှင့် အကျွမ်းတဝင် ရှိလှသည်။ စပွန်ဆာဟူသည်မှာ ငွေကြေးစိုက်ထုတ်အကုန်အကျခံသူဟူ၍လည်း အကြမ်းအားဖြင့် သဘောပေါက်ထားသည်။

ဆက်လက်ဖော်ပြပါမည်။

# အမေရိကန်နိုင်ငံ စပိုကီတောင်ကြားတွင် လောင်ကျွမ်းနေသော တောမီးကို ၇၅ ရာခိုင်နှုန်းထိ ထိန်းချုပ်လာနိုင်ပြီဖြစ်



ဝါရှင်တန် ဇွန် ၂၃

အမေရိကန်နိုင်ငံ ဝါရှင်တန်ပြည်နယ်ရှိစပိုကီတောင်ကြားတွင် လောင်ကျွမ်းနေသော တောမီးကို မီးသတ်တပ်ဖွဲ့ဝင်များ ကြိုးစား ငြှိမ်းသတ်ပေးနေသည်မှာ ငါးရက်တိုင်တိုင်ရှိခဲ့ပြီဖြစ်ပြီး လေကြောင်းအကူအညီကိုပါ ရယူခဲ့သည့်အတွက် ၇၅ ရာခိုင်နှုန်းထိ ထိန်းချုပ်လာနိုင်ပြီဖြစ်ကြောင်း သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအဖွဲ့အစည်းက ထုတ်ပြန်သွားခဲ့သည်ဟု ဇွန် ၂၂ ရက် သတင်းများတွင် ဖော်ပြထားသည်။

စပိုကီတောင်ကြား တောမီးလောင်ကျွမ်းမှုကြောင့် လူနေအိမ်ခြေ ၁၅ လုံးထက်မနည်း ပျက်စီးသွားခဲ့ပြီး ဒေသခံတစ်ဦးသေဆုံးခဲ့ကြောင်း၊ တောမီးလောင်ကျွမ်းမှုကြောင့် သစ်တောမြေ ၂၁၃ ဧကထိ ပျက်စီးသွားခဲ့ပြီး တောမီးလောင်ကျွမ်းမှုကို ရာနှုန်းပြည့် ထိန်းချုပ်နိုင်ရေးအတွက် ဆက်လက် ကြိုးစားပေးနေကြောင်း၊ တောမီးကို ထိန်းချုပ်နိုင်ရေးအတွက် ဆက်လက်ကြိုးစားနေပြီး ထိန်းချုပ်ထားနိုင်သည့် နေရာများတွင်လည်း မီးကြွင်းမီးကျန်များကို ဆက်လက်ငြှိမ်းသတ်နေသကဲ့သို့ တောမီးထပ်မံလောင်ကျွမ်းမှုမဖြစ်စေရေး အတွက်လည်း မီးသတ်တပ်ဖွဲ့ဝင်များကို စေလွှတ်ထားကြောင်း သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး အဖွဲ့အစည်းက ထုတ်ပြန်သွားခဲ့သည်။

"စပိုကီတောင်ကြား တောမီးလောင်ကျွမ်းမှုကို ၇၅ ရာခိုင်နှုန်းထိ ထိန်းချုပ်ထားနိုင်ပါပြီ။ မီးသတ်တပ်ဖွဲ့ဝင်များက ငါးရက်တိုင်တိုင် မနားတမ်း တောမီးကို ငြှိမ်းသတ်ပေးခဲ့ပါတယ်။ ရာနှုန်းပြည့်ထိန်းချုပ်နိုင်ဖို့လဲ ကြိုးစားပေးနေပါတယ်"ဟု သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသွားခဲ့သည်။

Ref : Russia Today
Trs : Sai Sat

# တူကီယဲနိုင်ငံက တောရိုင်းတိရစ္ဆာန်များထိန်းသိမ်းရေးနှင့် သီးဖျက်ပိုးမွှားထိန်းချုပ်ရေးအတွက် ရစ်နှင့်ခါငှက်ကောင်ရေ ၅၁၀၀၀ ကို ဘေးမဲ့လွှတ်ပေးမည်

အစ္စတန်ဘူလ် ဇွန် ၂၃

တူကီယဲနိုင်ငံက တောရိုင်းတိရစ္ဆာန်များ ထိန်းသိမ်းရေးနှင့် သီးဖျက်ပိုးမွှား ထိန်းချုပ်ရေးအတွက် ရစ်နှင့် ခါငှက်ကောင်ရေ ၅၁၀၀၀ ကို ဘေးမဲ့လွှတ်ပေးမည်ဖြစ်ကြောင်း ဇွန် ၂၂ ရက် သတင်းများအရ သိရသည်။

တူကီယဲနိုင်ငံသည် တောရိုင်းတိရစ္ဆာန်ကောင်ရေ တိုးပွားလာစေရန်နှင့်စိုက်ပျိုးရေးပိုးမွှားများကို သဘာဝနည်းလမ်းဖြင့် ထိန်းချုပ်နိုင်ရန်ရည်ရွယ်၍ ယခုနှစ်အတွင်း ခါနှင့် ရစ်ငှက်ကောင်ရေ ၅၁၀၀၀ ကို သဘာဝပတ်ဝန်းကျင်အတွင်း ပြန်လည် လွှတ်ပေးသွားမည်ဖြစ်ကြောင်း၊ ခါငှက်သည် ပျကဲ့သို့ သီးဖျက်ပိုးများကို စားသောက်ပြီး ရစ်ငှက်သည် သီးဖျက်ပိုးများကို စားသုံးသဖြင့် ဓာတုပိုးသတ်ဆေး အသုံးပြုမှုကို လျှော့ချနိုင်ခြင်းကြောင့် မြေဆီလွှာပျက်စီးမှုကို လျှော့ချနိုင်ကြောင်း၊ အဆိုပါ ငှက်မျိုးစိတ်များသည် တူကီယဲနိုင်ငံတွင် အမဲလိုက်ခြင်း၊ နေထိုင်ရာပတ်ဝန်းကျင် ပျက်စီးခြင်းတို့ကြောင့် ကောင်ရေကျဆင်းခဲ့ကြောင်း သိရသည်။



ယခင်နှစ်က လွှတ်ခဲ့သောငှက်များကို တွေ့ရစဉ်။

ထို့ကြောင့် ၎င်းတို့ကို တူကီယဲနိုင်ငံ သဘာဝထိန်းသိမ်းရေးနှင့် အမျိုးသားဥယျာဉ်များ အထွေထွေညွှန်ကြားရေးမှူးရုံးက မွေးမြူရေးစခန်းများတွင် ထိုငှက်မျိုးစိတ်များကို တာဝန်ယူမွေးမြူထားပြီး သဘာဝထဲသို့ ပြန်လွှတ်ပေးခြင်း ဖြစ်ကြောင်း သိရသည်။

အဆိုပါ ငှက်မျိုးစိတ်များကို နိုင်ငံတစ်ဝန်းရှိ အထူးမွေးမြူရေးစခန်း ၁၅၆ ခုမှတစ်ဆင့် သဘာဝအတွင်း ပြန်လည်လွှတ်ပေးသွားမည်ဖြစ်ကြောင်း တူကီယဲ စိုက်ပျိုးရေးနှင့် သစ်တောဝန်ကြီး အီဘရာဟင် ယူမက်ကလီက ပြောကြားခဲ့သည်။

Ref : Russia Today
Trs : KZ

# ပြင်သစ်နိုင်ငံအပါအဝင် ဥရောပနိုင်ငံအများစု၌ အပူလှိုင်းဖြတ်သန်းနေပြီး အပူချိန်မြင့်တက်မှု အနီရောင်အဆင့်သတ်မှတ်

ပဲရစ် ဇွန် ၂၃

ပြင်သစ်နိုင်ငံအပါအဝင် ဥရောပနိုင်ငံများအစု၌ အပူလှိုင်းဖြတ်သန်းနေပြီး အပူလှိုင်းဖြတ်သန်းမှုကြောင့် အပူချိန် ၄၀ ဒီဂရီစင်တီဂရိတ်ထိ မြင့်တက်ကာ အပူချိန်မြင့်တက်မှု အနီရောင်အဆင့် သတ်မှတ်ကြောင်း ပြင်သစ်မိုးလေဝသညွှန်ကြားရေး ဦးစီးဌာနက ထုတ်ပြန်သွားခဲ့သည်ဟု ဇွန် ၂၂ ရက် သတင်းများတွင် ဖော်ပြထားကြောင်း သိရသည်။

ပြင်သစ်နိုင်ငံတွင် အပူချိန်မြင့်တက်နေမှုကြောင့် အီဖယ်မျှော်စင်၊ ပဲရစ်မြို့ရှိ လူစည်းကားသောနေရာများတွင် အပူချိန်သက်သာစေရန်အတွက် ရေငွေ့ထုတ်လွှတ်သည့်စက်များ တပ်ဆင်ပေးထားပြီး အရေးပေါ်ကျန်းမာရေး စောင့်ရှောက်မှုများ ပြုလုပ်ပေးနိုင်ရေးအတွက်လည်း ကျန်းမာရေးစောင့်ရှောက်မှု စင်တာများ ဖွင့်လှစ်ပေးထားကြောင်း သိရသည်။

"ပြင်သစ်နိုင်ငံအပါအဝင် ဥရောပနိုင်ငံတချို့မှာ အပူလှိုင်းဖြတ်သန်းပြီး အပူချိန်မြင့်တက်မှုတွေ ဖြစ်ပေါ်နေပါတယ်။ အပူချိန်ဟာ ၄၀ ဒီဂရီစင်တီဂရိတ်ထိ မြင့်တက်နေတဲ့ အတွက်ကြောင့် ဒီနေ့က စတင်ပြီးတော့ အပူချိန်မြင့်တက်မှု အနီရောင်အဆင့် သတ်မှတ်ထားပါတယ်။ အီဖယ်မျှော်စင်နဲ့ ပဲရစ်မြို့ရဲ့ လူစည်းကားတဲ့နေရာတွေမှာ အပူသက်သာလာစေဖို့အတွက် ရေငွေ့ထုတ်လွှတ်တဲ့စက်ကြီးတွေ တပ်ဆင်ပေးထားပါတယ်။ အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှု ပြုလုပ်ပေးနိုင်ဖို့အတွက်လဲ အရေးပေါ် ကျန်းမာရေး စောင့်ရှောက်မှုစင်တာတွေ ဖွင့်လှစ်ပေးထားပါတယ်"ဟု ပြင်သစ်မိုးလေဝသညွှန်ကြားရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသွားခဲ့သည်။

Ref : Sputnik News
Trs : Sai Sat

# တရုတ်နိုင်ငံ တောင်ဘက်ပိုင်းနှင့် အနောက်တောင်ဘက်ပိုင်းတို့တွင် မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှုနှင့် မြေပြိုမှုများဖြစ်ပေါ်လာနိုင်

ပေကျင်း ဇွန် ၂၃

တရုတ်နိုင်ငံ တောင်ဘက်ပိုင်းနှင့် အနောက်တောင်ဘက်ပိုင်းတို့တွင် လာမည့်သုံးရက်အတွင်း မိုးသည်းထန်စွာ ရွာသွန်းပြီး မိုးရေချိန်မြင့်မားမှုကြောင့် ရေကြီးရေလျှံမှုနှင့် မြေပြိုကျမှုများ ဖြစ်ပေါ်လာနိုင်ကြောင်း သဘာဝအရင်းအမြစ် ဝန်ကြီးဌာနက သတိပေးချက်ထုတ်ပြန်ခဲ့ကြောင်း ဇွန် ၂၂ ရက်သတင်းများတွင် ဖော်ပြထားကြောင်း သိရသည်။

ရေဘေးအန္တရာယ်ဖြင့် ရင်ဆိုင်ရနိုင်သည့်အတွက် ရေဘေးကာကွယ်ရေးနှင့် မိုးခေါင်ရေရှားပါးမှု လျှော့ချရေးအဖွဲ့အစည်း၊ အရေးပေါ် စီမံခန့်ခွဲရေးဝန်ကြီးဌာနနှင့် သဘာဝအရင်းအမြစ်ဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများက ဇွန် ၂၁ ရက်တွင် အရေးပေါ် အစည်းအဝေးတစ်ရပ်ပြုလုပ်ကာ ကြိုတင်ကာကွယ်ရေးစီမံချက်ကို ဆွေးနွေးသွားခဲ့ကြောင်း၊ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ပုလဲမြစ်ဝှမ်း၊ လျူကျန်းမြစ်ဝှမ်းတို့၌ ရေလယ်ဗယ်မြင့်တက်လာနိုင်ပြီး ရေကြီးရေလျှံမှု ဖြစ်ပေါ်လာနိုင်သည့် အခြေအနေဖြစ်ကြောင်း သိရသည်။

"လာမဲ့ သုံးရက်အတွင်းမှာ မိုးသည်းထန်စွာ ရွာသွန်းလာနိုင်ပါတယ်။ မိုးရေချိန် မြင့်မားနိုင်တဲ့အတွက် ရေကြီးရေလျှံမှုတွေ၊ မြေပြိုကျမှုတွေ ဖြစ်ပေါ်လာနိုင်ပါတယ်။ ပုလဲမြစ်ဝှမ်းနဲ့ လျူကျန်းမြစ်ဝှမ်းတို့မှာ မြစ်ရေလျှံတက်မှုတွေ ဖြစ်ပေါ်လာနိုင်ပါတယ်။ ရေဘေးအန္တရာယ်နဲ့ အဓိက ရင်ဆိုင်ရနိုင်တဲ့ နေရာတွေကတော့ ရန်စီမြစ်အနီး၊ ဟွိုင်မြစ်အနီး၊ ကျန်းဟန်လွင်ပြင်၊ ရန်စီတောင်ဘက်ပိုင်းဒေသတွေပဲ ဖြစ်ပါတယ်။ ကြိုတင်ကာကွယ်ရေး အစီအစဉ်အတွက်လဲ အစည်းအဝေး ကျင်းပပြီးတော့ ဆွေးနွေးမှုတွေ ပြုလုပ်ထားပြီးဖြစ်ပါတယ်။ စီမံချက်တွေအတိုင်း ဆောင်ရွက်သွားမှာဖြစ်ပါတယ်"ဟု သဘာဝအရင်းအမြစ်ဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသွားခဲ့သည်။

Ref : Sputnik News
Trs : Sai Sat

# ဂရိနိုင်ငံ ယူဘိုအီးယားကျွန်းတွင် ပူပြင်းမှုနှင့် လေပြင်းတိုက်ခတ်မှုတို့ကြောင့် တောမီးလောင်ကျွမ်းမှု ပိုမိုပြင်းထန်နေ

အေသင် ဇွန် ၂၃

ဂရိနိုင်ငံ ယူဘိုအီးယားကျွန်းတွင် ဇွန် ၂၀ ရက်က စတင်လောင်ကျွမ်းနေသော တောမီးသည် ပူပြင်းမှုနှင့် လေပြင်းတိုက်ခတ်မှုတို့ကြောင့် ယနေ့တွင် ပိုမိုပြင်းထန်စွာ ဆက်လက်လောင်ကျွမ်းနေကြောင်း သိရသည်။

လက်ရှိတွင် တောမီးပိုမိုပြင်းထန်စွာလောင်ကျွမ်းနေပြီး တောမီးကူးစက်လောင်ကျွမ်းနိုင်သည့် နေရာများမှ ဒေသခံပြည်သူများကို ဘေးလွတ်ရာသို့ ကြိုတင်ရွှေ့ပြောင်းပေးထားကြောင်း ကျွန်းအာဏာပိုင်များက ပြောကြားထားကြောင်း သိရသည်။

တောမီးလောင်ကျွမ်းမှုကို ထိန်းချုပ်နိုင်ရန်အတွက် ကနဦးက မီးသတ်နှင့် စေတနာ့ဝန်ထမ်း စုစုပေါင်း ၈၈ ဦးကို တပ်ဖြန့်စေလွှတ်ထားပြီး ယနေ့တွင် အင်အား ၁၀၀ ကျော်ထိ ထပ်မံတိုးမြှင့် စေလွှတ်ထားကြောင်း၊ မီးသတ်လေယာဉ် ရှစ်စင်းနှင့် ရဟတ်ယာဉ်ခြောက်စင်းကိုလည်း မီးငြှိမ်းသတ်ရေး လုပ်ငန်းများတွင် အသုံးပြုလျက်ရှိကြောင်း ဂရိမီးသတ်ဌာနက ထုတ်ပြန်ထားသည်။

မီးသတ်နှင့် စေတနာ့ဝန်ထမ်းများက တောမီးကိုရာနှုန်းပြည့် ထိန်းချုပ်နိုင်ရေး ဝိုင်းဝန်းအရှိန်မြှင့် ဆောင်ရွက်လျက် ရှိသော်လည်း ပူပြင်းမှုနှင့် လေပြင်းတိုက်ခတ်မှုတို့ကြောင့် တောမီးကို မထိန်းချုပ်နိုင်သေးသည့်အပြင် တစ်နေရာနှင့် တစ်နေရာ လျင်မြန်စွာ ပျံ့နှံ့နေခြင်းကြောင့် တောမီးလောင်ကျွမ်းမှု အသစ်များလည်း ထပ်မံဖြစ်ပွားလာနိုင်ကြောင်း တာဝန်ရှိသူများက သတိပေးထားသည်။

Ref : Sputnik News
Trs : KZ

သစ်ပင်စိုက်ပါ တို့ကမ္ဘာ
သာယာလှပ စိမ်းမြမြ

# စစ်ကိုင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲစင်းငုံ ၁၂၈၃ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**စစ်ကိုင်း ဇွန် ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် စစ်ကိုင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲစင်းငုံ ၁၂၈၃ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

စစ်ကိုင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲစင်းငုံ ဧက ၁၉၇၉၀ စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် မေလပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၁၂၈၃ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ စစ်ကိုင်းမြို့နယ်မှာ ပဲစင်းငုံ ဧက ၁၉၀၀၀ ကျော် စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ဒီနေ့ထိ ၁၂၈၃ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ရေးအတွက် ဆောင်ရွက်ပေးနေပါတယ်။ ပဲစင်းငုံစိုက်ပျိုးရာမှာ အထွက်နှုန်းကောင်းမွန်ဖို့လဲ ဆောင်ရွက်ပေးပါတယ်။ ပဲစင်းငုံကို သီးသန့်စိုက်ပျိုးကြသလို သီးထပ်သီးညှပ်အနေနဲ့လဲ စိုက်ပျိုးကြပါတယ်"ဟု စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးသန့်အောင်က ပြောပြသည်။

စစ်ကိုင်းမြို့နယ်တွင် ပဲစင်းငုံ စိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနအနေဖြင့် မျိုးကောင်းမျိုးသန့် ရွေးချယ်စိုက်ပျိုးရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားအန္တရာယ်ကင်းရှင်းရေး၊ အထွက်နှုန်းကောင်းမွန်ရေး တို့ကို ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိပြီး တောင်သူများဓာတ်မြေဩဇာဝယ်ယူမှု သက်သာလျှော့ချနိုင်စေရန်အတွက် ယူရီးယားဓာတ်မြေဩဇာနှင့် လက်ချားဓာတ်မြေဩဇာ ပေါင်းစပ်သုံးစွဲသည့်နည်းပညာများ ဖြန့်ဝေပေးလျက်ရှိကြောင်း သိရသည်။

ပဲစင်းငုံကို အထွက်နှုန်းနှင့် အရည်အသွေး တိုးတက်ကောင်းမွန်အောင်စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်း စားသုံးမှုဖူလုံနိုင်မည့် အပြင်ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ပိုမိုဖွံ့ဖြိုး တိုးတက်လာမည်ဖြစ်ရာ ပဲစင်းငုံကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေးကြိုးပမ်းကြရမည်ဖြစ်ကြောင်း စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးသန့်အောင်က ပြောပြ၍ သိရသည်။

(၂၀၆)

# စဉ့်ကိုင်မြို့နယ်တွင် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အကြိုဟောပြောပွဲကျင်းပ

**စဉ့်ကိုင် ဇွန် ၂၃**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် စဉ့်ကိုင်မြို့နယ်တွင် ဇွန် ၂၆ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်(အကြို)အဖြစ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ အသိပညာပေး ဟောပြောပွဲ၊ နံရံကပ်စာစောင်ပြပွဲကို ဇွန် ၂၂ ရက်က မြို့နယ်လူထုအခြေပြုဗဟိုဌာန၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ အခြေခံပညာ အလယ်တန်းကျောင်း (တရုတ်စု) ကျောင်းအုပ်ဆရာမကြီး ဒေါ်နီနီက အဖွင့်အမှာစကား ပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်စန္ဒာအေးအောင်က ဟောပြောပွဲကျင်းပရခြင်း ရည်ရွယ်ချက်များကိုရှင်းလင်းကာ ကျောင်းသား၊ ကျောင်းသူများကို မူးယစ်ဆေးဝါး၏ ကျေးကျွန်များမဖြစ်အောင် နေထိုင်ရန်၊ မူးယစ်ဆေးဝါးကို စမ်းသပ်သုံးစွဲခြင်း မပြုလုပ်ကြရန်နှင့် မူးယစ်ဆေးဝါးသုံးစွဲသူများ၏ စိတ်ပိုင်းဆိုင်ရာနှင့် ရုပ်ပိုင်းဆိုင်ရာ လက္ခဏာများအကြောင်း၊ ဆိုးကျိုးများအကြောင်း စသည့်တို့ကို ဆွေးနွေး ဟောပြောခဲ့သည်။

ဆက်လက်၍ ပြိုင်ပွဲဝင် ကျောင်းသား၊ ကျောင်းသူ ၃၁ ဦးတို့က ကဗျာရွတ်ပြိုင်ပွဲနှင့် စာဖတ်စွမ်းရည်ပြိုင်ပွဲတို့တွင် အသီးသီး ဝင်ရောက် ယှဉ်ပြိုင်ခဲ့ကြပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ပြသထားသော အသိပညာပေးနံရံကပ်စာစောင်များနှင့် သုတ၊ ရသ စာအုပ်စာစောင်များကို ကျောင်းသား၊ ကျောင်းသူများက စိတ်ဝင်တစား လေ့လာကြည့်ရှုခဲ့ကြောင်း သိရသည်။

**ကျော်စွာ(စဉ့်ကိုင်)**










## အမည်ပြောင်း

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ REBC ကိုယ်ပိုင်အထက်တန်းကျောင်း၊ Grade-3 တွင် ပညာသင်ကြားနေသော (ဘ) ဦးထွန်းတင်အောင်၏သမီး မမြတ်မြတ်ထွန်းအား **မမေစုမြတ်** ဟု ပြောင်းလဲခေါ်ဆိုပါရန်။ **မမေစုမြတ်**

## အမည်ပြောင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ စိတ်ကူးသစ်ကိုယ်ပိုင်အထက်တန်းကျောင်း၊ Grade-4 တွင် ပညာသင်ကြားနေသော (ဘ) ဦးမျိုးထက်အောင်၏သား မောင်ကျော်ဖြိုးလွင်အား **မောင်ခန့်ရွှေဘုဏ်းထက်အောင်**ဟု ပြောင်းလဲခေါ်ဆိုပါရန်။ **မောင်ခန့်ရွှေဘုဏ်းထက်အောင်**

## အမည်ပြောင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ စိတ်ကူးသစ်ကိုယ်ပိုင်အထက်တန်းကျောင်း၊ Grade-1 တွင် ပညာသင်ကြားနေသော (ဘ) ဦးမျိုးထက်အောင်၏သား မောင်ဖွဲ့ဖြိုးလွင်အား **မောင်ဖွဲ့ရွှေဘုဏ်းထက်အောင်** ဟု ပြောင်းလဲခေါ်ဆိုပါရန်။ **မောင်ဖွဲ့ရွှေဘုဏ်းထက်အောင်**

## ဖခင်အမည်မှန်

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ အလင်းတန်း (ကပလ)၊ Grade-11 တွင် ပညာသင်ကြားနေသော မောင်နန်းထိုက်အောင်၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ **ဦးစိန်လှိုင်** ဖြစ်ပါကြောင်း။ **ဦးစိန်လှိုင်(၉/ခမစ(နိုင်)၁၂၄၀၄၁)**

## ပျောက်ဆုံးကြောင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်နေ မဇာခြည်ဝင်း (ဘ) ဦးစိန်ဝင်း(၁၃/နခတ(နိုင်)၀၇၉၇၁၁)၏ နိုင်ငံကူးလက်မှတ်အမှတ်(MJ-373385)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။**09-777754055**

## အမည်ပြောင်း

ပုသိမ်ကြီးမြို့နယ်၊ အောင်သရဖူခေတ် ကိုယ်ပိုင်အထက်တန်းကျောင်း(အုန်းချော)၊ Grade-12 တွင် ပညာသင်ကြားနေသော (ဘ) ဦးလှတိုး၏သမီး မမေဇွန်အား အိမ်ထောင်စုလူဦးရေစာရင်းအရ **မမြတ်သီရိ** ဟု ပြောင်းလဲခေါ်ဆိုပါရန်။ **မမြတ်သီရိ**

## ဖခင်အမည်မှန်

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အထက(၃၅)၊ Grade-6 တွင် ပညာသင်ကြားနေသော မအေးနှင်းဖြူ၏ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ **ဦးဇော်လေး** ဖြစ်ပါကြောင်း။ **ဦးဇော်လေး(၉/မထလ(နိုင်)၁၉၅၄၉၃)**

## ဖခင်အမည်မှန်

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ELC ကိုယ်ပိုင်အထက်တန်းကျောင်း၊ Grade-3(GREEN)မှ မဟေသာလင်းလက်၏ဖခင်အမည်မှန်မှာ နိုင်ငံသားစိစစ်ရေးကတ်အရ **ဦးအောင်ဝင်းသန့်** ဖြစ်ပါကြောင်း။ **ဦးအောင်ဝင်းသန့်(၉/မနတ(နိုင်)၀၉၉၇၃၉)**

## အမည်မှန်

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ အထက(၂၇)၊ Grade-12 တွင် ပညာသင်ကြားနေသော မဆုမြတ်မိုး၏အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ **မစုမြတ်မိုး** ဖြစ်ပါကြောင်း။ **မစုမြတ်မိုး**

## ပျောက်ဆုံးကြောင်း

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးမြို့၊ ရွှေတောင်ရပ်ကွက်၊ မင်္ဂလာရှေ့ဆောင်လမ်းနေ မအိန္ဒြေအောင် (ဘ) ဦးတင်ဦး(၁၃/တကန(နိုင်)၃၁၇၃၀၇)၏ နိုင်ငံကူးလက်မှတ်အမှတ်(MK-570961)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **09-442193625**

## ကန့်ကွက်လွှာခေါ်ယူခြင်းကြော်ငြာစာ

မြင်းခြံမြို့၊ အမှတ်(၁)တိုးချဲ့၊ ကွင်း/အကွက်အမှတ် B-၈၂ ရှိ မြေကွက်ပေါ်တွင် ဦးနေလင်းနိုင်(၉/မခန(နိုင်)၂၀၅၉၅၉)ကိုင်ဆောင်သူမှ အလျား ၂၂၀'၊ အမြင့် ၅'-၆" ရှိ ဝန်းခြံဆောက်လုပ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ယင်းအုတ်ဝန်းခြံဆောက်လုပ်ခွင့်နှင့်ပတ်သက် ၍ ကန့်ကွက်လွှာတင်သွင်းလိုပါက ဤကြော်ငြာစာပါသည့် ရက်မှစ၍ (၁၅) ရက်အတွင်း ခိုင်လုံသောအထောက်အထားများယူဆောင်လာ၍ မြင်းခြံမြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံး၏ တာဝန်ရှိသူထံသို့ လူကိုယ်တိုင်တွေ့ဆုံတင်ပြကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။ **မြင်းခြံမြို့နယ်စည်ပင်သာယာရေးအဖွဲ့**

## ဖခင်အမည်မှန်

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အထက(ခွဲ)လ(၁၈)၊ Grade-2 တွင် ပညာသင်ကြားနေသော မယွန်းဝတီအောင်၏ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ **ဦးစိန်လှိုင်** ဖြစ်ပါကြောင်း။ **ဦးစိန်လှိုင်(၉/ခမစ(နိုင်)၁၂၄၀၄၁)**

## ဖခင်အမည်မှန်

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ အထက(၂၇)၊ Grade-12 တွင် ပညာသင်ကြားနေသော မစုမြတ်မိုး၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ **ဦးထွန်းထွန်းနိုင်** ဖြစ်ပါကြောင်း။ **ဦးထွန်းထွန်းနိုင်(၁၂/ရပသ(နိုင်)၀၅၀၃၃၂)**

## ပျောက်ဆုံးကြောင်း

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ကွတ်ခိုင်မြို့၊ ရပ်ကွက်(၂)နေ ငြိမ်းလဲ့ဖြိုး (ဘ) ဦးအောင်လွင်(၁၃/ကခန(နိုင်)၁၂၉၂၃၆)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။**09-449728538**

## ပျောက်ဆုံးကြောင်း

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ကွတ်ခိုင်မြို့၊ ရပ်ကွက်(၄)နေ ရန်ယုံဖူး (ဘ) ဦးရန်ကျန်ရင်(၁၃/ကခန(နိုင်)၀၁၈၁၀၆)၏ နိုင်ငံကူးလက်မှတ်အမှတ်(MI-676749)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **09-444570008**

## ပျောက်ဆုံးကြောင်း

တာမိုးညင်းမြို့၊ ရပ်ကွက်(၈)နေ မတုန်ဆျိုဖျင့် (ဘ) ဦးလီပေါက်ကြို (၁၃/တမည(နိုင်)၀၀၅၅၂၇)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **09-765084403**

## ပျောက်ဆုံးကြောင်း

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ကွတ်ခိုင်မြို့နယ်၊ ရပ်ကွက်(၄)နေ စိုးစံ (ဘ) ဦးရန်ရုံဖူ (၁၃/ကခန(နိုင်)၁၃၇၂၁၀)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **09-402669481**

**သင့်သွေးဖြင့် အသက်ကယ်ပါ**



## နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ပြည်တွင်းမီဒီယာများ၏ တွေ့ဆုံမေးမြန်းမှုများ ပြန်လည်ဖြေကြား

စာမျက်နှာ - ၁၈

❖ နိုင်ငံတော်ရှေ့သီးဖို့
ကုန်ထုတ်လုပ်မှုအားပေးစို့။
❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့
ပညာရေးကို အားပေးစို့။
❖ နိုင်ငံတော်သာယာဖို့
သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

## ချင်းတွင်းမြစ်ရေ စိုးရိမ်ရေမှတ် ရောက်ရှိနိုင်

နေပြည်တော် ဇွန် ၂၃

ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် ဟုမ္မလင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် လေးပေခွဲကျော်တွင် ရောက်ရှိနေပြီး နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ဟုမ္မလင်းမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ကြိုတင်သတိပြုနိုင်ရန်နှင့် မြစ်ရေမြင့်တက်လာပါက အချိန်မီရှောင်ရှားနိုင်ရန် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှု ဦးစီးဌာနက သတိပေးနှိုးဆော်ထားကြောင်း သိရသည်။

## ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီးကျော်စွာလင်း ဘုတ်ပြင်းတပ်နယ်ရှိ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များကို တွေ့ဆုံအမှာစကားပြောကြား

နေပြည်တော် ဇွန် ၂၃

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီးကျော်စွာလင်းသည် ဇနီး ဒေါ်နန်းကူးကူး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ကျော်ဟန်နှင့် တာဝန်ရှိသူများလိုက်ပါ၍ ယနေ့မွန်းလွဲပိုင်းတွင် ဘုတ်ပြင်းတပ်နယ်ရှိ တပ်နယ်ခန်းမ၌ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များကို သွားရောက်တွေ့ဆုံအမှာစကားပြောကြားသည်။

ဦးစွာ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီးကျော်စွာလင်းက

စာမျက်နှာ ၂၁ ကော်လံ ၁ ☆




ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီးကျော်စွာလင်း တွေ့ဆုံပွဲအခမ်းအနားသို့ တက်ရောက်လာကြသည့် အရာရှိ၊ စစ်သည်၊ မိသားစုဝင်များကို ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်စဉ်။

## ကေဗွီ ၂၃၀ ရွှေစာရံပင်မဓာတ်အားခွဲရုံ၊ ရွှေစာရံ-အောင်ပင်လယ် ဓာတ်အားလိုင်း Switchbay ထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းများကို ဓာတ်အားပိတ်ဆောင်ရွက်မည်

နေပြည်တော် ဇွန် ၂၃

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်ဓာတ်အားစနစ်အတွင်း ဝန်အားမျှတတည်ငြိမ်စွာ စဉ်ဆက်မပြတ်ဓာတ်အားပို့လွှတ်ဖြန့်ဖြူးနိုင်ရန်အတွက် ပင်မဓာတ်အားခွဲရုံများရှိ Main ထရန်စဖော်မာများနှင့် Switchbay များ၊ ပို့လွှတ်ရေးနှင့် ဖြန့်ဖြူးရေးဓာတ်အားလိုင်းများကို အခါအားလျော်စွာထိန်းသိမ်းပြုပြင်ခြင်းနှင့် လိုအပ်ပါက အသစ်တိုးချဲ့တည်ဆောက်ခြင်း စသည့် လုပ်ငန်းများကို အားသွန်ခွန်စိုက်ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

ယခုအခါ ကေဗွီ ၂၃၀ ရွှေစာရံပင်မဓာတ်အားခွဲရုံနှင့် ဓာတ်အားလိုင်း Switchbay များကို ထိန်းသိမ်းပြုပြင်ရန်နှင့် ကေဗွီ ၂၃၀ အောင်ပင်လယ်ပင်မဓာတ်အားခွဲရုံနှင့် မြောက်ပြင်ပင်မဓာတ်အားခွဲရုံများမှ ဓာတ်အားဖြန့်ဖြူးထားသည့်

စာမျက်နှာ ၂၂ ကော်လံ ၄ ❖

## ကလေးမြို့နယ်တွင် ငွေကျပ်သိန်း ၈၈၀၀ တန်ဖိုးရှိ ဘိန်းဖြူများနှင့် လားရှိုးမြို့နယ်တွင် ငွေကျပ်သိန်း ၃၆၀ တန်ဖိုးရှိ စိတ်ကြွဆေးပြားများ ဖမ်းဆီးရမိ



ဒါးလ်ဆွင်းခွါလ် ခေါ် ခွါလ်ပီး၊ ရဲရင့်အောင်၊ မလဲင့်ဆွေဗုန် ခေါ် ဗွီးသဲတို့ကို ဖမ်းဆီးရမိ ဘိန်းဖြူများနှင့်အတူ တွေ့ရစဉ်။

နေပြည်တော် ဇွန် ၂၃

ကလေးမြို့နယ်တွင် ငွေကျပ်သိန်း ၈၈၀၀ တန်ဖိုးရှိ ဘိန်းဖြူများနှင့် လားရှိုးမြို့နယ်တွင် ငွေကျပ်သိန်း ၃၆၀ တန်ဖိုးရှိ စိတ်ကြွဆေးပြားများဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇွန် ၁၆ ရက် ညနေ ၄ နာရီတွင် သတင်းအရ ကလေးမြို့နယ် အေးသာယာကျေးရွာအနီးတွင် ကလေးမြို့ သဇင်ရပ်ကွက်နေ ဒါးလ်ဆွင်းခွါလ် ခေါ် ခွါလ်ပီး ၃၄ နှစ် မောင်းနှင်ပြီး မင်းကင်းမြို့နယ် မြို့မကျေးရွာနေ

စာမျက်နှာ ၂၂ ကော်လံ ၄ ●

**ရွှေကူကျိုလ်နယ်မြေအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် တရားမဝင် ခုနစ်ထပ် လူနေအဆောက်အအုံ တစ်လုံးကို စနစ်တကျ ထပ်မံဖောက်ခွဲဖြိုချဖျက်ဆီး၊ တရားမဝင်လူနေအဆောက်အအုံ ၆၃လုံး ဖြိုချဖျက်ဆီးပြီးဖြစ်**

စာမျက်နှာ - ၂၄